စစ်ကိုင်းတောင်ရိုး

မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးသည်

ဝေနေယျဗဟူ ဟိန္ဒုဂူတို့ မေးလျှောက်အပ်သော

(၈) ဈာနပုစ္ဆာအဖြေ နှင့် ဝိပဿနာအားထုတ်နည်း

တို့ကို

ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ

ထုတ်နုတ်ရေးသားအပ်သော

သဋ္ဌေတာဝိဗိဝိဿနာကျမ်း
နှင့်
အာရမ္ဘာဝိဗိဝိဿနာကျမ်း

[နှစ်ကျမ်းတွဲ]

ဇွဲ စာပုံနှိပ်တိုက်

သာသနာ ၂၅၂၃၊ ကောဇာ ၁၃၄၁၊ ခရစ် ၁၉၇၉၊

ပထမ အကြိမ်

၁၉၇၉-ခု၊ ဇွန်လ

အုပ်ရေ ၃၀၀၀

အဖုံးရိုက်- ဇွဲ

စမ္မာဒါန

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်မှတ် (၁၁၅၄၇)

ထုတ်ဝေသူ။ ။ဒေါက်တာဦးစောဘာဟိန်း (ကင်းလွတ်ခွင့်အမှတ် - ၀၄၉၁၂)
အမှတ်-၄၈၊ အာတီးယားလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးထွန်းရှိန်၊ (မြဲ-၀၂၁၃၈)၊ ဇွဲစာပုံနှိပ်တိုက်၊
အမှတ်-၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ဖုံး - ၇၇၂၂၀

သထုံမြို့ မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး (၁၂၃၀-၁၃၁၆) ၏ ပုံတော်။

ကျေးဇူးရှင် မူလမင်းကွန်း

ဇေတဝန် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

ဝိဇာတမင်္ဂလာနှင့် မိဘနှစ်ဖြာ ဇေယျပုရတိုင်း မြို့စစ်ကိုင်း၏ မြောက်ဘက် မြန်မာတာ ၅-တိုင် မိုင်အားဖြင့် ၁၀-မိုင်လောက် ဝေးကွာသော မင်းကွန်းအနောက်ဘက်**ကန်ကြီးကုန်းရွာ**တွင် သူတော်ဥစ္စာ ခုနစ်ဖြာနှင့် ပြည့်စုံစွာသော ခမည်းတော် **ဦးညို**-မယ်တော် **ဒေါ်ပိုင်**တို့၌ **မထွန်းဇံ, မောင်သာဗျော, မဝန်, မမကြီး** ဟူ၍ သားသမီး လေးယောက် ဖွားမြောက်လေရာ၊ ဗုဒ္ဓမတညူ အဋ္ဌကထာကျမ်းပြု မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ အလျောင်းအလျာ ဒုတိယ မြောက် သားရတနာ သတ္တိသားသူငယ် **မောင်သာဗျော** ကို ၁၂၃၀-ပြည့်နှစ် တပို့တွဲလဆန်း ၅-ရက် စနေနေ့ ညနေ ၆-နာရီအချိန် ကာရကလဂ်, ကုန်စန်း, မာဃနက္ခတ်နှင့် ယှဉ်၍ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

ဆရာတော်ထံ ကျောင်းအပ်နှံ မိဘနှစ်ထွေ ဖြစ်ကြပေသော ခမည်းတော် ဦးညိုနှင့် မယ်တော် ဒေါ်ပိုင်တို့သည် ရင်သွေးရတနာ နှစ်ဖြာ မျက်ရှု သမုခက်ညှာ ပါရမီထူပြော သားသူငယ် မောင်သာဗျော ၈-နှစ်သား အရွယ်သို့ ရောက်လတ်သော် ကျောက်ပန်ရွာ, ကန်ကြီးကုန်းရွာတို့၏ အလယ်ကြား၌ တည်ရှိသော **စောကဲကျောင်း ဆရာတော်** ထံတွင် ပညာသင်ရန် အပ်နှံကြလေသည်၊ ဆရာတော်သည် မောင်သာဗျောအား ကျောင်းသားသူငယ်တို့ တတ်သင့် တတ်ထိုက်သော စာပေပညာများကို သင်ကြားပေးလေရာ ၄-နှစ်အတွင်း သင်ပုန်းကြီး,

မင်္ဂလသုတ်, နမက္ကာရ, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်း, ရတနာရွှေချိုင့်, လောကနီတိ, ပရိတ်ကြီး, သဒ္ဒါရှစ်စောင်တို့ကို အာဂုံနှုတ်တက်ရွရွမိမိ ရရှိခဲ့လေ၏။

သာသနာ့အမွေခံယူစေ မူလ မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီး အခလောင်းအလျာ မောင်သာဗျော ၁၄-နှစ်သား အရွယ် ရောက်ရှိလတ်သော် နှစ်ဖြာမိဘ တိုင်ပင်ကြလျက် ပစ္စယ, ဓမ္မ နှစ်ဝအမွေ ခံယူစေရန် စိတ်ရည်သန်၍ ရှစ်ဖြာပရိက္ခရာ စုံလင်စွာဖြင့် စောကဲကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီးလျှင် ဗုဒ္ဓချစ်မြေး ရွှေဝါသွေးနှင့် **ရှင်နာရဒ**-ဟု ဘွဲ့မည်ပေးလျက် သာမဏေ အဖြစ်သို့ ရောက်အောင် ချီးမြှောက်တော်မူကြလေသည်။

ကိုရင်နာရဒ သာမဏေဘဝ ရောက်ပြီးသောအခါ လိင်,ဒဏ်,သေခိယ, ခန္ဓကဝတ်, ဒွေမာတိကာ, ဝိနည်း ငါးကျမ်း ပါဠိတော်များကို ၄-နှစ်အတွင်း ဆုံးခန်းတိုင်ရောက် တတ်မြောက်ခဲ့လေ၏။

မရှေးမနှောင်း ဘဝပြောင်း စောကဲကျောင်း ဆရာတော် ဘုရားသည် ကိုရင်နာရဒအား သာသနာနောင်ရေး မြော်တွေးလျက် ပိဋကစာဝါများကို တဝါပြီးတဝါ ပို့ချပေးသည်များကို ရှင်နာရဒကလည်း ကြိုးစားသင်ယူလျက် ရှိနေကြပေသော အချိန်၌ သတ္တာမှန်သမျှ ကံစီမံရာ ခံကြရသည့် အလျောက် ကိုရင့်ဒကာကြီး ဦးညိုသည် "ဘိဇ္ဇနဓမ္မော ဘိဇ္ဇတိ၊ နဿနဓမ္မော နဿတိ= ကွဲတတ်သော သဘောသည် ကွဲ၏၊ ပျက်စီးတတ်သော သဘောသည် ပျက်စီး၏"ဟု လာရှိသည့်အတိုင်း ဇနီးမယား သမီးသားနှင့် စီးပွားဥစ္စာတို့ကို မျက်နှာလွှဲလျက် မငဲ့ကွက်ပဲ သေဘက်သို့ ပါသွားရရှာလေသည်။

ထိုအခါ ရှင်နာရဒအား ဝိပ္ပယောဂဒုက္ခဖြင့် သောကပူမီး ထုထည်ကြီးပြီး ညီးညီးထိန်ထိန် တောက်လောက်၍ အရှိန်မပြေသေးမီ အချိန်မကြာ ခုနစ်လလောက် အကွာ၌ မယ်တော် ဒေါ်ပိုင်မှာလည်း ခမည်း

တော်ကြီးနည်းတူ မည်သူမျှ တားမရ သွားရမြဲမမှတာ မရှောင်သာသော မရဏသဘောသို့ ရွှေ့ပြောင်းသွားရပြန်ပါသည်။

လူဝတ်လဲကာ ပြန်ခဲ့ရှာ ကိုရင် နာရဒသည် ၁၇-နှစ်သားအရွယ် လောက်၌ မိခင်ဘခင် ကျေးဇူးရှင်များ ပစ်ခွါသွားသဖြင့် အမကြီးနှင့် နှမငယ်များအတွက် ရတက်မအေးဖြစ်ခါ ဆရာတော်အား အကျိုးအကြောင်း လျှောက်ထားလျက် လူဝတ်လဲခါ ပြန်ခဲ့ရှာလေသည်။

မမြှော်လင့်သော အဖြစ်မျိုးနှင့် ရင်ဆိုင် တိုးရသော ရှင်လူထွက် မောင်သာဗျောသည် လောကဝတ္တရား အလျောက် အမ နှမများကို စောင့်ရှောက် နေထိုင်ကာ အဖြာဖြာသော လူမှုရေးရာများကိုလည်း ဆောင်ရွက်ရလေသည်။

ရှေးပါရမီ နှိုးဆော်ပြီ လူဝတ်လဲကာ နေရရှာသော မောင်သာဗျောအား ရှေးပါရမီ အလီလီတို့ စုံညီပြည့်ဖြိုး နေ့စဉ် နှိုးလျက်ရှိရာ လောကီဖွဲ့နှောင် လူဝတ်ကြောင်ကို ခွါရှောင်မနှေး ရဟန်းတော် ဖြစ်ရေးကို အစဉ်တွေးနေသော မောင်သာဗျောသည် ကန်ကြီးကုန်းရွာ၏ အရှေ့တောင် **မန်ကျီးစု တောရကျောင်း**၌ သီတင်းသုံးလျက်ရှိသော နောင်တော်ဝမ်းကွဲ **ဆရာတော် ဦးလက္ခဏ**ထံ သွားကာ ရဟန်းပြုရန် လျှောက်ထားပြီး ရှင်သာမဏေ ပြုလေသည်။

နောင်တော် ဦးလက္ခဏသည်လည်း ဝမ်းသာအားရ ရှင်နာရဒ၏ နိက္ခမ္မဉာဏ် စိတ်အစဉ်ကို အလျင်မနှေး အကူအညီပေးရန် စီမံဆောင်ရွက်၍ ဒေါပိုင်၏ ညီမဝမ်းကွဲတော်သူ ကျောက်ပန်းရွာမှ **ဦးပေါစ-ဒေါ်အံစာ**တို့က သာသနာ့အမွေခံ ရဟန်းဒါယကာ ပြုလုပ်၍ ဆရာတော် ဦးလက္ခဏကို ဥပဇ္ဈာယ်ဆရာ ပြုလုပ်ပြီး ဝတ္ထု, ဉတ်, ကမ်, သိမ်, ပရိသတ် ငါးရပ်အင်္ဂါ ပြည့်စုံစွာဖြင့် ၁၂၄၉-ခုနှစ်၌ ရှင်နာဒရသည် ရဟန်းပဉ္စင်းအဖြစ်သို့ ကောင်းမွန်စွာ ရောက်ရှိခဲ့လေသည်။

ဆရာသီးသီးနည်းစုံမှီး၍ ပိဋကကျမ်းစာသင်ယူရှာ ရှေးပါရမီ စုံညီပြည့်ဝ ရဟန်းတော် ဦးနာရဒ သည် ရဟန်းဖြစ်ချိန်မှ စ၍ ပိဋကကျမ်းစာ အဖြာဖြာတို့ကို မန်ကျီးစုတောရ ဆရာတော် ဦးလက္ခဏ ထံမှရင်း, မင်းကွန်း ဦးပုကြီ တောင်ခေါ် တောင်ပေါ်ကြီး ကျောင်းတိုက် ၃-ဂိုဏ်းချုပ် ဆရာတော် ဦးရာဇိန္ဒ ထံမှရင်း၊ မန္တလေးမြို့ မိုးကောင်းတိုက် ဆရာတော်, ဒက္ခိဏဝန် ဆရာတော်, မြတောင်တိုက် ဆရာတော်, စံကျောင်း ဆရာတော်များနှင့် အခြား တံဆိပ်တော် ရ·မရသော ဆရာတော်များထံမှရင်း, ရွှေတောင်မြို့ ဝေဠုဝန် ဆရာတော် ဘုရားကြီး ထံမှရင်း ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ ကျမ်းများစွာတို့ကို အာစရိယ မုဋ္ဌိ လက်ဆုပ် ရရှိအောင် မပင်မပန်း ရှင်လန်းလွယ်ကူ သင်ယူတော်မူပြီးလျှင် တပည့်အများ စာသင်သားတို့အားလည်း စာဝါများ ပို့ချတော်မူလေသည်။

ဦးနာရဒ၏ ဘဝဖန်ခါသံသရာ ဦးနာရဒသည် **တောင် ပေါ်ကြီး ကျောင်းတိုက် ဆရာတော်ဦးရာဇိန္ဒထံတွင်** ပိဋကကျမ်းစာများကို ပို့ချလျက် နေ့ရက်မကွာ ဆောင်ရွက်နေစဉ် အတိတ်ကံဟောင်း အကြောင်းဖန်ခါ လူဝတ်ကြောင် ဘဝသို့ ကူးပြောင်းရန် ကြံစည်သည်ကို ဆရာသမား သက်ဆိုင်သူများသိ၍ နည်းအမျိုးမျိုး ပြ၍ ဟောကြ ပြောကြ နားချကြပါသော်လည်း နားပါးမဝင်ပဲ မိမိ၏ ဆုံးဖြတ်ချက်ကို မူတည်ပြီး ရဟန်းဘဝမှ လူပြန်တော်ဘဝသို့ ကူးပြောင်း ခါ အမ နှမများ အိမ်သို့ ပြန်လည်ရောက်ရှိခဲ့လေသည်။

ဦးသာဗျောသည် လောကရေးရာ အဖြာဖြာတွင် ကောင်းမွန်စွာ နားလည်မှု မရှိလှသော်လည်း အမကြီးနှင့် နှမများ စောင့်ရှောက်လျက် ကုန်သည်လိုတမျိုး လယ်ယာနှင့်တဖုံ ကြုံသလို လုပ်ကိုင်လာခဲ့ရာ တနှစ် ကျော်ကြာခဲ့သော် ရဟန်းမူရာသွင်ပြင်ကလည်း အလျဉ်းမကုန်သေးသော ဦးသာဗျောအား ရှေးရှေးပါရမီ စုံညီပြည့်ဖြိုး ဆော်ဖန်နိုးသည့်က တကြောင်း၊ မင်းကွန်းအလယ်တောရ **ဦးမဥ္ဇူသာရ**က ရဟန်းဘောင်သို့ ပြန်လည်ဝင်ရောက်ရန် တိုက်တွန်းသဖြင့် သဘောကျ စိတ်ပြောင်းသည်က တဖုံကြောင့် တောင်ပေါ်ကြီး **ဆရာတော် ဦးရာဇိန္ဒထံမှပင်** သာမဏေ

ဝတ်လျက် ထိုဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ တဖန် ကောင်းမွန်စွာ ရောက်ရှိခဲ့လေသည်။

ရဟန်းတော်ဦးနာရဒသည် ဆရာတော်ဦးရာဇိန္ဒထံတွင် ပေါက်ရောက် ပြီးသော စာများကို ပြန်လည် လေ့လာလျက်ရှိစဉ် လက်ပံတန်းမြို့မှ **ဦးဂန္ဓမာက** စာချပင့်သဖြင့် တပည့်များစွာအား စာဝါများ ပို့ချခဲ့ရာ တဝါမျှ အကြာ၌ သပ္ပါယ မများတသဖြင့် မင်းကွန်း အလယ်တောရ ဆရာတော်ဘုရားထံ ခွင့်ပန်၍ နေထိုင်ခဲ့လေသည်။

တောရပ်သို့ခွါ ကောစာ တနေ့သော် အလယ်တောရ ဆရာတော် ဘုရားကြီးက ရဟန်းတော် ဦးနာရဒအား "ယခုကဲ့သို့ စာပေများ ရွတ်အံသရဇ္ဈာယ်နေခြင်းသည် အဘယ်အကျိုးကို မြော် ကိုး၍ ရွတ်အံ့ပါသနည်း"ဟု မေးမြန်းလေသော် ဦးနာရဒက "နိဗ္ဗာန် မြတ်ကို လိုချင်လို့ပါဘုရား"ဟု လျှောက်ထားလေလျှင် ဆရာတော်ကြီးက နိဗ္ဗာန်ကို လိုချင်လျှင် "ဘူတံ ဘူတတော ပဿတိ=ရုပ်ဓာတ်, နာမ်ဓာတ်, **ပရမတ်**တို့၏ ဓမ္မသဘာဝကို အရှိ-အရှိအတိုင်း အမှန် အမှန်အတိုင်း သိမြင်လျှင် ရနိုင်ကြောင်း" မိန့်တော်မူ၏။

ဦးနာရဒသည် ထိုကဲ့သို့သော အမိန့်တော်သံကို နာခံရလေလျှင် ဆရာတော် ဘုရားကြီးအား ခွင့်ပန်လျက် တပါးတည်း ကောစာ ကျင့် သုံးရန် သက်တော် ၃၇-နှစ် အရွယ်တွင် ယခုအခါ အလယ်တောရ အနောက်တိုက်ဟု ခေါ်တွင်လျက်ရှိသော နေရာ၌ တပါးနေ ကမ္မဋ္ဌာန်း ကျောင်းငယ်ကို ဖန်တီးလျက် ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ် တော်မူ၏၊ ထိုမှတဖန် ထိုထက်ဆိတ်ငြိမ်သော **သမုံးချပ်ချောင်**၌ သုံးနှစ် တာအကြာ တရားအားထုတ်လေရာ ဝိပဿနာဉာဏ် စွမ်းအားသန်၍ အမှန်ဒိဋ္ဌ သဘာဝတို့၌ ကိုယ်တိုင် ဉာဏ်ရောက် မဂ်ပေါက် ဖိုလ်ဝင် သိမြင်နိုင်သည်ဟု ပိုင်းခြားသတ်မှတ်တော်မူလေသည်။

အမြို့မြို့ အရွာရွာ ပဋိပတ္တိသာသနာပြုပေရှာ မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီး သည် မိမိရပ်ရွာ, မင်းကွန်း ဂူကလေးချောင်, လက်ပံတန်း, မြို့လှ ထိုမှတဆင့် ၁၂၇၅-နှစ် သထုံရောက်၍ ၁၂၇၆-ခုနှစ်တွင် **ဇေတဝန်ကျောင်းတိုက်ကြီး**ကို အလှူခံ

ကာ တရားဌာန ဖွင့်လှစ်လျက် အမြို့မြို့ အနယ်နယ်မှ ရောက်လာကြသော ရဟန်းယောဂီ, လူယောဂီများကို ၄၅-နှစ်တိုင်တိုင်ပတ်လုံး တရားပြတော်မူသည်။

အငြိမ်းဓာတ်မှန် ကြွဝင်စံ မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးသည် ၄၅-ဝါ ကာလပတ်လုံး သာသနာ့ အလင်းရောင် ထွန်းပြောင်စေပြီးနောက် ခန္ဓာ ဇာတိ လက်ကိုင် ရှိကြသော သတ္တဝါမှန်သမျှ ဘုရားသော်မှ မလွန်ဆန်နိုင်သော သေခြင်း တရားကို ဆရာတော် ဘုရားကြီးသည် သက်တော် ၈၅-နှစ် ၁၃၁၆-ခု တပေါင်းလဆုတ် ၁၀-ရက် သောကြာနေ့ နေ့လည် ၁၂-နာရီ အချိန်တွင် သဉပါဒိသေသ ဓာတ်သဘောမှ အနုပါဒိသေသ အငြိမ်းဓာတ်နိဗ္ဗာန်သို့ ဝင်စံကြွမြန်းတော်မူလေသည်။

သာဓုကီဠနပွဲ ဆင်ယင်နွှဲ ဆရာတော် ဘုရားကြီး၏ အလောင်းတော် မြတ်သည် တနေ့တမျိုး မပုပ်သိုးပဲ အရောင်တော် အမျိုးမျိုး ဖြစ်ပေါ်ခဲ့ရာ အများဆန္ဒအရ တန်ခူးလပြည့်နေ့၌ နောက်ဆုံးပူဇော်ပွဲ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပရန် ဆုံးဖြတ်ကြ လေသည်။ ၁၃-ရက်နေ့ နေ့လယ် တနာရီ ၂၅-မိနစ်အချိန်၌ ၅ ပေခန့် ရှည်သော မြွေကြီးတကောင်သည် လူကြားထဲမှတိုးဝှေ့ကာ အလောင်း မြတ်ကိန်းဝပ်ရာ သလွန်တော်ပေါ်သို့ တက်ရောက်ခါ ပူဇော်လေသည်။ ၁၅-ရက်နေ့ ၂-နာရီအချိန် မီးသင်္ဂြိုဟ်ရန် အချိန်ရောက်သည့်အခါ သင်္ဂြိုဟ်ရန် ပြင်ဆင်ကြလေသည်။ ထိုအခါ ပရိသတ်ကြီးက မီးမသင်္ဂြိုဟ် ရန် အရေးဆိုကြသဖြင့် စံကျောင်းတော်သို့ ပြန်လည် ပင့်ဆောင်သွား လေသည်။

သာသနာတော်တွင် မီးမသင်္ဂြိုဟ်ပဲထားရိုးလည်းမရှိ၊ ဗုဒ္ဓရှင်တော်နှင့် သာဝကများ၏ လမ်းစဉ်အရ ကဆုန်လဆန်း ၈-ရက် နံနက် ၇-နာရီ တွင် နံ့သာထင်းပုံထက်သို့တင်ကာ သင်္ဂြိုဟ်ကြလေသည်။

ဓာတုစေတီ တည်ပြန်သည် မူလ မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို အရပ်ရပ်မှ ရောက်လာကြသော တပည့်ကြီးငယ် အသွယ်သွယ်တို့ ဖူးမြော်ပူဇော်ပြီး

မီးသင်္ဂြိုဟ်ကြရာ ရုပ်ကလာပ်တော်မှ ကြွင်းသော သရီရ ဓာတ်တော်များကို အသီးသီးပင့်ယူ ပူဇော်ကြရာတွင် သထုံမြို့ ဇေတဝန် ကျောင်းတိုက် မီးသင်္ဂြိုဟ်ရာဌာန၌ ဓာတ်တော် ဆူရေ တထောင်ကျော်နှင့် တကွ သပိတ်, သင်္ကန်း စသော ပရိဘောဂတော်များကို ဌာပနာ၍ ၁၃၁၇-ခုနှစ်တွင် ''မူလ မင်းကွန်း ဓာတုစေတီ''တော်ကို တည်ထားကိုးကွယ်ပြီး ဖြစ်ကြလေသည်။

မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး ရေးသားခဲ့သော ကျမ်းများ

၁။ ပေဋကောပဒေသ အဋ္ဌကထာပါဠိ
၂။ ဝင်း အဋ္ဌကထာ နိဿျ ပထမတွဲ
၃။ 〃 ဒုတိယတွဲ
၄။ 〃 တတိယတွဲ
၅။ သဒ္ဓေတာဝိဓိဝိသဇ္ဇနာ
၆။ အာရမ္မဏဝိဓိဝိသဇ္ဇနာ
၇။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဿျသစ်
၈။ တောလေးဆယ်အဖွင့်
၉။ မိလိန္ဒပဉ္ဟာ အဋ္ဌကထာပါဠိ
၁၀။ နိဗ္ဗာနကထာ (စကားပြေ)
၁၁။ နိဗ္ဗာန်လမ်းညွှန် ဒေသနာ
၁၂။ နိဗ္ဗာနစာတန်း
၁၃။ သတိပဋ္ဌာနစာတန်း
၁၄။ သတိပစ္စယေခေါ် ဝိနိစ္ဆယသမူဟ
၁၅။ ကထိနဝိနိစ္ဆယ (စကားပြေ)
၁၆။ ကထိန်နိဿျ
၁၇။ ဖလသမာပတ်
၁၈။ မဟာသဋ္ဌာယတနသုတ် နိဿျ
၁၉။ မူလပရိယာယသုတ် နိဿျ

၂၀။ ပါဒ ါပါဒရဟာဝိနိစ္ဆယ

၂၁။ ပဋ္ဌိညာတကရဏဝိနိစ္ဆယ

၂၂။ သိမ်ခဏ်း

၂၃။ ဝိပဿနာဉာဏ်စဉ် ကျမ်းကြီး

၂၄။ အနုသယဆိုင်ရာ

၂၅။ အတိရိတ်ပြုပုံ အသုံးအဖြတ်

ဤအထက်ပါ ကျမ်းများကို သာသနာတော်အကျိုး မြှော်ကိုးလျက် ရေးသားတော် မူခဲ့ပေသည်။

ဆရာတော်ကြီးထံ နိသျှည်းခံ
တပည့်ကြီးများ

၁။ ဆရာတော် ဦးကေလာသ- ဆံတော်တွင်း ကျောင်းတိုက်၊ ပဲခူး။

၂။ ဆရာတော် ဦးဝိသုဒ္ဓ- ရန်ကုန် မင်းကွန်းဌာနနှင့် အင်းစိန် မင်းကွန်းဌာန။

၃။ မဟာစည် ဆရာတော် ဦးသောဘန-သာသနာ့ရိပ်သာ ရန်ကုန်။

၄။ ရွှေဂူဆရာတော် ဦးဝဏ္ဏ-သာသနာ့ရိပ်သာ သထုံ။

၅။ တောင်ပုလု ဆရာတော် ဦးနန္ဒိယ (တောင်ပုလု ကမ္ဘာစေတီ ဆရာတော်) မိတ္ထီလာ။

၆။ ဆရာတော် ဦးနရိန္ဒ- ခံတော ချောင်းဦးမြို့။

၇။ ဆရာတော် ဦးပဏ္ဍိတ- ကမ်းရင်တောရ မြစ်ကျွေ့မြို့ (မကွေး)။

၈။ ဆရာတော် ဦးဇောတိက- ကျီးတော တောင်ငူမြို့။

၉။ ဆရာတော် ဦးသုန္ဒရ- ရွှေပြေသာရိပ်သာ ပျော်ဘွယ်မြို့။

၁၀။ ဆရာတော် ဦးပဏ္ဍဝ-မြို့ပေါက်ဝ သတိပဋ္ဌာန်တိုက် မော်လမြိုင်။

၁၁။ ဆရာတော် အရှင်တိက္ခာစာရ- မင်းကွန်းဇေတဝန် သထုံမြို့။

လူဒါယကာ တပည့်ကြီးများ

၁။ ဦးစံဒွန်း- ဗိုလ်တဲကုန်း ကမ္မဌာန်းတိုက် မြို့လှမြို့။
၂။ ဦးချစ်အောင် (လူပုံ့တော်) ပျော်ဘွယ်မြို့။
၃။ ဦးထွန်း ။ မြို့လှမြို့။
၄။ ဦးမြတ်ကျော် ။ ကမာရွတ် ရန်ကုန်မြို့။

သီလရှင် ဆရာကြီး

၁။ ဒေါ်ကုသလ- မော်လမြိုင်မြို့။

ထေရုပ္ပတ္တိအကျဉ်း ပြီး၏။

နိဒါန်း

သုဒုဒ္ဒသ သုနိပုဏ သဏှ သုခုမ သာတ္တ သဗျဉ္ဇန အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာနကလျာဏ စသည်ဥဿုံ ခြောက်ပါးသော ဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်မြတ်၏ အန္တောဂဓ ဓမ္မအစစ် ဖြစ်တော်မူသဖြင့် ပါရမီဉာဏ် မရင့်သန် အခံနည်းပါး ပုထုဇန်လူသာမန် တို့ ဝေဘန်ခက်ခဲ နက်နဲသိမ်မွေ့သော (၇) ဌာနပုစ္ဆာ ပြဿနာကို ဦးစွာမဆွ ပဌမက ဂမ္ဘီရဉာဏ် ထက်သန်စူးရှ ပေါက်လှစွယ်စုံ ပရိယတ် ပဋိပတ် နှစ်ရပ်သောဂုဏ်နှင့် ပြည့်စုံတော်မူ၍ တဆူနေလ ထွန်းတောက် ပသို့ မြမ္မာ့ခရိုင် ပျံ့လှိုင်ကျော်ကြားသော **"လယ်တီဆရာတော်ဘုရား"** ထံ ဖြေကြားတော်မူရန် လျှောက်တောင်းပန်ရာ (၇)ဌာနပုစ္ဆာ မေးလျှောက် လာသူ ဒါယကာ၏စရိုက် မနှစ်ခြိုက်၍ ဖြေထိုက်ဖြေခွင့် သင့်ပင်သင့် သော်လည်း များဖြင့်ကျေးဇူး မပွားလူးမည့်အရေး မြော်တွေး သိမြင် တော်မူသဖြင့် ဖြေဆိုခွင့်မပြုပဲ နေတော်မူလေ၏။

ထိုမှတရပ် ပရိယတ္တိ ဝိသာရဒ ပဋိပတ္တိ သမာစာရ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယကုက္ကုစ္စက ဓမ္မမာမက ကလျာဏစာရီ မနာပဝါဒီ ဝိပဿကယောဂီ စသည်ပြည့်လျှောင်း ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော မင်းကွန်း ဂူကလေးချောင် **"ဇေတဝန်ဆရာတော်ဘုရား"** သည် သထုံ မော်လမြိုင် ပဲခူးစသော ထိုထိုမြို့ရွာဒေသ ဒါယကာ-ဒါယိကာမ အပေါင်းတို့က ညွှတ်ပြောင်းခယ ပင့်လျှောက်ကြသဖြင့် အမြို့မြို့ အရွာရွာ ဒေသစာရီ လှည့်လည်ကွန်းထောက် ဆိုက်ရောက်ရာရာ မြို့ရပ်ရွာမှ ဆည်းကပ်လာကြသော ဒါယကာ ဒါယိကာမ များလှသောင်းသောင်း ပရိ

သတ်အပေါင်းတို့အား သံသရာညွှတ် ဒုက္ခဝဋ်မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း ကောင်းမြတ်သောဓမ္မ အဝဝတို့ကို ပြသညွှန်ကြား ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူလေသလည်း။

ဤသို့မယုတ် အနုတ္တရ သမ္ဗုဒ္ဓ၏ နယလေးနက် ဓမ္မစက်ကို ပြက်ပြက်ထင်ထင် သိမြင်နိုင်ကြစေရန် ဝေဘန်ခွဲခြား ဟောကြားပြသ ဓမ္မသြဇာ ရသာအမြိုက် ကျွေးတိုက်လှည့်လည်ရာ သထုံမြို့သို့ ရောက်သောအခါ (၇) ဌာနပုစ္ဆာ ယင်းပြဿနာကို 'ဇေတဝန်ဆရာတော်ဘုရား' ထံသို့ မေးလျှောက်လာပြန်ရာ ဆရာတော်ဘုရားက အမေးရှိက အဖြေရှိမြဲ ဖြစ်သည်နှင့် အညီ ယင်းသည့် ပုစ္ဆာ ပြဿနာ (၇) ချက်ကို အနက်အဓိပ္ပါယ် မကွယ် မငုတ် မတိမ်မြုပ်ရအောင် အကြိမ်ကြိမ် အထပ်ထပ် ပိဋကတ်ကျမ်းဂန် အတန်တန်တို့မှ ရှာကြံဖွေနှုတ်၍ ရေးထုတ် ဖြေဆိုတော်မူအပ်သော **သဇ္ဇေတာဝိဓိဝိဿဇ္ဇနာ** ဤကျမ်းစာသည် သက္ကရာဇ်-၁၂၇၁-ခု၊ တပေါင်းလဆန်း (၆)ရက်နေ့တွင် ပြီးဆုံး အောင်မြင်ခြင်းသို့ ရောက်လေသတည်း။

သဇ္ဇေတာယ ပုစ္ဆာယ ဝိဓိ ဝိဿဇ္ဇီယတိ တောယာတိ သဇ္ဇေတာ ဝိဓိ ဝိဿဇ္ဇနာ။ တောယ ကထာယ၊ ဤစကားဖြင့်။ သဇ္ဇေတာယ၊ ဖြေဆိုအပ်သော။ ပုစ္ဆာယ၊ ပုစ္ဆာ၏။ ဝိဓိ၊ အစီအရင်ကို။ ဝိဿဇ္ဇီယတိ၊ ဖြေဆိုအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ကထာ၊ ထိုစကားသည်။ သဇ္ဇေတာဝိဓိဝိဿဇ္ဇနာ၊ သဇ္ဇေတာဝိဓိဝိဿဇ္ဇနာမည်၏။ ဤသို့ ဝစနတ်ဝိဂ္ဂိုဟ် ဆိုအပ်သော ပဋ္ဌမကဏ္ဍ.... "သဇ္ဇေတာဝိဓိဝိဿဇ္ဇနာ" ကျမ်း၌ မေးအပ်သော(၇)ဌာနပုစ္ဆာတို့တွင် ၂-ဌာန်မြောက် ဤတရားတို့၌ အဘယ်တရားကို ရှေးဦးစွာ အားထုတ်၍ သိမြင်နိုင်ပါသနည်းဟူသော အမေးပုစ္ဆာကို ဖြေဆိုရာ၌ နောက်နောက်ကိုထောက်၍ ရှေးဦးစွာ ရှေးဦးစွာ အားထုတ်အပ်သော တရားကား-ဒါနမယ,သီလမယ,သုတမယ,စိန္တာမယ, ဘာဝနာမယအားဖြင့် ၅-ပါး။ ထို၅-ပါးတို့တွင် ဘာဝနာမယသည်လည်း သမထဘာဝနာ, ဝိပဿနာဘာဝနာ အားဖြင့် ၂-ပါး။ ထိုနှစ်ပါးတို့တွင် သမထဘာဝနာသည်လည်း ဥပစာရ သမာဓိဘာဝနာ, အပ္ပနာသမာဓိ ဘာဝနာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင် ဥပစာရသမာဓိဘာဝနာ

သည်လည်း ကမ္မဋ္ဌာန်းအားဖြင့် ၁၀-ပါး၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်၊ ဤသို့ ကမ္မဋ္ဌာန်းအားဖြင့် ၁၀-ပါး။

* အပ္ပနာသမာဓိဘာဝနာသည်လည်း ကမ္မဋ္ဌာန်းအားဖြင့် ၃၀၊ ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, နီလ ကသိုဏ်း, ပီတ ကသိုဏ်း, လောဟိတ ကသိုဏ်း, ဩဒါတကသိုဏ်း, အာလောက ကသိုဏ်း, အာကာသ ကသိုဏ်း ၁၀-ပါး၊ * ဥဒ္ဓုမာတက အသုဘ, ဝိနီလက အသုဘ, ဝိပုဗ္ဗက အသုဘ၊ ဝိစ္ဆိဒ္ဒက အသုဘ, ဝိက္ခာယိတက အသုဘ, ဝိက္ခိတ္တက အသုဘ, ဟတဝိက္ခိတ္တက အသုဘ, လောဟိတက အသုဘ, ပုဠုဝက အသုဘ, အဋ္ဌိကအသုဘ, ၁၀-ပါး၊ * ကာယဂတာသတိ, အာနာပါနဿတိ ၂-ပါး။ * မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ၄-ပါး၊ * အာကာသာနဉ္စာယတနအရူပ, ဝိညာဏဉ္စာယတန အရူပ, အာကိဉ္စညာယတနအရူပ, နေဝသညာနာသညာယတန အရူပ ၄-ပါး၊ ဤသို့ ကမ္မဋ္ဌာန်းအားဖြင့် ၃၀။

အပ္ပနာ သမာဓိဘာဝနာ၏ အာနိသင် အဘိညာဉ် အားဖြင့် ၆-ပါး၊ ဣဒ္ဓိဝိဓ အဘိညာဉ်, ဒိဗ္ဗသောတ အဘိညာဉ်, စေတောပရိယ အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်, ဒိဗ္ဗစက္ခု အဘိညာဉ်, ယထာကမ္မုပဂ အဘိညာဉ်၊ ဤသို့ အဘိညာဉ်အားဖြင့် ၆-ပါး၊ ဤသို့ ဥပစာရသမာဓိဘာဝနာ, အပ္ပနာသမာဓိဘာဝနာ, အဘိညာဉ် ၆-ပါး တရားနှင့် ပြည့်စုံသော သမထ ဘာဝနာကို အကျဉ်းအားဖြင့် ဖြေဆိုအပ်ပြီ။

* ဝိပဿနာ ဘာဝနာသည်လည်း အားထုတ်သော ဝိပဿနာဉာဏ် အားဖြင့် ၁၃ ပါး၊ ဝိပဿနာဉာဏ်ဖြင့် ရောက်သော ဉာဏ် ၃-ပါး၊ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, ဤသို့ အားထုတ်အပ်သော ဝိပဿနာဉာဏ်အားဖြင့် ၁၃-ပါး၊ * မဂ်ဉာဏ်,

ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, ဝိပဿနာ ဉာဏ်ဖြင့် ရောက်အပ်သော ဉာဏ် ၃-ပါး၊ ဤ ၁၆-ပါးသောဉာဏ်ကို အကျဉ်းအားဖြင့် ဖြေဆို အပ်ပြီ။ အကျဉ်းအားဖြင့် ဖြေဆိုအပ်သော ဝိပဿနာဘာဝနာနည်းသည် ကြည့်ရှုရုံမျှ သိခြင်းငှါမလွယ်။ အားထုတ်ခြင်းငှါ လွယ်နိုင်မည်မှာ ဆိုဘွယ်ရာပင် မရှိပြီ။ မလွယ်သည် ကေန်အမှန် ဖြစ်သောကြောင့် ယခု တဖန် ထပ်မံ၍ အားထုတ်အပ်သော ဝိပဿနာ၏ အစီအရင်ကို ဖြေဆို အပ်သော ဒုတိယကဏ္ဍ အာရမ္မဏဝိဓိဝိသဇ္ဇနာကျမ်း၌ မန္ဒပုဂ္ဂိုလ်၏ အကျိုးငှါ ဝိပဿနာဉာဏ် ၁၃ ပါး၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဝိမုတ္တိဉာဏ်, ပစ္စဝေက္ခဏာဉာဏ် ၄-ပါး၊ ဤ ၁၇-ပါးသော ဉာဏ်ကို ပဋိသမ္ဘိဒါမဂ် ဉာဏကထာပါဠိကို အနက်ပေးသဖြင့် အကျယ်ဖြေဆိုခြင်း။

* သမထ,ဝိပဿနာ တပါးပါးသော ဘာဝနာကို အားထုတ်သော သူတို့၏ အစဉ်အတိုင်း ရောက်အပ်သော ပရိဗန္ဓဉာဏ် ၈-ပါး, ဥပကာရ ဉာဏ် ၈-ပါး၊ ဥပက္ကိလေသဉာဏ် ၁၈-ပါး၊ ဝေါဒါနဉာဏ် ၁၃-ပါး ဌာနတရပ်။ * ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ၄-ပါး၊အာကာသာနဉ္စာယတနသမာပတ်,ဝိညာဏဉ္စာယတနသမာပတ်, အာကိဉ္စညာယတနသမာပတ်, နေဝသညာနာသညာယတနသမာပတ် ၄-ပါး၊ * အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ, နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါ-နုပဿနာ, ခယာနုပဿနာ, ဝယာနုပဿနာ, ဝိပရိဏာမာနုပဿနာ, အနိမိတ္တာနုပဿနာ, အပ္ပဏိဟိတာနုပဿနာ, သုညတာနုပဿနာ, အဓိ ပညာ ဓမ္မဝိပဿနာ, ယထာဘူတဉာဏဒဿန, အာဒီနဝါနုပဿနာ, ပဋိ-သင်္ခါနုပဿနာ, ဝိဝဋ္ဋာနုပဿနာ ၁၈-ပါး၊ * သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် ၄-ပါး၊ ဤသို့ ဈာန် ၄-ပါး၊ သမာပတ် ၄-ပါး၊ အဋ္ဌာရသ မဟာဝိပဿနာ ၁၈-ပါး၊ မဂ် ၄-ပါးတို့၏ အာဒိကလျာဏ, မဇ္ဈေကလျာဏ, ပရိယောသာနကလျာဏ ၃-ပါး၊ * အာဒိ၏ လက္ခဏာ ၃-ပါး၊ မဇ္ဈေ၏ လက္ခဏာ ၃-ပါး၊ ပရိယောသာန၏ လက္ခဏာ ၄-ပါးဖြင့် လက္ခဏာ ၁၀-ပါး၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ အားဖြင့် အင်္ဂါ ၅-ပါး၊ သဒ္ဓါ, ဝီရိယ,

သတိ, သမာဓိ, ပညာအားဖြင့် ဣန္ဒြေ ၅-ပါး၊ ဈာနတရပ်၊ ဤဈာန ၂-ရပ်ကို ပဋ္ဌိသမ္ဘိဒါမဂ် အာနာပါနကထာ ပါဠိကို အနက်ပေးသဖြင့် အကျယ်ဖြေဆိုခြင်း။

ဣတိဝုတ် ဗာဟိယသုတ်ပါဠိကို အနက်ပေးသဖြင့် အရင်းတည်၍ တိက္ခပုဂ္ဂိုလ်၏ အကျိုးငှါ ၁၃-ပါးသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်၊ ဤ ၁၆-ပါးသောဉာဏ်ကို ရခြင်းငှါ အားထုတ်အပ်သော ဝိပဿနာ၏ အစီအရင်ကို စကားပြေဖြင့် အကျဉ်း ဖြေဆိုခြင်း။

ဝိပဿနာအားဖြင့် ၄၀၊ အနိစ္စတော, ပလောကတော, စလတော, ပဘင်္ဂုတော, အဓုဝတော, ဝိပရိဏာမဓမ္မတော, အသာရကတော, ဝိဘဝ တော, သင်္ခတတော, မရဏဓမ္မတော (အနိစ္စာနုပဿနာအားဖြင့်၁၀-ပါး)၊ ဒုက္ခတော, ရောဂတော, ဂဏ္ဍတော, သလ္လတော, အဃတော, အာဗာ ဓတော, ဤတိတော, ဥပဒ္ဒဝတော, ဘယတော, ဥပသဂ္ဂတော, အတာ ဏတော, အလေဏတော, အသရဏတော, အာဒီနဝတော, အဃမူလ တော, ဝဓကတော, သာသဝတော, မာရာမိသတော, ဇာတိဓမ္မတော, ဇရာဓမ္မတော, ဗျာဓိဓမ္မတော, သောကဓမ္မတော, ပရိဒေဝဓမ္မတော, ဥပါယာသဓမ္မတော, သံကိလေသိကဓမ္မတော) ဒုက္ခာ နုပဿနာ အားဖြင့် ၂၅ ပါး) ပရတော, ရိတ္တတော, တုစ္ဆတော, သုညတော, အနတ္တတော၊ (အနတ္တာနုပဿနာအားဖြင့် ၅-ပါး) ဤသို့ ဝိပဿနာအားဖြင့် ၄၀- အနက်၊ တပါးပါးသော ဝိပဿနာ၏ ဆန့်ကျင်ဘက် နိဗ္ဗာန်ထင်၍ မဂ်ဝင်ရောက်ပုံ ၄၀, နိဗ္ဗာန်ထင်ပုံ ၄၀-ကို ပဋိသမ္ဘိဒါမဂ် ဝိပဿနာ ကထာပါဠိကို အနက်ပေးသဖြင့် အကျယ်ဖြေဆိုခြင်း။

မဂ်မှန်ဝင်ပုံ, မဂ်မှားဝင်ပုံအားဖြင့် ၂-ပါး၊ အာရမ္ဘဏ, ဂေါစရ, ပဟာန, ပရိစ္စာဂ, ဝုဋ္ဌာန, ဝိဝဋ္ဋန, သန္တ, ပဏီတ, ဝိမုတ္တ, အနာသဝ, တရဏ, အနိမိတ္တ, အပ္ပဏိဟိတ, သုညတ, ဧကရသ, အနတိဝတ္တန၊ ဤ ၁၆-ပါးသော အခြင်းအရာတို့ဖြင့် သမထ, ဝိပဿနာအစုံကို ပွား၍ မဂ်မှန်ဝင်ပုံ။ * ဩဘာသ, ဉာဏ, ပီတိ, ပဿဒ္ဓိ, သုခ, အဓိမောက္ခ,

ပဂ္ဂဟ, ဥပဋ္ဌာန, ဥပေက္ခာ, နိကန္တိ ဤ ၁၀-ပါးသော အခြင်းအရာတို့ဖြင့် မဂ်မှားဝင်ပုံ၊ ဤမဂ်မှန် ဝင်ပုံ,မဂ်မှားဝင်ပုံ ၂-ပါးကို ပဋိသမ္ဘိဒါမဂ် ယုဂနန္ဓကထာပါဠိကို အနက်ပေးသဖြင့် အကျယ်ဖြေဆိုခြင်း။

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတနိဗ္ဗာန်, ရဟန္တာတို့၏ ယခုမျက်မှောက်ဖြစ်သော ဒိဋ္ဌဓမ္မသဥပါဒိသေသနိဗ္ဗာန်, ရဟန္တာတို့၏ နောင်တမလွန်ဖြစ်သော သမ္ပရာယိက အနုပါဒိသေသနိဗ္ဗာန်၊ ဤ အသင်္ခတနိဗ္ဗာန်, သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် ၃-ပါးကို ကွဲပြားအောင် ပါဠိ, အဋ္ဌကထာ, ဋီကာတို့ဖြင့် ဖြေဆိုခြင်း၊ ဤသို့ အားထုတ်အပ်သော ဝိပဿနာ၏ အစီအရင်ကို ဖြေဆိုအပ်သော ဒုတိယ ကဏ္ဍ.... **အာရမ္မဏဝိဝိဝိဿဇ္ဇနာကျမ်း**ကို ရဟန်း, ရှင်, လူ, ခပ်သိမ်းသော သူတို့သည် စုံလင်စေ့ငု ကြည့်ရှုပေကုန်သောဝ်။

နိဒါန်း ပြီး၏။

သဒ္ဒတ္ထာဝိဓိ ဝိသဇ္ဇနာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျမ်းဦးပဏာမဂါထာ

ပုစ္ဆိတံ ပုစ္ဆိတံ ပဥှံ၊ သဇ္ဇနံ သုကရံ ကရံ။
ဗုဒ္ဓံ ဓမ္မဥ္စ သံဃဉ္စ၊ နတွာန ဓမ္မပဥှသံ။

(ပထျာဝတ္တ ဂါထာ)

ဝိသဇ္ဇနံ ကရိဿာမိ၊ ဝိဓိဒွယံ သုဏာထ မေ။
သာဓဝေ သန္တိကာ တုမှေ၊ သဒ္ဒတ္ထာဝိဓိ အာရဗ္ဘ။

(ယကာရဝိပုလာဂါထာ)

အဟံ၊ ငါသည်။ ပုစ္ဆိတံ ပုစ္ဆိတံ၊ မေးတိုင်း မေးတိုင်း။ ပဥှံ၊ အမေးပုစ္ဆာ ပြဿနာကို။ သဇ္ဇနံ၊ မပြေပြေအောင်။ သုကရံ၊ အလွယ်တကူ။ ကရံ၊ ပြုတော်မူပေတတ်သော။ ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကိုရင်း။ ပုစ္ဆိတံ ပုစ္ဆိတံ၊ မေးအပ် မေးအပ်သော။ ဓမ္မဥ္စ၊ ကိုးပါးသော လောကုတ္တရာ တရားကိုရင်း။ ပုစ္ဆိတံ ပုစ္ဆိတံ၊ မေး၍ မေး၍။ သုကရံ၊ အလွယ်တကူ။ ဓမ္မံ၊ ကိုးပါးသော လောကုတ္တရာ တရားကို။ ကရံ၊ ကျင့်သဖြင့် ပြုတော်မူပေတတ်သော။ သံဃဉ္စ၊ ရှစ်ယောက်သော အရိယာ သံဃာတော်မြတ်ကိုရင်း။ နတွာန၊ ရှိခိုးဦး၍။ ပုစ္ဆိတံ ပုစ္ဆိတံ-ပုစ္ဆိတဿ ပုစ္ဆိတဿ၊ မေးအပ် မေးအပ်သော။ ဓမ္မပဥှသံ-ဓမ္မပဥှဿ၊ အမေးပုစ္ဆာ ပြဿနာသဘော၏။

သဇ္ဇတာဝိမိ၊ ဖြေဆိုအပ်သော အစီအရင်ရှိသော သဇ္ဇတာဝိမိရင်း။ အာရမ္ဘာဝိမိ၊ အားထုတ်အပ်သော အစီအရင်ရှိသော အာရမ္ဘာဝိမိရင်း။ ဣတိ၊ ဤသို့။ ဝိမိဒွယံ၊ ဝိမိအစုံဖြစ်သော။ ယံ ဝိဿဇ္ဇနံ၊ အကြင် အဖြေကို။ ကရိဿာမိ၊ ပြုပေအံ့။ တံ ဝိဿဇ္ဇနံ၊ ထိုအဖြေကို။ သာဓဝေ၊ အို သူတော်ကောင်းတို့။ တုမှေ၊ သင်တို့သည်။ မေ၊ ငါ၏။ သန္တိကာ၊ အထံမှ။ သုဏာထ၊ နာကြကုန်။

ဤကား ကျမ်းဦး ပဏာမတည်း။

အမေးပုစ္ဆာ (၈)ဌာန

မေးလျှောက်အပ်သော (၈)ဌာန်ပုစ္ဆာ မာတိကာကို ပြဆိုခြင်း

(၁) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ အဝိဇ္ဇာကို ဖုံးအုပ်၍ မသိမမြင်နိုင်သော တရားတို့သည် အဘယ်တရားတို့ပါနည်း။

(၂) ဤတရားတို့တွင် အဘယ်တရားကို ရှေးဦးစွာ အားထုတ်၍ သိမြင်နိုင်ပါသနည်း။

(၃) ဤသိမြင်သော တရားသည် အဘယ် သောဘဏ စေတသိက် ပြဋ္ဌာန်းသည်၏ အဖြစ်ကိုသိသော ဉာဏ်၏ အကြောင်း သောဘဏ စေတသိက် ပြဋ္ဌာန်းပါသနည်း၊ အကျိုး သောဘဏ စေတသိက် ပြဋ္ဌာန်းပါသနည်း။

(၄) ဤသိမြင်သောတရားသည် အဘယ် သူတော်ကောင်း၏ ဥစ္စာကို ရသည်၏ အဖြစ်ကို သိသောဉာဏ်၏ အကြောင်း သူတော်ကောင်း၏ ဥစ္စာကို ရပါသနည်း၊ အကျိုးသူတော်ကောင်း၏ ဥစ္စာကို ရပါသနည်း။

(၅) ဤ သိမြင်သောတရားသည် အဘယ် ဗောဓိပက္ခိယတရားဖြင့် သိသည်၏ အဖြစ်ကို သိသောဉာဏ်၏ အကြောင်း ဗောဓိပက္ခိယ တရားဖြင့် သိမြင်ပါသနည်း၊ အကျိုး ဗောဓိပက္ခိယ တရားဖြင့် သိမြင် ပါသနည်း။

(၆) ဤ သိမြင်သောတရားသည် အဘယ်သုဒ္ဓိဖြင့် စင်ကြယ်သည်၏ အဖြစ်ကို သိသော ဉာဏ်၏ အကြောင်းသုဒ္ဓိဖြင့် စင်ကြယ်ပါသနည်း၊ အကျိုးသုဒ္ဓိဖြင့် စင်ကြယ်ပါသနည်း။

(၇) ဤ သုဒ္ဓိသည် အဇ္ဈတ္တမှ ထ၍ အဇ္ဈတ္တသုဒ္ဓိ မည်ပါသနည်း၊ ဗဟိဒ္ဓမှ ထ၍ ဗဟိဒ္ဓသုဒ္ဓိ မည်ပါသနည်း။

(၈) ဤ သုဒ္ဓိသည် ကာမသုဒ္ဓိ မည်ပါသနည်း၊ ဈာနသုဒ္ဓိ မည်ပါသနည်း၊ သာသနသုဒ္ဓိ မည်ပါသနည်း။

ဤကား (၈)ဌာနပုစ္ဆာ မာတိကာတည်း။

အဘိယာစက ပဋိညာဉ်ကျမ်း၏ အမည်တို့ကိုပြခြင်း

ဝင်း(ဂ)ဌာန ပုစ္ဆာကို သိလိုရေးနှင့် ပျဉ်းမနားမြို့ ဆရာကျယ်က မေးလျှောက်ပါသည် ဘုရားဟု ဝင်း (ဂ) ဌာန ပုစ္ဆာကို ယူဆောင်ခဲ့သူ သထုံမြို့ ဒါယကာ-ဦးသာစံက ပင်စင်စား အယူခံဝန်ထောက်ကြီး အစရှိသော ထင်ရှား သော ဒါယကာတို့နှင့်တကွ ဖြေဆိုတော်မူပါမည့် အကြောင်းနှင့် တောင်းပန် လျှောက်ထားသည်။ ထို့ကြောင့် "ဝိသဇ္ဇနံ ကရိဿာမိ" ဟူသော ပဋိညာဉ်နှင့်အညီ သဇ္ဇေတာဝိဓိဝိသဇ္ဇနာ, အာရမ္မဏ ဝိဓိဝိသဇ္ဇနာ(၂)ပါးတို့တွင် ယခုဖြေဆိုလတ္တံ့သော ဝိသဇ္ဇနာသည်ကား သဇ္ဇေတာဝိဓိဝိသဇ္ဇနာတည်း။

ဤကား အဘိယာစကပဋိညာဉ်ကျမ်း အမည်တည်း။

ပဌမပုစ္ဆာ အမေးအဖြေ

(၁) **အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ အဝိဇ္ဇာကို ဖုံးအုပ်၍ မသိမမြင်နိုင်သောတရားတို့သည် အဘယ်တရားတို့ပါနည်းဟူသော ပဌမ အမေး။**

(၁) **အဖြေ။** ။အဝိဇ္ဇာသည် အဝိဇ္ဇာနုသယ, အဝိဇ္ဇာပရိယုဋ္ဌာန် အားဖြင့်(၂)ပါး အပြားရှိ၏။ထို(၂)ပါးတို့တွင် အာရုံလည်းမပြု၊ဥပါဒ်ဌီ,ဘင် အားဖြင့်လည်း မဖြစ်၊ လောကီ ခန္ဓာ နာမ် ရုပ်၌ အစွမ်းသတ္တိရောက်သော အားဖြင့် ကိန်းသော အဝိဇ္ဇာသည် အဝိဇ္ဇာနုသယမည်၏။ အာရုံလည်းပြု၊ ဥပါဒ်, ဌီ, ဘင်အားဖြင့်လည်း ဖြစ်သော **အဝိဇ္ဇာ**သည် အဝိဇ္ဇာပရိယုဋ္ဌာန် မည်၏။ အနုသယ, ပရိယုဋ္ဌာန် (၂)ပါး ဖြင့် ရေတွက်အပ်သော ဤအဝိဇ္ဇာသည် ဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အညာဏမည်၏။ မဂ်ဖြင့် မပယ်အပ်သေးသောကြောင့် အပ္ပဟီန မည်၏။ ဤ အညာဏ အပ္ပဟီန ဟူသော စကားဖြင့် မဂ်ဖြင့် အကြွင်းမဲ့ မချုပ်သေးသမျှ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အဝိဇ္ဇာ ရှိသောကြောင့် အတ္ထိဘာဝမည်၏ ဟူသော အနက်ကိုပြ၏။ အဝိဇ္ဇာ အကြောင်းရှိသော် သင်္ခါရ အကျိုး ရှိသောကြောင့် သင်္ခါရ၏ အကြောင်းဖြစ်သော အဝိဇ္ဇာမည်၏" ဟူလိုသည်။

ထို့ကြောင့်–

အဝိဇ္ဇာ ဘာဝေ ဘာဝတောတိ အဝိဇ္ဇာယ အတ္ထိဘာဝေ သင်္ခါရာနံ ဘာဝတော၊ န ဟိ အဝိဇ္ဇာယ အသတိ ကဒါစိ သင်္ခါရာ သမ္ဘဝန္တိ။ ဣဒါနိ တံ အဝိဇ္ဇာယဘာဝံ ဒဿေန္တော အညာဏံ အပ္ပဟီနံ ဟောတီတိ အာဟ။ တေန မဂ္ဂေန အနိရောဓော ဣဓ အဝိဇ္ဇာယ အတ္ထိဘာဝေါ၊ န ဓရမာနတာဝေါတိ ဒဿေတိ။

(မဟာဋီကာ)

အဝိဇ္ဇာ ဘာဝေ ဘာဝတောတိ၊ အဝိဇ္ဇာဘာဝေ ဘာဝတော ဟူသည်ကား။ အဝိဇ္ဇာယ အတ္ထိဘာဝေ၊ အဝိဇ္ဇာ ရှိသည် ရှိသော်။ သင်္ခါရာနံ ဘာဝတော၊ သင်္ခါရတို့၏ ရှိခြင်းကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ အသတိ၊ မရှိသော်။ ကဒါစိ၊ တရံတခါ။ သင်္ခါရာ၊ သင်္ခါရတို့သည်။ န သမ္ဘဝန္တိ၊ မဖြစ်ကုန်။ ဣဒါနိ၊ ယခု။ တံ အဝိဇ္ဇာယဘာဝံ၊ ထိုအဝိဇ္ဇာ၏ရှိခြင်းကို။ ဒဿေန္တော၊ ပြလိုသည် ဖြစ်၍။ အညာဏံ အပ္ပဟီနံ ဟောတီတိ၊ အညာဏံ အပ္ပဟီနံ ဟောတိ ဟူသောစကားကို။ အာဟ၊ မိန့်ပြီ။ တေန ဝစနေန၊ ထို အညာဏံ အပ္ပဟီနံ ဟောတိ ဟူသော စကားဖြင့်။ ဣဓ၊ ဤအရာ၌။ ဓရမာနတာဝေ၊ ဥပါဒ်, ဌီ, ဘင် ပစ္စုပ္ပန် ထင်သည်၏ အဖြစ်သည် သာလျှင်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ အတ္ထိဘာဝေါ၊ ရှိသည်မည်သည်။ န၊ မဟုတ်သေး။ မဂ္ဂေန၊ မဂ်ဖြင့်။ အနိရောဓော၊ မချုပ်သေးသော သဘောသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ အတ္ထိဘာဝေါ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ပင် ရှိသည်မည်၏။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်ကို။ ဒဿေတိ၊ ပြ၏။ ။ဤကား အနက်။

သင်္ခါရသည် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ အားဖြင့် ၃-ပါး အပြားရှိ၏။ ထို (၃)ပါးတို့တွင် ဒါနမယ သီလမယ ဘာဝနာမယ ဖြစ်သော မဟာကုသိုလ်စေတနာ (၈)ပါး၊ ဘာဝနာမယ ဖြစ်သော ရူပကုသိုလ်စေတနာ (၅)ပါး၊ ဤသို့အားဖြင့် (၁၃)ပါးသောစေတနာသည် ပုညာဘိသင်္ခါရ မည်၏။ ပါဏာတိပါတ- အစရှိသော အကုသိုလ်စေတနာ (၁၂)ပါးသည် အပုညာဘိသင်္ခါရ မည်၏။ ဘာဝနာမယ ဖြစ်သော အရူပကုသိုလ်စေတနာ (၄)ပါးသည် အာနေဉ္ဇာဘိသင်္ခါရ မည်၏။

သင်္ခါရ ဖြစ်ရာဟူသော အမေး၌ ဆိုအပ်ပြီးသော (၃) ပါးသော စေတနာကို သင်္ခါရဟု မှတ်၍မမေး။

မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ။

ဟူသော အကြောင်း (၅)ပါးကို သဟဇေကဋ္ဌအားဖြင့် တပေါင်းတည်း တပြိုင်နက်ယူ၍ အာယူဟနမည်သော သင်္ခါရကိုမေးသောကြောင့် သင်္ခါရဖြစ်ရာ ဟူသောအမေး၌ သင်္ခါရသည် ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရအားဖြင့် (၃)ပါး အပြားရှိ၏။ ထို(၃)ပါးတို့တွင် ဒါနမယ သီလမယ ဘာဝနာမယ စေတနာနှင့်သမ္ပယုတ်ဖြစ်သော မဟာ ကုသိုလ် ဇောစိတ္တုပါဒ် (၈) ပါး၊ ဘာဝနာမယ စေတနာနှင့် သမ္ပယုတ် ဖြစ်သော ရူပကုသိုလ် ဇောစိတ္တုပ္ပါဒ် (၅)ပါး ဤသို့အားဖြင့် (၁၃)ပါးသော စေတနာနှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ် ရူပကုသိုလ် ဇောစိတ္တုပ္ပါဒ်သည် ပုညာဘိသင်္ခါရ မည်၏။ ပါဏာတိပါတ အစရှိသော စေတနာနှင့် သမ္ပယုတ်ဖြစ်သော အကုသိုလ် ဇောစိတ္တုပ္ပါဒ် (၁၂)ပါးသည် အပုညာဘိသင်္ခါရ မည်၏။ ဘာဝနာမယ စေတနာနှင့် သမ္ပယုတ် ဖြစ်သော အရူပ ကုသိုလ် ဇောစိတ္တုပ္ပါဒ် (၄) ပါးသည် အာနေဉ္ဇာဘိသင်္ခါရမည်၏။

ထို့ကြောင့်—

ယာကာစိ ဝါပန စေတနာ ဘဝေ။ သမ္ပယုတ္တာ
အာယူဟနာ သင်္ခါရာ နာမ။
(ဝိသုဒ္ဓိမဂ်)

ပန၊ စင်စစ်။ ယာကာစိ ဝါ၊ အလုံးစုံလည်းဖြစ်သော။ စေတနာ၊ လောကီကုသိုလ် အကုသိုလ်စေတနာသည်။ဘဝေ ါနာမ၊ကမ္မဘဝမည်၏။ ယေကေစိဝါ၊ အလုံးစုံလည်းဖြစ်ကုန်သော။သမ္ပယုတ္တာ၊ လောကီကုသိုလ် အကုသိုလ်စေတနာနှင့် သမ္ပယုတ် ဇောစိတ္တုပ္ပါဒ်တို့သည်။အာယူဟနာ၊ ဘဝအတန်တန် တဘန်ကိုအားထုတ်ကြကုန်သည် ဖြစ်၍။ သင်္ခါရာနာမ၊ သင်္ခါရ မည်ကုန်၏။ ။ဤကားအနက်။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ အဝိဇ္ဇာကို ဖုံးအုပ်၍ မသိ မမြင်နိုင်သော တရားတို့သည် အဘယ်တရားတို့ပါနည်းဟူသော အမေးပုစ္ဆာ စကားရပ်၌ အဝိဇ္ဇာကြောင့် ဟူသော စကားရပ်ဖြင့် ဖုံးအုပ်တတ်သော ပဋိစ္ဆာဒက အဝိဇ္ဇာကို မေး၏။ သင်္ခါရဖြစ်ရာ၌ ဟူသော စကားရပ်ဖြင့် မသိ မမြင်နိုင်သော တရားတို့၏ ဖြစ်သော အခိုက်အတန့်ကို မေး၏။

အဝိဇ္ဇာကို ဟူသော စကားရပ်ဖြင့် ဖုံးအုပ်အပ်သော ပဋိစ္စသမုပ္ပါဒ်တွင် အဝိဇ္ဇာကို မေး၏။ ဖုံးအုပ်၍ ဟူသောစကားရပ်ဖြင့် ဖုံးအုပ်သော အခိုက်အတန့်ကို မေး၏။ မသိ မမြင်နိုင်သော တရားတို့သည် ဟူသော စကားရပ်ဖြင့် ဖြစ်သောအခိုက်အတန့် မသိ မမြင်နိုင်သော သင်္ခါရတရားတို့၏ သဘာဝကို မေး၏။အဘယ်တရားတို့ပါနည်း ဟူသော စကားရပ်ဖြင့် ဖြစ်သော အခိုက်အတန့် မသိမမြင်နိုင်သော သင်္ခါရတရားတို့၏ ဝိသေသကို မေး၏။

မေးသောပုစ္ဆာ၏အလို အဝိဇ္ဇာကြောင့်, အဝိဇ္ဇာကိုဟူသော စကား (၂)ရပ်ကို ထောက်၍ အဝိဇ္ဇာသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ,မဂ္ဂသစ္စာ,အတိတ်ခန္ဓာ,အနာဂတ်ခန္ဓာ,ပစ္စုပ္ပန်ခန္ဓာ, ဣဒပ္ပစ္စယတာ အဝိဇ္ဇာကို ဖုံးအုပ်၍ မသိ မမြင်နိုင်သောတရားတို့သည် အဘယ်တရားတို့ ပါနည်းဟု မိဂပဒဝလဉ္ဇန နည်းအားဖြင့် (၈) ပါးသောဌာနကို မေး၏ ဟူသော အဓိပ္ပါယ်ကိုလည်း သိစေ၏။(၈) ပါးသော ဌာနကို အဝိဇ္ဇာ ဖုံးအုပ်၍ မသိ မမြင်နိုင်သော တရားတို့ကို ဖြစ်သော အခိုက်အတန့် သင်္ခါရ အရာဌာနသို့ချ၍ မေး၏ ဟူသော အဓိပ္ပါယ်ကိုလည်း သိစေ၏။

(၈)ပါးသော ဌာနတို့တွင် ဤကား ဒုက္ခသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ဒုက္ခသစ္စာ၏ နှိပ်စက်သော အနက်သဘော-ပီဠနဋ္ဌ၊ ပြုပြင် စီရင် အပ်သောအနက်သဘော-သင်္ခတဋ္ဌ၊ပူလောင်ပင်ပန်းသောအနက်သဘော သန္တာပဋ္ဌ၊ ဖောက်ပြန်ပျက်စီးသော အနက်သဘော-ဝိပရိဏာမဋ္ဌ(၄)ပါး သော အနက်သဘော လက္ခဏာကို ဖြစ်ခိုက် သင်္ခါရတရားက ဉာဏ်ရောင် အလင်းဖြင့် သိခွင့်မရ၊ အဝိဇ္ဇာမှောင်တုံး အုပ်ဖုံး၍ကျ၏၊(၁)ဌာန။

ဤကား သမုဒယသစ္စာတည်းဟု မှတ်တိုင်းမှန်စွာ သမုဒယသစ္စာ၏ ဒုက္ခကို အားထုတ်သော အနက်သဘော-အာယူဟနဋ္ဌ၊ ဒုက္ခ၏အကြောင်း ဖြစ်သော အနက်သဘော-နိဒါနဋ္ဌ၊ဘဝတဘန်ယှဉ်သော အနက်သဘော-သံယောဂဋ္ဌ၊မဂ်ကို နှောင့်ယှက် ပိတ်ပင်သောအနက်သဘော-ပလိဗောဓဋ္ဌ၊ (၄)ပါးသော အနက်သဘော လက္ခဏာကို ဖြစ်ခိုက် သင်္ခါရတရားက ဉာဏ်ရောင် အလင်းဖြင့် သိမြင်ခွင့် မရ၊ အဝိဇ္ဇာမှောင်တုံး အုပ်ဖုံး၍ ကျ၏၊ (၂)ဌာန။

ဤကား နိရောဓသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ နိရောဓသစ္စာ၏ ဝဋ္ဋမှ ထွက်မြောက်သော အနက်သဘော-နိဿရဏဋ္ဌ၊ ကိလေသာမှ ဆိတ်သော အနက်သဘော-ဝိဝေကဋ္ဌ၊ ပြုပြင်စီရင်ခြင်းကင်းသော အနက်သဘော-အသင်္ခတဋ္ဌ၊ ငြိမ်းအေးသော အနက်သဘော - အမတဋ္ဌ၊ (၄) ပါးသောအနက်သဘောလက္ခဏာကိုဖြစ်ခိုက် သင်္ခါရတရားက ဉာဏ်ရောင် အလင်းဖြင့် သိမြင်ခွင့်မရ၊ အဝိဇ္ဇာမှောင်တုံး အုပ်ဖုံး၍ကျ၏။ (၃)ဌာန။

ဤကား မဂ္ဂသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ မဂ္ဂသစ္စာ၏ ဝဋ္ဋမှ ထုတ်ဆောင်သော အနက်သဘော-နိယျာနဋ္ဌ၊ နိဗ္ဗာန်၏ အကြောင်း ဖြစ်သော အနက်သဘော-ဟေတွဋ္ဌ၊ နိဗ္ဗာန်ကို မြင်သော အနက်သဘော-ဒဿနဋ္ဌ၊ အစိုးရသော အနက်သဘော အဓိပတေယျဋ္ဌ (၄) ပါး သော အနက်သဘော လက္ခဏာကို ဖြစ်ခိုက် သင်္ခါရတရားကဉာဏ်ရောင်အလင်း ဖြင့် သိမြင်ခွင့်မရ၊ အဝိဇ္ဇာမှောင်တုံး အုပ်ဖုံး၍ ကျ၏၊ (၄)ဌာန။

အတိတ်ခန္ဓာ (၅)ဌာန။

အနာဂတ်ခန္ဓာ (၆)ဌာန။

ပစ္စုပ္ပန် ခန္ဓာ ဤကား ခန္ဓာတည်းဟု ဟုတ်တိုင်း မှန်စွာ ခန္ဓာ၏ နှိပ်စက်သောအနက်သဘော-ပီဠနဋ္ဌ၊ ပြုပြင်စီရင်အပ်သော အနက်သဘော-သင်္ခတဋ္ဌ၊ ပူလောင်ပင်ပန်းသော အနက်သဘော-သန္တာပဋ္ဌ၊ ဖောက်ပြန်ပျက်စီးသော အနက်သဘော-ဝိပရိဏာမဋ္ဌ၊ (၄)ပါးသော အနက်သဘော လက္ခဏာကို ဖြစ်ခိုက်သင်္ခါရတရားက ဉာဏ်ရောင်အလင်းဖြင့် သိမြင်ခွင့်မရ၊ အဝိဇ္ဇာမှောင်တုံး အုပ်ဖုံး၍ ကျ၏၊ (၇)ဌာန။

ဤကား အဝိဇ္ဇာတည်းဟု ဟုတ်တိုင်း မှန်စွာ အဝိဇ္ဇာ၏ မသိသော အနက်သဘောလက္ခဏာကိုဖြစ်ခိုက်သင်္ခါရတရားကဉာဏ်ရောင်အလင်းဖြင့် သိမြင်ခွင့်မရ၊ အဝိဇ္ဇာမှောင်တုံး အုပ်ဖုံး၍ကျ၏၊ (၈)ဌာန။

ထို့ကြောင့်-

သာ ဟိ ဥပ္ပန္နာ ဒုက္ခသစ္စံ ပဋိစ္ဆာဒေတွာ တိဋ္ဌတိ။
ယာထာဝ သရသ လက္ခဏံ ပဋိဝိဇ္ဈိတုံ န ဒေတိ။ တထာ

သမုဒယံ၊ နိရောဓံ၊ မဂ္ဂံ၊ ပုဗ္ဗန္တသင်္ခါတံ ခန္ဓပဉ္စကံ၊ အပရန္တသင်္ခါတံ ခန္ဓပဉ္စကံ၊ ပုဗ္ဗန္တာပရန္တသင်္ခါတံ တဒုဘယံ၊ ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္န ဓမ္မသင်္ခါတံ ဣဒပ္ပစ္စယတဉ္စေဝ ပဋိစ္စသမုပ္ပန္နဓမ္မေ စ ပဋိစ္ဆာဒေတွာ တိဋ္ဌတိ၊ အယံ အဝိဇ္ဇာ ဣမေ သင်္ခါရာတိ ဧဝံ ယာထာဝ သရသလက္ခဏမေတ္ထ ပဋိဝိဇ္ဈိတုံ န ဒေတိ။

(ဝိသုဒ္ဓိမဂ်)

ဧတ္ထ၊ ဤဒုက္ခသစ္စာ စသည်တို့တွင်။ ဣဒံ၊ ဤသည်ကား။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိဧဝံ၊ ဤသို့။ ယာထာဝ သရသ လက္ခဏံ၊ ဟုတ်တိုင်း မှန်စွာ မိမိ၏ သဘောလက္ခဏာကို။ ပဋိဝိဇ္ဈိတုံ၊ သိမြင်ခြင်းငှါ။ န ဒေတိ၊ မပေး။ သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ဥပ္ပန္နာ၊ ဖြစ်သည်ရှိသော်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပဋိစ္ဆာဒေတွာ၊ ဖုံးအုပ်၍။ တိဋ္ဌတိ၊ တည်၏။ တထာ၊ ထို့အတူ။ သမုဒယံ၊ သမုဒယသစ္စာကို။ နိရောဓံ၊ နိရောဓသစ္စာကို။မဂ္ဂံ၊ မဂ္ဂသစ္စာကို။ပုဗ္ဗန္တသင်္ခါတံ၊ သံသရာ၏ ရှေ့အစွန်းဟု ဆိုအပ်သော။ ခန္ဓပဉ္စကံ၊ ခန္ဓာ(၅)ပါးကို။ အပရန္တသင်္ခါတံ၊ သံသရာ၏ နောက်အစွန်းဟု ဆိုအပ်သော။ ခန္ဓပဉ္စကံ၊ ခန္ဓာ(၅)ပါးကို။ပုဗ္ဗန္တာပရန္တသင်္ခါတံ၊ သံသရာ၏ရှေ့အစွန်း နောက်အစွန်းဟု ဆိုအပ်သော။တဒုဘယံ၊ ထိုအတိတ်, အနာဂတ် နှစ်ပါးစုံ အဘို့ရှိသော။ မဇ္ဈေပစ္စုပ္ပန္နံ ခန္ဓပဉ္စကံ၊ အလယ်၌ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ (၅) ပါးကို။ (မဟာဋီကာ-ဝါ၊ နက်) ပဋိစ္ဆာဒေတွာ၊ ဖုံးအုပ်၍။ တိဋ္ဌတိ၊ တည်၏။ အယံ၊ ဤသည်ကား။ အဝိဇ္ဇာ၊ အဝိဇ္ဇာတည်း။ ဣမေ၊ ဤသည်တို့ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိဧဝံ၊ ဤသို့။ ယာထာဝ သရသ လက္ခဏံ၊ ဟုတ်တိုင်းမှန်စွာ မိမိ၏ သဘောလက္ခဏာကို။ပဋိဝိဇ္ဈိတုံ၊ သိမြင်ခြင်းငှါ။ န ဒေတိ၊ မပေး။ သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ဥပ္ပန္နာ၊ ဖြစ်သည်ရှိသော်။ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နဓမ္မသင်္ခါတံ၊ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဟုဆိုအပ်သော။ ဣဒပ္ပစ္စယတဉ္စေဝ၊အကြောင်းဖြစ်သောအဝိဇ္ဇာကိုင်း။ပဋိစ္စသမုပ္ပန္နဓမ္မေစ၊ အကျိုးဖြစ်သော သင်္ခါရ တရားတို့ကိုင်း။ ပဋိစ္ဆာဒေတွာ၊ ဖုံးအုပ်၍။ တိဋ္ဌတိ၊ တည်၏။ (အမေး အဖြေ ပြေရုံ အနက်ပေးပေးသည်)။ ဤကားအနက်။

ဆိုပြီး ဆိုလတ္တံ့သော အနက် အဓိပ္ပါယ်ကို သိလွယ်စေခြင်းငှါ ဖြစ်ခိုက် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားကို အဇ္ဈတ္တ ဆိုသည်၊ (၈)ပါးသော ဌာနကို ဗဟိဒ္ဓ ဆိုသည်၊ သမထကို ဘာဝနာမယ ဆိုသည်။ ဝိထိတူ၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ စေတောပရိယ ပုဗ္ဗေနိဝါသ အနာဂတံသ ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားကို အဘိညာဉ်ဆိုသည်။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ အဝိဇ္ဇာကို ဖုံးအုပ်၍ မသိမမြင်နိုင်သော တရားတို့သည် ဖြစ်ခိုက် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရား၊ သာမည အားဖြင့် (၁)ပါးသာ၊ ဝိသေသအားဖြင့်သော်ကား-ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ အားဖြင့် (၃) ပါး အပြားရှိ၏။ ထို (၃) ပါးတို့တွင် ဒါနမယ သီလမယ သုတမယ စိန္တာမယ ဘာဝနာမယ စေတနာနှင့် သမ္ပယုတ် ဖြစ်သော ဖြစ်ခိုက် မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် (၈) ပါး၊ ဘာဝနာမယ စေတနာနှင့် သမ္ပယုတ်ဖြစ်သော ဖြစ်ခိုက် ရူပကုသိုလ် ဇောစိတ္တုပ္ပါဒ် (၅)ပါး ဤ(၁၃)ပါးသော ပုညာဘိသင်္ခါရတရား။ ပါဏာတိပါတ အစရှိသော စေတနာနှင့် သမ္ပယုတ်ဖြစ်သော ဖြစ်ခိုက် အကုသိုလ် ဇောစိတ္တုပ္ပါဒ် (၁၂)ပါး အပုညာဘိသင်္ခါရ တရား။ ဘာဝနာမယ စေတနာနှင့် သမ္ပယုတ် ဖြစ်သော ဖြစ်ခိုက် အရူပကုသိုလ် ဇောစိတ္တုပ္ပါဒ် (၄) ပါး အာနေဉ္ဇာဘိသင်္ခါရ တရားသည် အဇ္ဈတ္တ, ဗဟိဒ္ဓ (၂)ပါး စုံကိုပင် အဝိဇ္ဇာဖုံးအုပ်၍ မသိမမြင်နိုင်။

ဝိပဿနာမယ ပစ္စဝေက္ခဏာမယ စေတနာနှင့် သမ္ပယုတ်ဖြစ်သော ဖြစ်ခိုက် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ် (၄) ပါး၊ အဘိညာဉ်ကုသိုလ် ဇောစိတ္တုပ္ပါဒ် (၁) ပါး၊ ဤ (၅) ပါးသော ပုညာဘိသင်္ခါရ တရားသည် ဗဟိဒ္ဓကိုသာ သိသင့်သော ဌာနအား လျော်စွာ ဖြစ်ခိုက် ဉာဏ်ရောင် အလင်းဖြင့် သိမြင်၍ အဇ္ဈတ္တကို အဝိဇ္ဇာနုသယ အစွမ်းသတ္တိ ရောက်သောအားဖြင့် ဖုံးအုပ်၍ ဖြစ်ခိုက် ဉာဏ်ရောင်အလင်းဖြင့် မသိမမြင်နိုင်။

ဝိပဿနာမယ ပစ္စဝေက္ခဏာမယ စေတနာနှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ် (၄)ပါးနှင့် ယှဉ်သော, ဉာဏ်သည် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်,

ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, ပစ္စဝေက္ခဏာဉာဏ် အားဖြင့် (၁၄) ပါး အပြားရှိ၏။ အဘိညာဉ်ကုသိုလ် ဇောစိတ္တုပ္ပါဒ်နှင့် ယှဉ်-မယှဉ်သော ဉာဏ်သည် အဘိညာဉ်၏ရှေ့ စာဝီထိ၏အတွင်း၌ ဖြစ်သော ပရိကမ္မဉာဏ်, ဥပစာရဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်အားဖြင့် (၇)ပါး အပြားရှိ၏။ ဤသို့ (၁၄)ပါး (၇)ပါး အားဖြင့် ပြားသော ဝိပဿနာဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, အဘိညာဉ်ဉာဏ်တို့နှင့် သမ္ပယုတ်ဖြစ်သော ဖြစ်ခိုက် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ် (၄) ပါး၊ အဘိညာဉ်ကုသိုလ် ဇောစိတ္တုပ္ပါဒ် (၁)ပါး၊ ဤ (၅)ပါးသော ပုညာဘိသင်္ခါရ တရားဟုဆိုအပ်သော သတ္တဝါအများကို တိမ်သည် မျက်စိကို ဖုံးအုပ် လွှမ်းမိုး နှိပ်စက်သကဲ့သို့၊ ထို့အတူ အဝိဇ္ဇာသည် ဖုံးအုပ်လွှမ်းမိုး နှိပ်စက်၏၊ ဖုံးအုပ် လွှမ်းမိုး နှိပ်စက်သော အဝိဇ္ဇာမိုက်သည်လည်း အိမ်ပိုးသည် မိမိကိုယ်ကို ပိုးအိမ်ဖြင့် ဖုံးအုပ်ရစ်ပတ်သကဲ့သို့၊ ထို့အတူ မိမိကိုယ်ကို (၁၄)ပါး (၇)ပါး အားဖြင့် ပြားသော ဝိပဿနာဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, အဘိညာဉ် ဉာဏ်တို့နှင့် သမ္ပယုတ် ဖြစ်သော ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသောမဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောစိတ္တုပ္ပါဒ် (၄)ပါး၊ အဘိညာဉ်ကုသိုလ် ဇောစိတ္တုပ္ပါဒ်(၁)ပါး ဤ(၅)ပါးသော ပုညာဘိသင်္ခါရတရားတို့ဖြင့် ဖုံးအုပ်ရစ်ပတ်၏။ ဤဥပမာ သာဓကကို ထောက်၍ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ ဖြစ်ခိုက် သင်္ခါရ အမည်ရသော မိမိတို့၏ အတွင်းအဇ္ဈတ္တ၌ အာရုံလည်း မပြု၊ ဥပါဒ်, ဌီ, ဘင်အားဖြင့်လည်း မဖြစ်၊ အစွမ်းသတ္တိ ရောက်သောအားဖြင့် ကိန်းအောင်းသော အဝိဇ္ဇာနုသယကို မိမိတို့ဖြစ်ခိုက် ဖုံးအုပ်ရစ်ပတ်၍ မသိမမြင်နိုင်သော တရားတို့သည် (၁၄) ပါး (၇)ပါး အားဖြင့် ပြားသော ဝိပဿနာဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, အဘိညာဉ်ဉာဏ်တို့နှင့် သမ္ပယုတ်ဖြစ်သော ဖြစ်ခိုက် အဇ္ဈတ္တအ မည်ရသော မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ် (၄)ပါး၊ အဘိညာဉ်ကုသိုလ် ဇောစိတ္တုပ္ပါဒ် (၁)ပါး၊ ဤ (၅) ပါးသော ပုညာဘိသင်္ခါရ တရားတို့ပေတည်း။

ထို့ကြောင့်–

အဝိဇ္ဇာ အပဋိပတ္တိ မိစ္ဆာပဋိပတ္တိဘာဝေန သတ္တေ အဘိဘဝတိ ပဋလံ ဝိယ အက္ခီနိ။ တဒဘိဘူတော စ ဗာလော ပုနဗ္ဘဝိကေဟိ သင်္ခါရေဟိ အတ္တာနံ ဝေဌေတိ ကောသကာရ-ကိမိ ဝိယ ကောသကာရပဒေသေဟိ။

(ဝိသုဒ္ဓိမဂ်)

ပဋလံ၊ တိမ်သည်။ အဒဿန မိစ္ဆာဒဿန ဘာဝေန၊ မမြင်သည်၏ အဖြစ် အမှားကို မြင်သည်၏ အဖြစ်ဖြင့်။ အက္ခီနိ၊ မျက်စိတို့ကို။ အဘိဘဝတိ ဝိယ၊ ဖုံးအုပ်လွှမ်းမိုး နှိပ်စက်သကဲ့သို့။ တထာ၊ ထို့အတူ။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ အပဋိပတ္တိ မိစ္ဆာပဋိပတ္တိဘာဝေန၊ မမြင်သည်၏ အဖြစ် အမှားကို မြင်သည်၏ အဖြစ်ဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို။ အဘိဘဝတိ၊ ဖုံးအုပ် လွှမ်းမိုး နှိပ်စက်၏။ ကောသကာရကိမိ၊ အိမ်ပိုးသည်။ ကောသကာရပဒေသေဟိ၊ ပိုးအိမ်အရပ်တို့ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝေဌေတိ ဝိယ၊ ဖုံးအုပ် ရစ်ပတ်သကဲ့သို့။ တထာ၊ထို့အတူ။ တဒဘိဘူတော၊ ထို အဝိဇ္ဇာ ဖုံးအုပ် လွှမ်းမိုး နှိပ်စက်အပ်သော။ ဗာလော စ၊ သူမိုက်သည်လည်း။ ပုနဗ္ဘဝိကေဟိ၊ ဘဝတဘန် အတန်တန် ရှိကုန်သော။ သင်္ခါရေဟိ၊ သင်္ခါရတို့ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝေဌေတိ၊ ဖုံးအုပ်ရစ်ပတ်၏။ ။ဤကားအနက်။

ပဌမပုစ္ဆာအမေးအဖြေ ပြီး၏။

—

ဒုတိယပုစ္ဆာ အမေးအဖြေ

၂။ ဤတရားတို့တွင် အဘယ်တရားကို ရှေးဦးစွာအားထုတ်၍၊ သိမြင်နိုင်ပါသနည်း ဟူသော ဒုတိယအမေး။

၂။ **အဖြေ။** ။ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်၌ လာသော အတိတ်အကြောင်း (၅)ပါး၊ ပစ္စုပ္ပန်အကြောင်း (၅)ပါး သည် သမုဒယသစ္စာသို့ ဝင်၏။ ပစ္စုပ္ပန်အကျိုး (၅)ပါး၊ အနာဂတ် အကျိုး (၅) ပါးသည် ဒုက္ခသစ္စာသို့ ဝင်၏။ ဖြစ်ခိုက် သင်္ခါရတရား သည် အာရမ္မဏိက ဖြစ်၍ အဇ္ဈတ္တမည်၏။ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ, အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာ, ဣဒပ္ပစ္စယတာအဝိဇ္ဇာ ဤ(၈)ပါးသော ဌာနသည် အာရုံဖြစ်၍ ဗဟိဒ္ဓ မည်၏။ ဖြစ်ခိုက် သင်္ခါရတရားသည် အဇ္ဈတ္တ, ဗဟိဒ္ဓ (၂) ပါးစုံကို မသိမမြင်နိုင်သော သင်္ခါရတရား ဗဟိဒ္ဓကိုသာ သိမြင်၍ အဇ္ဈတ္တကို မသိမမြင်နိုင်သော သင်္ခါရတရား အားဖြင့် (၂)ပါး အပြားရှိ၏။ ထို (၂)ပါးတို့တွင် အဇ္ဈတ္တ, ဗဟိဒ္ဓ (၂)ပါးစုံကို မသိမမြင်နိုင်သော သင်္ခါရတရား သည်လည်း ဒါနကို အားထုတ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား၊ သီလကို အားထုတ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား၊ သုတမယဉာဏ်ကို အားထုတ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား၊ စိန္တာမယဉာဏ်ကို အားထုတ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရ တရား၊ ဥပစာရသမာဓိကို အားထုတ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါတရား၊ အပ္ပနာသမာဓိကို အားထုတ်သော ရူပကုသိုလ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား၊ အရူပကုသိုလ် ဇောစိတ္တုပ္ပါဒ် အာနေဉ္ဇာဘိသင်္ခါရတရား၊ ကိုယ်နှုတ်စိတ်ဖြင့် မကောင်းမှု အကုသိုလ်ကို အားထုတ်သော အကုသိုလ် ဇောစိတ္တုပ္ပါဒ် အပုညာဘိ သင်္ခါရတရား အားဖြင့် (၈)ပါး အပြားရှိ၏။

ထို(၈) ပါးတို့တွင် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းမှု အကုသိုလ်ကို ရဟန်းရှင်လူ ဘယ်သူမဆို အားမထုတ်အပ် ပယ်သာ ပယ်အပ်၏။ ယခုဘဝ နောက်နောက်သော ကာလ ဘဝ ဘဝတို့၌ လောကီ, လောကုတ္တရာ (၂) ဖြာသော ကောင်းကျိုးချမ်းသာကို ရည်သန် တောင့်တ၍ ဒါနကို ရဟန်းရှင်လူ ဘယ်သူမဆို အားထုတ်အပ်၏၊ မပယ်အပ်။ ဤသို့ပင် မပယ်အပ်သော်လည်း ဒါနသည် ဝိပဿနာ၏ အခြေမူလ အနေမျိုးမဟုတ်၊ ကသိုဏ်း(၁၀)ပါး, အသုဘ (၁၀)ပါး, ကာယဂတာသတိ, အာနာပါနဿတိ, ဗြဟ္မဝိဟာရတရား (၄)ပါး, အရူပတရား (၄)ပါး၊ ဤ (၃၀)သော ကမ္မဋ္ဌာန်းသည် ဥပစာရ သမာဓိ, အပ္ပနာသမာဓိ (၂) ပါးနှင့် ပြည့်စုံ၏။ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်၊ ဤ (၁၀) ပါးသော ကမ္မဋ္ဌာန်းသည် ဥပစာရ သမာဓိနှင့်သာ ပြည့်စုံ၏။ အပ္ပနာသမာဓိနှင့် မပြည့်စုံ။

ယခု ဘဝ၊ နောက်နောက်သော ကာလ ဘဝဘဝတို့၌ လောကီ, လောကုတ္တရာ(၂)ဖြာသော ကောင်းကျိုးချမ်းသာကို ရည်သန် တောင့်တ၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ရဟန်းရှင်လူ ဘယ်သူမဆို အားထုတ်အပ်၏။ ဝိပဿနာ၏အခြေ မူလအနေမျိုးလည်း ဖြစ်၏။ ဤသို့ ဝိပဿနာ၏အခြေ မူလအနေမျိုးပင် ဖြစ်သော်လည်း အချို့သော သမထယာနိက ပုဂ္ဂိုလ်တို့သည် ဥပစာရ သမာဓိ, အပ္ပနာသမာဓိကို အားထုတ်၏။ အချို့သော သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်တို့သည် အားမထုတ်၊ ဤသို့ အချို့သော ပုဂ္ဂိုလ် အားထုတ်၍ အချို့သော ပုဂ္ဂိုလ် အားမထုတ်သောကြောင့် ဥပစာရ သမာဓိ, အပ္ပနာ သမာဓိ သည် ဝိပဿနာ၏အခြေ မုချမူလကေန် အမှန်မဟုတ် အနေကန့်ဟူလိုသည်။ နောက်နောက်သောကာလ ဘဝဘဝတို့၌ လောကီ, လောကုတ္တရာ (၂) ဖြာသော ကောင်းကျိုးချမ်းသာကို ရည်သန်တောင့်တသောထက်၊ ယခု ဘဝ ပစ္စက္ခ၌ ဒိဋ္ဌမျက်မှောက် ရောက်အပ် ရအပ်သော ဝိပဿနာ၏ အခြေမူလ ကေန် အမှန်စင်စစ် ဖြစ်သော သီလကို ရဟန်း ရှင်လူ ဘယ်သူမဆို အားထုတ်အပ်၏။ ထိုသီလသည်လည်း ပါတိမောက္ခသံဝရသီလ,

ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝပါရိသုဒ္ဓိသီလ အားဖြင့် (၄)ပါး အပြားရှိ၏။

ထို(၄)ပါးတို့တွင် ဝိနည်းသိက္ခာပုဒ်သည် ရဟန်းတို့၏ ပါတိမောက္ခသံဝရသီလမည်၏။ (၅)ပါးသီလ (၈)ပါးသီလ (၁၀)ပါးသီလသည် လူတို့၏ ပါတိမောက္ခသံဝရသီလမည်၏။ ဝိနည်းသိက္ခာပုဒ် (၅) ပါး သီလ (၈)ပါးသီလ (၁၀) ပါးသီလကို ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည်မည်၏။ ဣန္ဒြေ (၆) ပါးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဣန္ဒြိယ သံဝရသီလနှင့် ပြည့်စုံသည် မည်၏။ သုံးဆောင်တိုင်း သုံးဆောင်တိုင်း ပစ္စည်း (၄) ပါးကို သတိဖြင့် ဆင်ခြင်ခြင်းသည် ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံသည်မည်၏။ အသက်မွေး စင်ကြယ်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသည် မည်၏။ မြတ်စွာဘုရားသခင်၏ သာသနာတော်၌ သီလ, သမာဓိ, ပညာကို ရဟန်းရှင်လူ ဘယ်သူမဆို အားထုတ်အပ်၏၊ သီလသည် အဓိသီလသိက္ခာ မည်၏၊ သမာဓိသည် အဓိစိတ္တသိက္ခာမည်၏၊ ပညာသည် အဓိပညာသိက္ခာ မည်၏။ သုတမယဉာဏ်၏ အာရုံသည် ပရိယတ္တိသာသနာမည်၏၊ စိန္တာ မယဉာဏ်၏ အာရုံသည် ပဋိပတ္တိ သာသနာမည်၏၊ ဘာဝနာမယဉာဏ်၏ အာရုံသည် ပဋိဝေဓသာသနာမည်၏။

ထိုအဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ (၃)ပါးတို့တွင် တပါးတပါးသော သိက္ခာကို ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ(၃)ပါးတို့ဖြင့် ရေတွက်အပ်၏။ ဤသို့ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာ (၃) ပါးဖြင့်လည်း ရေတွက်အပ်သော အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ(၃)ပါး ဖြင့်လည်း ရေတွက်အပ်သော သိအပ်သော အဘိညေယျ ဒေသနာ၊ ပိုင်းခြားအပ်သော ပရိညေယျဒေသနာ၊ ပယ်အပ်သော ပဟာတဗ္ဗ ဒေသနာ၊ ပွားအပ်သော ဘာဝေတဗ္ဗ ဒေသနာ၊ မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗဒေသနာ၊ သီလ, သမာဓိ, ပညာ၏ ယုတ်သော အဘို့ရှိသော ဟာနဘာဂိယဒေသနာ၊ သီလ, သမာဓိ, ပညာ၏ တည်သောအဘို့ရှိသော ဌိတိဘာဂိယဒေသနာ၊ သီလ, သမာဓိ, ပညာ၏ ထူးသောအဘို့ရှိသော

ဝိသေသဘာဂိယဒေသနာ၊ သီလ, သမာဓိ, ပညာ၏ ထိုးထွင်းသော အဘိုရှိသော နိဗ္ဗေဓဘာဂိယဒေသနာ၊ သဗ္ဗေ သင်္ခါရာ အနိစ္စဒေသနာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခဒေသနာ၊ သဗ္ဗေ ဓမ္မာ အနတ္တဒေသနာ၊ ဒုက္ခသစ္စာနှင့် စပ်သော ဒေသနာ၊ သမုဒယသစ္စာနှင့် စပ်သော ဒေသနာ၊ နိရောဓသစ္စာနှင့် စပ်သောဒေသနာ၊မဂ္ဂသစ္စာနှင့် စပ်သော ဒေသနာကို ကြားနာရ၍ သဘာဝရုပ်နာမ်၊ ဉာဏ်,မဂ်,ဖိုလ်,နိဗ္ဗာန် ပရမတ်၏ နာမပညတ်ကို အမှန်သိခြင်းသည်သုတမယဉာဏ်မည်၏။ကြားနာပြီး၍မိမိ ဉာဏ်ဖြင့် အနုမာန ကြံဆ၍ သဘာဝရုပ်နာမ်၊ ဉာဏ်,မဂ်,ဖိုလ်,နိဗ္ဗာန် ပရမတ်၏ တဇ္ဇာပညတ်ကို အမှန်သိခြင်းသည် စိန္တာမယဉာဏ်မည်၏၊ မိမိဉာဏ်ဖြင့် အနုမာန ကြံဆပြီး၍ သဘာဝရုပ်နာမ်၊ ဉာဏ်,မဂ်,ဖိုလ်,နိဗ္ဗာန် ပရမတ် အပေါင်းတို့တွင် ဝိပဿနာဉာဏ်ဖြင့် သဘာဝရုပ်နာမ်၊ဉာဏ်,မဂ်၏ ပရမတ်သဘောကို အမှန်သိခြင်းသည် လောကီ ဘာဝနာမယဉာဏ် မည်၏။ ဝိပဿနာဖြင့် သိပြီး၍ မဂ်ဖြင့် သဘာဝရုပ်နာမ်၊ဉာဏ်,မဂ်,ဖိုလ်,နိဗ္ဗာန်ကို အမှန်သိခြင်းသည် လောကုတ္တရာ ဘာဝနာမယဉာဏ် မည်၏။ လောကီ ဘာဝနာမယဉာဏ်ဟု ဆိုအပ်သော ဝိပဿနာ ဉာဏ်ဖြင့် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ, အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာ, ဣဒပ္ပစ္စယတာ အဝိဇ္ဇာ၊ ဤ(၈)ပါးသော ဌာန ဗဟိဒ္ဓကို သိခြင်းငှါ အလိုရှိသော ဝိပဿကယောဂီပုဂ္ဂိုလ်သည်နောက်နောက်သော ကာလ၊ ဘဝဘဝတို့၌ လောကီ,လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာကို ရည်သန်တောင့်တသောထက် ယခုဘဝ ပစ္စက္ခ၌ ဒိဋ္ဌ မျက်မှောက် ရောက်အပ်ရအပ်သော မဂ်ဉာဏ်ဖြင့် အဇ္ဈတ္တ,ဗဟိဒ္ဓ(၂) ပါးစုံကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍ သောတာပတ္တိမဂ်ဉာဏ်၏ ပရတော ဃောသ ပစ္စည်း၊ ဝိပဿနာဉာဏ်၏ ဥပနိဿယပစ္စည်းဖြစ်သော သုတမယဉာဏ်ကို ရဟန်းရှင်လူ ဘယ်သူမဆို အားထုတ်အပ်၏။

ထို့ကြောင့်-

ဓမ္မာဘိသမယော ဒွေ ပစ္စယာ သမ္မာဒိဋ္ဌိ။ ပရတော စ
ဃောသော ယောနိသော စ မနသိကာရော။

(ကထာဝတ္ထု)

ပရတော ဃောသော၊သူတပါးမှဟောပြောသော ဒေသနာသံ တရား စကားကို ကြားနာသဖြင့် ပြီးသော။ သမ္မာဒိဋ္ဌိ စ၊ သုတမယဉာဏ် သမ္မာ ဒိဋ္ဌိလည်း တပါး။ ယောနိသော မနသိကာရော၊ အသင့်အတင့် နှလုံး သွင်းသဖြင့် ပြီးသော။သမ္မာဒိဋ္ဌိစ၊ ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိလည်းတပါး။ ဣတိ၊ ဤသို့။ ဒွေ ပစ္စယာ၊ သုတမယဉာဏ် သမ္မာဒိဋ္ဌိ, ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိ နှစ်ပါးသော အကြောင်းကြောင့်။ ဓမ္မာဘိသ သမယော၊ သောတာပတ္တိမဂ်သည်။ ဟောတိ၊ ဖြစ်၏။ ။ဤကားအနက်။

သုတမယဉာဏ်ကို အမှီပြု၍ စိန္တာမယဉာဏ်ကို ရဟန်းရှင်လူ ဘယ်သူ မဆို အားထုတ်အပ်၏။ သုတမယဉာဏ် စိန္တာမယဉာဏ်ဖြင့် ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ် သုံးယောက်ကို သိအပ်၏။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်သည် သုတမယဉာဏ်, စိန္တာမယဉာဏ် နှစ်ပါးနှင့် ပြည့် စုံ၏။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်သည် သုတမယဉာဏ်နှင့် ပြည့်စုံ၏။ စိန္တာမယ ဉာဏ်နှင့် မပြည့်စုံ။ နေယျပုဂ္ဂိုလ်သည် သုတမယဉာဏ်နှင့်လည်း မပြည့်စုံ၊ စိန္တာမယ ဉာဏ်နှင့်လည်း မပြည့်စုံ။

ထို့ကြောင့်–

ယဿ ဣမာ ဒွေ ပညာ အတ္ထိ သုတမယီ စိန္တာမယီ စ။
အယံ ဥဂ္ဃဋိတညူ။ယဿ သုတမယီ ပညာ အတ္ထိ စိန္တာမယီ နတ္ထိ။
အယံ ဝိပဉ္စိတညူ။ ယဿ နေဝ သုတမယီ ပညာ အတ္ထိ န
စိန္တာမယီ။ အယံ နေယျော။

(နေတ္တိ)

ယဿ၊ အကြင်သူအား။ ဣမာ ဒွေ ပညာ၊ ဤနှစ်ပါးသော ပညာ တို့သည်။ အတ္ထိ၊ ရှိကုန်၏။ သုတမယီ စ ပညာ၊ သုတမယ ပညာ သည်လည်း။ အတ္ထိ၊ ရှိ၏။ စိန္တာမယီ စ ပညာ၊ စိန္တာမယ ပညာ သည်လည်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသူသည်။ ဥဂ္ဃဋိတညူ၊ ဥဂ္ဃဋိ တညူ ပုဂ္ဂိုလ်မည်၏။ ယဿ၊ အကြင်သူအား။ သုတမယီ ပညာ၊ သုတ မယ ပညာသည်။ အတ္ထိ၊ ရှိ၏။ စိန္တာမယီ ပညာ၊ စိန္တာမယ ပညာသည်။ နတ္ထိ၊ မရှိ။ အယံ၊ ဤသူသည်။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူပုဂ္ဂိုလ်မည်၏။ ယဿ၊ အကြင် သူအား။ သုတမယီ ပညာ၊ သုတမယ ပညာသည်။

နေဝအတ္ထိ၊ မရှိ။ စိန္တာမယီပညာ၊ စိန္တာမယပညာသည်။ န အတ္ထိ၊ မရှိ။ အယံ၊ ဤသူသည်။ နေယျော၊ နေယျပုဂ္ဂိုလ်မည်၏။ ။ဤကား အနက်။

ဥဃ္ဃဋိတညူပုဂ္ဂိုလ်သည် ဥဒ္ဒေသ မာတိကာ အကျဉ်းဖြစ်သော ဒေသနာကို ကြားနာရသဖြင့် ဝိပဿနာကို အားထုတ်ရသော ကာလ သီးခြား တပါးမရှိ။ ကြားနာသော ခဏ ကိလေသာ ကွာသည်နှင့် တပြိုင်နက် ဝိပဿနာသို့တက်၍ သောတာပတ္တိမဂ်သို့ ဆိုက်၏။

ထို့ကြောင့်–

ကတမော စ ပုဂ္ဂလော ဥဃ္ဃဋိတညူ။ ယဿ ပုဂ္ဂလဿ ဥဒဟဋ္ဌဝေလာယ ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဥဃ္ဃဋိတညူ။

(ပါဠိတော်)

ကတမော စ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်ကို။ ဥဃ္ဃဋိတညူ၊ ဥဃ္ဃဋိတညူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဥဒါဟဋ္ဌဝေလာယ၊ တရားကိုကြားနာသော ခဏ ကိလေသာ ကွာသော ကာလနှင့်။ သဟ၊ တကွ တပြိုင်နက်။ ဓမ္မာဘိသမယော၊ သောတာပတ္တိမဂ်သည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဥဃ္ဃဋိတညူ၊ ဥဃ္ဃဋိတညူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအနက်။

ဝိပဉ္စိတညူပုဂ္ဂိုလ်သည်၊ ဥဒ္ဒေသ နိဒ္ဒေသ မာတိကာ ပဒဘာဇနီ အကျယ်ဖြစ်သော ဒေသနာကို ကြားနာရသဖြင့် ဝိပဿနာကို အားထုတ်ရသော ကာလသီးခြား တပါးမရှိ။ ကြားနာရသော တရားဒေသနာ အဆုံး၌ ဝိပဿနာသို့တက်၍ သောတာပတ္တိမဂ်သို့ ဆိုက်၏။

ထို့ကြောင့်–

ကတမော စ ပုဂ္ဂလော ဝိပဉ္စိတညူ၊ ယဿ ပုဂ္ဂလဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထေ ဝိဘဇီယမာနေ ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဝိပဉ္စိတညူ။

(ပါဠိတော်)

ကတမော စ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်ကို။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဘာသိတဿ၊ ဟောအပ်သော တရားဒေသနာ၏။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အတ္ထေ၊ အနက်ကို။ ဝိဘဇိယမာနေ၊ ဝေဘန်အပ်သည်ရှိသော်။ ဓမ္မာဘိသမယော၊ သောတာပတ္တိမဂ်သည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအနက်။

နေယျပုဂ္ဂိုလ်သည် ဥဒ္ဒေသ နိဒ္ဒေသ ပဋိနိဒ္ဒေသ အနုလောမ ပဋိလောမ မာတိကာ ပဒဘာဇနီ အကျယ်ဖြစ်သော တရားဒေသနာကို အကြိမ်ကြိမ် အခါခါ ကြားနာအပ်၏။ ကြားနာအပ်သော တရားဒေသနာ၏ အရ ဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်းကို ယူဆောင် သင်ကြားအပ်၏။ ယူဆောင် သင်ကြားအပ်သော ဝိပဿနာ ကမ္မဋ္ဌာန်း၏ အနက်အဓိပ္ပါယ်ကို အဘန် တလဲလဲ မေးမြန်းအပ်၏။ ယူဆောင်သင်ကြား မေးမြန်းပြီး၍ နေ့,ညဉ့်, ရက်,လ,နှစ် ကာလပတ်လုံး၊ မဂ်,ဖိုလ်, နိဗ္ဗာန်ကို မရမခြင်း ဝိပဿနာကို အားထုတ်အပ်၏။ အားထုတ်၍ သင့်သော ကာလ၊ တရားဒေသနာ ကြားနာခြင်းငှါ ဝိပဿနာကမ္မဋ္ဌာန်းကို ပြောဟောတတ်သော ကလျာဏ မိတ္တကို အဖန်တလဲလဲ မှီဝဲဆည်းကပ် အပ်၏။ ဤသို့သော အစဉ်ဖြင့် ဝိပဿနာသို့တက်၍ သောတာပတ္တိမဂ်သို့ ဆိုက်၏။

ထို့ကြောင့်—

> ကတမော စ ပုဂ္ဂလော နေယျော။ ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော၊ ပရိပုစ္ဆတော၊ ယောနိသော မနသိကရောတော၊ ကလျာဏ မိတ္တေသေဝတော၊ ဘဇတော၊ ပယိရုပါသတော၊ အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော။

(ပါဠိတော်)

ကတမော စ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်ကို။ နေယျော၊ နေယျ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဥဒ္ဒေသတော၊ ကမ္မဋ္ဌာန်းကို ယူဆောင် သင်ကြားသောအားဖြင့်။ ပရိပုစ္ဆတော၊ ယူဆောင် သင်ကြားသော

ကမ္မဋ္ဌာန်း၏ အနက် အဓိပ္ပါယ်ကို အဘန်လဲလဲ မေးမြန်းသောအားဖြင့်။ ယောနိသော မနသိကရောတော၊ ဝိပဿနာကို အသင့်အတင့် နှလုံးသွင်းသော။ ကလျာဏမိတ္တ သေဝတော၊ ကလျာဏမိတ္တ ပြောဟောတတ်သော ဆရာမြတ်တို့ကို မှီဝဲသော။ ဘဇတော၊ ဆည်းကပ်သော။ ပယိရုပါသတော၊ ကပ်၍နေသော။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ အနုပုဗ္ဗေန၊ ရောက်အပ်သော ဝိပဿနာဉာဏ် အစဉ်ဖြင့်။ ဓမ္မာဘိသမယော၊ သောတာပတ္တိမဂ်သည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ နေယျော၊ နေယျဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကား အနက်။

နေတ္တိ၏အလို နေတ္တိအဋ္ဌကထာ ဆောင်အပ်သော သာဓကပါဠိတော်၏ အလိုအားဖြင့် မိမိကိုယ်ကို မိမိဉာဏ်ဖြင့် ဥဂ္ဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်,နေယျပုဂ္ဂိုလ် ဟုတ်,မဟုတ်ကို ထောက်ချင့်၍ အကျဉ်းဖြစ်သော ဒေသနာကို တကြိမ်တခါ၊ အကျယ်ဖြစ်သော ဒေသနာကို တကြိမ်တခါ၊ နေ့ညဉ့်မပြတ် အထပ်ထပ် အခါခါ သူတော်ကောင်းတို့ ဟောပြောသော တရားဒေသနာကို အကြိမ်ကြိမ် အခါခါ ကြားနာသဖြင့် သုတမယဉာဏ်ကို ရဟန်းရှင်လူ ဘယ်သူမဆို အားထုတ်အပ်၏။ တရားဒေသနာကို ကြားနာပြီးမှ သုတမယဉာဏ်ကို အမှီပြု၍ အနုမာန သဘာဝဓမ္မကို ဆသောအားဖြင့် စိန္တာမယဉာဏ်ကို တဘန် အားထုတ်အပ်၏။

ဖြစ်ခိုက် သင်္ခါရတရားသည် အဇ္ဈတ္တ,ဗဟိဒ္ဓ နှစ်ပါးစုံကို မသိမြင်နိုင်သော သင်္ခါရတရား၊ ဗဟိဒ္ဓကိုသာ သိ၍ အဇ္ဈတ္တကို မသိမမြင်နိုင်သော သင်္ခါရတရား အားဖြင့် (၂)ပါး အပြားရှိ၏။ ထို(၂)ပါးတို့တွင် ဗဟိဒ္ဓကိုသာ သိ၍ အဇ္ဈတ္တကို မသိမမြင်နိုင်သော သင်္ခါရတရားသည် ဝိပဿနာဉာဏ်ကို အားထုတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား၊ ပစ္စဝေက္ခဏာဉာဏ်ကို အားထုတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား၊ အဘိညာဉ်ဉာဏ်ကို အားထုတ်သော ရူပကုသိုလ် ပဉ္စမဈာန် ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား အားဖြင့် သုံးပါး

အပြားရှိ၏။ ထိုသုံးပါးတို့တွင် (ဉာဏ်ကို ဆိုသဖြင့် တခုသော အာဝဇ္ဇန်းရှိသော ဇော်ဝီထိ စိတ္တုပ္ပါဒ်ကို သိအပ်၏။)

ဝိပဿနာ ဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်အားဖြင့် (၁၃)ပါး အပြား ရှိ၏။ ပစ္စဝေက္ခဏာဉာဏ်သည် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ပယ်ပြီးသော ကိလေသာ၊ မပယ်သေးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် အားဖြင့် နှစ်ပါး အပြားရှိ၏။

အဘိညာဉ်ဉာဏ်သည် ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အနာဂတံသဉာဏ်, ယထာကမ္မုပဂဉာဏ် အားဖြင့် (၇)ပါး အပြား ရှိ၏။ ထို (၇)ပါး တို့တွင် တခုသော အာဝဇ္ဇန်းရှိသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဣဒ္ဓိဝိဓဉာဏ်၊ ထို့အတူ ဒိဗ္ဗသောတဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်သည် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံ မသိမမြင်နိုင်။တခုသော အာဝဇ္ဇန်းရှိသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ စေတောပရိယဉာဏ်၊ ထို့အတူ ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်၊ ယထာကမ္မုပဂဉာဏ်သည် ဗဟိဒ္ဓကို သိမြင်နိုင်၏။ အဇ္ဈတ္တကို မသိမမြင်နိုင်။ တခုသော အာဝဇ္ဇန်းရှိသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ စေတောပရိယဉာဏ်သည် ဗဟိဒ္ဓအရ သူတပါး၏ စိတ်အကြံကို သိ၏ဆိုသောစကားကို ဥပမာဖြင့် အသေအချာသိအပ်၏။ တခုသော အာဝဇ္ဇန်းရှိသော စက္ခုဒွါရိကဝီထိ စိတ္တုပ္ပါဒ်သည် ဥပစာ အားဖြင့် တင်စား၍ အဆင်းကိုမြင်၏ ဆိုသော်လည်း မုချအားဖြင့် စက္ခုဝိညာဉ်သည် အဆင်းကို မြင်၏၊ တပါးသော စိတ်သည် အဆင်းကို အာရုံပြု၏၊ မြင်ကား မမြင်သကဲ့သို့၊ ထို့အတူ တခုသော အာဝဇ္ဇန်း ရှိသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ စေတောပရိယဉာဏ်သည် ဥပစာအားဖြင့် တင်စား၍ သူတပါး၏စိတ်အကြံကို သိ၏ဆိုသော်လည်း မုချအားဖြင့် စေတောပရိယဉာဏ်သည် သူတပါး၏ စိတ်အကြံကို

သိ၏၊ တပါးသော စိတ်သည် သူတပါး၏ စိတ်အကြံကို အာရုံပြု၍၊ သိကား မသိနိုင်။

ထို့ကြောင့်–

> ဂောစရမ္မဏတ္တေပိ စ ဣဒ္ဓိ စိတ္တမေဝ ပရဿ စိတ္တံ ဇာနာတိ န ဣတရာနိ၊ ယထာ စက္ခုဒ္ဒွါရေ စက္ခုဝိညာဏမေဝ ရူပံ ပဿတိ န ဣတရာနီတိ။
>
> (ဝိသုဒ္ဓိမဂ်)

စက္ခုဒ္ဒွါရေ၊ စက္ခုဒ္ဒွါရ၌။ စက္ခုဝိညာဏ မေဝ၊ စက္ခုဝိညာဏ်သည် သာလျှင်။ ရူပံ၊ အဆင်းကို။ ပဿတိ-ယထာ၊ မြင်သကဲ့သို့။ ဣတရာနိ၊ တပါးစိတ်တို့သည်။ န ပဿန္တိ ယထာ၊ မမြင်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဂောစရမ္မဏတ္တေ၊ အာရုံတူသည်၏ အဖြစ်သည်။ သတိပိ စ၊ ရှိသော်လည်း။ ဣဒ္ဓိစိတ္တမေဝ၊ စေတောပရိယ မည်သော ဣဒ္ဓိ စိတ်သည်သာလျှင်။ ပရဿ၊ သူတပါး၏။ စိတ္တံ၊ စိတ်ကို။ ဇာနာတိ၊ သိ၏။ ဣတရာနိ၊ တပါးသော စိတ်တို့သည်။ န ဇာနန္တိ၊ မသိကုန်။ ။ ဤကားအနက်။

ယခု ဘဝ နောက် နောက်သောကာလ ဘဝ ဘဝတို့၌ လောကီ, လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုး ချမ်းသာကို ရည်သန် တောင့်တ၍ ပါရမီအထူး သီလအထူး သမာဓိအထူး ပညာအထူး ဖြည့်ဆည်းပူးသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည်သာလျှင် ရောက်အပ် ရအပ် သုံးဆောင် မှီဝဲအပ်သော (၇) ပါးသော တန်ခိုး အဘိညာဉ်ကို ရဟန်းရှင်လူ ဘယ်သူမဆို အားထုတ်အပ်၏။ ဤသို့ပင် အားထုတ်အပ်သော်လည်း ယခု ဝိပဿနာကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာကို အားမထုတ်မီ၊ ဝိပဿနာ၏ ရှေးဦးစွာ ဝိပဿနာ ပလိဗောဓ မုချကေန် အမှန်ဖြစ်သော (၇) ပါးသော တန်ခိုး အဘိညာဉ်ကို အားမထုတ်အပ်။

ပစ္စဝေက္ခဏာဉာဏ် (၂) ပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စသော ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည်

အဇ္ဈတ္တ,ဗဟိဒ္ဓနှစ်ပါးစုံကိုပင် မသိမမြင်နိုင်။ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ပယ်အပ်ပြီးသော ကိလေသာ၊ မပယ်အပ်သေးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည် အထူးအားထုတ်ဘွယ် မရှိပြီ။ မဂ်,ဖိုလ်သို့ ရောက်လျှင် မုချစင်စစ် ကေန်အမှန်ပင် ဖြစ်၏။

ဤတရားတို့တွင် အဘယ်တရားကို ရှေးဦးစွာ အားထုတ်ရဟူသော ပုစ္ဆာစကားရပ်၏ အလိုအားဖြင့်၊ ဝိပဿနာကို အားထုတ်လိုသော သမထယာနိက ဝိပဿက ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာကို အားမထုတ်မီ အဇ္ဈတ္တ, ဗဟိဒ္ဓ(၂)ပါးစုံကို မသိမမြင်နိုင်သော သင်္ခါရတရား၊ ဗဟိဒ္ဓကိုသာ သိမြင်၍ အဇ္ဈတ္တကို မသိမမြင်နိုင်သော သင်္ခါရတရား၊ ဤတရားနှစ်ပါးတို့တွင် အဇ္ဈတ္တ, ဗဟိဒ္ဓနှစ်ပါးစုံကို မသိမမြင်နိုင်သော သင်္ခါရတရား၏ အရဖြစ်သော စိန္တာမယဉာဏ်၏ ရှေးဦးစွာ သုတမယဉာဏ်ကို အားထုတ် အပ်၏။ သီလ၏ ရှေးဦးစွာ စိန္တာမယဉာဏ်ကို အားထုတ်အပ်၏။ ဥပစာရ သမာဓိ၏ ရှေးဦးစွာ သီလကို အားထုတ်အပ်၏။ အပ္ပနာသမာဓိ၏ ရှေးဦးစွာ ဥပစာရ သမာဓိကို အားထုတ်အပ်၏။ ဝိပဿနာ၏ ရှေးဦးစွာ အပ္ပနာသမာဓိကို အားထုတ်အပ်၏။ သုဒ္ဓဝိပဿနာ ယာနိက ယောဂီပုဂ္ဂိုလ်သည်ဝိပဿနာကိုအားမထုတ်မီ စိန္တာမယဉာဏ်၏ ရှေးဦးစွာ သုတမယဉာဏ်ကို အားထုတ်အပ်၏။ သီလ၏ ရှေးဦးစွာ စိန္တာမယဉာဏ်ကို အားထုတ်အပ်၏။ဝိပဿနာဉာဏ်၏ ရှေးဦးစွာ သီလကို အားထုတ်အပ်၏။ ဝိပဿနာ၏ တည်မှီရာ မူလဘူတ အခြေမျှကိုသာ အားထုတ် သေး၏၊ အဇ္ဈတ္တ, ဗဟိဒ္ဓ တစုံတခုကိုမျှ မသိမမြင်နိုင်သေး။

ဤတရားတို့တွင် အဘယ်တရားကို ရှေးဦးစွာ အားထုတ်၍ သိမြင်နိုင်ပါသနည်း ဟူသော ပုစ္ဆာစကားရပ်၏ အလိုအားဖြင့် အဇ္ဈတ္တကို မသိ မမြင်နိုင်၊ ဗဟိဒ္ဓကိုသာ သိမြင်နိုင်သော သင်္ခါရတရား၏ အရဖြစ်သော ဝိပဿနာဉာဏ် (၁၃)ပါးတို့တွင် ပစ္စယပရိဂ္ဂဟဉာဏ်၏ ရှေးဦးစွာ နာမရူပ ပရိစ္ဆေဒဉာဏ်ကို အားထုတ်၍ ဤကား အပူမှဖောက်ပြန်၍ သော သဘော–ရုပ္ပန လက္ခဏာရုပ်။ ဤကား သော သဘော ကို သေည်ဟု အာရုံသို့ ညွတ်သော သဘော–နမန လက္ခဏာနာမ် ဤသို့ အစရှိသော နည်းဖြင့် သတ္တသညာ ကင်းပျောက် ပစ္စယပရိဂ္ဂဟဉာဏ်

ပေါ်ပေါက်သည်တိုင်အောင် ရုပ်နာမ် နှစ်ပါးကို အစုံအစုံ ပိုင်းခြားသဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်သင်္ခါရတရားသည် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၇)ပါးသော ဌာနတို့တွင် ဒုက္ခသစ္စာကိုလည်း သိမြင်၏။ ပစ္စုပ္ပန် ခန္ဓာကိုလည်း သိမြင်၏။ ဥပါဒ်,ဌီ,ဘင် အားဖြင့် ဖြစ်တိုင်းဖြစ်တိုင်းသော ပဋိစ္စသမုပ္ပါဒ် တရားကိုလည်း သိမြင်၏။ (၁)

ဖြစ်ခိုက်-သောသဘောသည် ရုပ္ပနလက္ခဏာမည်၏။ သောသဘောကို သည်ဟု အာရုံပြုခိုက် စိတ်သည် နမနလက္ခဏာမည်၏။ သောသဘောကို သည်ဟု သိခြင်း မှတ်ခြင်း အောက်မေ့ခြင်းသည် ရုပ်ကိုပိုင်းခြားသည် မည်၏။ သည်ဟု သိသော စိတ်ကို သိသည်ဟု သိခြင်း မှတ်ခြင်း အောက်မေ့ခြင်းသည် နာမ်ကိုပိုင်းခြားသည် မည်၏။ ဖောက်ပြန်သော သဘောဟု ရုပ္ပနလက္ခဏာဟု အာရုံသို့ ညွတ်သော သဘောဟု နမနလက္ခဏာဟု အထူး မပိုင်းခြားအပ်ပြီ၊ ရုပ္ပနလက္ခဏာဆိုသဖြင့် ဖြစ်ခိုက် ရုပ်ကို သိအပ်၏။ နမန လက္ခဏာဆိုသဖြင့် ဖြစ်ခိုက်စိတ်ကို သိအပ်၏။ စိတ် စေတသိက် ရုပ်တို့၏ သရုပ် သင်္ချာ အမည်ကိုလည်း မပိုင်းခြားအပ်ပြီဟု မှတ်အပ်၏။

နာမရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့် ပိုင်းခြား အပ်ပြီးသော နာမ် ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းငှါ သမ္မသနဉာဏ်၏ ရှေးဦးစွာ ပစ္စယပရိဂ္ဂဟ ဉာဏ်ကို အားထုတ်၍ ဒွါရအာရုံအားဖြင့် ပိုင်းခြားအပ်ပြီးသော မြင်ခြင်း ကြားခြင်း နံခြင်း စားခြင်း ထိခြင်း သိခြင်းတို့တွင်၊ မျက်စိဖြင့် အဆင်းကို မြင်သည်ရှိသော် ရှေးကမ္ဘာဝဌ် အဝိဇ္ဇာ မသိသော သဘော၊ တဏှာ တပ်မက်သော သဘော၊ ဥပါဒါန် စွဲလမ်းသောသဘော၊ ကံ ကုသိုလ် အကုသိုလ်ကို ပြုသော သဘော၊ အာဟာရ ကလာပ်တူ ဩဇာ စိုင်ခဲသော သဘော၊ ယခု စားအပ် သောက်အပ်သော အစာသဘော၊ ဤငါးပါးသော အကြောင်းကြောင့် မှန်ကဲ့သို့ မျက်စိလည်း ကြည်၏၊ အရိပ်ကဲ့သို့ အဆင်းလည်းထင်၏၊ မျက်စိကြည်ခြင်း အဆင်း ထင်ခြင်း ကြောင့် မှန်ကြည့်သောသူကဲ့သို့ မြင်လည်း မြင်၏၊ ဤသို့ အစရှိသော နည်းဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြောင်း

ကြောင့်ဖြစ်သော နာမ်ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တ ထင်သည်တိုင်အောင် သိမ်းဆည်းသဖြင့် ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားသည် ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈)ပါးသောဌာနတို့တွင် ဒုက္ခသစ္စာကို သိမြင်၏၊ သမုဒယသစ္စာကို သိမြင်၏၊ အတိတ်ခန္ဓာကို သိမြင်၏၊ အနာဂတ်ခန္ဓာကို သိမြင်၏၊ ပစ္စုပ္ပန်ခန္ဓာကို သိမြင်၏၊ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းတရားကို သိမြင်၏၊ အကျိုးတရားကို သိမြင်၏။ (၂)

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းအပ်ပြီးသော အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြောင်းကြောင့်ဖြစ်သော နာမ် ရုပ်၊ ရုပ်ကလာပ် နာမ်ကလာပ်ကို သုံးသပ်ခြင်းငှါ ဥဒယဗ္ဗယဉာဏ်၏ ရှေဦးစွာ သမ္မသနဉာဏ်ကို အားထုတ်၍ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းအပ်ပြီးသော နာမ်-ရုပ်အရ ခန္ဓာအစ ပဋိစ္စသမုပ္ပါဒ် အဆုံးရှိသော (၂၃) ပါးသော ကောဋ္ဌာသ၌ (၅) ပါးသော ခန္ဓာတို့တွင် ရူပက္ခန္ဓာတစိပ်ဖြစ်သော ခြေတလှမ်းတလှမ်း၌ ကြွသောရုပ်တခု၊ ဆောင်သော ရုပ်တခု၊ ရှောင်သော ရုပ်တခု၊ လွှတ်သောရုပ်တခု၊ ချသောရုပ်တခု၊ နင်းသော ရုပ်တခု၊ (၆)ပုံပြု၍ ကြွသောရုပ်သည် ဆောင်သောရုပ်သို့ မရောက်၊ ဆောင်သောရုပ်သည် ရှောင်သောရုပ်သို့ မရောက်၊ ရှောင်သောရုပ်သည် လွှတ်သောရုပ်သို့ မရောက်၊ လွှတ်သောရုပ်သည် ချသောရုပ်သို့ မရောက်၊ ချသောရုပ်သည် နင်းသောရုပ်သို့ မရောက်၊ နင်းသောရုပ်သည် တဖန် ကြွသောရုပ်သို့မရောက်၊ ထိုထိုကာလ ခဏခဏ ဖြစ်ရာဌာန၌ အဆင့်အဆင့် အစပ်အစပ် အပိုင်းအပိုင်း ပြတ်၍ ပျက်၏။ ပျက်သော သဘောသည် မမြဲ အနိစ္စဟု ပိုင်းခြား၏။ သမ္မသနဉာဏ်တခု မမြဲသောသဘောသည် ဆင်းရဲ ဒုက္ခဟု ပိုင်းခြား၏။ သမ္မသနဉာဏ်တခု မမြဲသော သဘော ဆင်းရဲသော သဘောသည် မိမိအလိုမကျ အစိုးမရ အနတ္တဟု ပိုင်းခြား၏၊ သမ္မသနဉာဏ်တခု ဤသို့အစရှိသော နည်းဖြင့် အတိတ် အနာဂတ်. ရုပ်နာမ်ခန္ဓာကို လွှတ်၍ ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာ၏ ဖြစ်သော သဘော၊ ပျက်သော သဘော ထင်သည်တိုင်အောင် သုံးသပ်သဖြင့် သမ္မသနဉာဏ်နှင့် သမ္ပယုတ် ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရ တရားသည် သမ္မသနဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈) ပါးသော ဌာနတို့တွင်

ဒုက္ခသစ္စာကို သိမြင်၏။ သမုဒယစ္စာ အတိတ်ခန္ဓာ အနာဂတ်ခန္ဓာ ပစ္စုပ္ပန် ခန္ဓာ ပဋိစ္စ သမုပ္ပါဒ်၏ အကြောင်းတရား အကျိုး တရားကို သိမြင်၏။ (၃)

သမ္မသနဉာဏ်ဖြင့် သုံးသပ်အပ်ပြီးသော ရုပ်နာမ်ခန္ဓာ၏ ဖြစ်သော သဘော၊ ပျက်သောသဘောကို ရှုခြင်းငှါ ဘင်္ဂဉာဏ်၏ရှေးဦးစွာဥဒယဗ္ဗယ ဉာဏ်ကိုအားထုတ်၍၊ ခန္ဓာအစ ပဋိစ္စသမုပ္ပါဒ် အဆုံးရှိသော (၂၃) ပါး သော ကောဋ္ဌာသဠ္ဌ (၅) ပါးသော ခန္ဓာတို့တွင် ဝေဒနာက္ခန္ဓာ၏ အရ ဖြစ်သော နာသောသဘော ဖြစ်သည်ရှိသော် နာသောသဘော၏ အစဖြစ် သော လက္ခဏာ ဥဒယ၊ နာသောသဘော၏ အဆုံး ပျက်သော လက္ခဏာ ဝယ။ နာသောသဘော၏ အစအဆုံး ဖြစ်သော သဘော ပျက်သော သဘောကို နာတိုင်း နာတိုင်း အထင်အမြင် ရှုသော အနုပဿနာ ဥဒယဗ္ဗယဉာဏ်၊ ဤသို့ အစရှိသောနည်းဖြင့် (၁၀)ပါးသော ဝိပဿနာ အညစ်အကြေးသည် မဂ်မဟုတ်၊ ဖြစ်သောသဘော ပျက်သောသဘော ကို ရှုသော အနုပဿနာ ဥဒယဗ္ဗယဉာဏ် ဝိပဿနာလမ်းစဉ် မှန်ခြင်းသည် မဂ်ဟုတ်၏။ ဤသို့ မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားပြီး၍ ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ခန္ဓာငါးပါး တပါးပါး၏ ဖြစ်ခိုက် ဖြစ်ခိုက် ရုပ္ပန, ဝေဒယိတ, သဉ္ဇာနန, သင်္ခရဏ, ဝိဇာနန- သဘာဝလက္ခဏာ အနိစ္စ,ဒုက္ခ,အနတ္တ သဘာဝလက္ခဏာ၏ အစ,အလယ်, အဆုံး ဥပါဒ်, ဌီ, ဘင်, သင်္ခတလက္ခဏာ၊ သင်္ခတလက္ခဏာ၏ ဥပါဒ်, ဌီ, ဘင်, အခြင်းအရာအားဖြင့် ဖောက်ပြန်သော ဥပါဒ်တွင် မနား ဌီ၊ ဌီတွင်မနား ဘင်။ ဤတွင် ဖြစ်သော သဘော၊ ပျက်သော သဘော၊ သာမညလက္ခဏာအရ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ကို ဝိပဿနာ၏ အညစ်အကြေးမှလည်း စင်စင်ကြယ်ကြယ် ဝိပဿနာ လမ်းစဉ်အားဖြင့်လည်း ဖြောင့်ဖြောင့် မှန်မှန် ဖြစ်သော သဘောကို လွှတ်၍ ပျက်သောသဘော ထင်သည်တိုင်အောင် ကောင်းစွာမှတ်သဖြင့် ဥဒယဗ္ဗယဉာဏ်နှင့် သမ္ပယုတ် ဖြစ်ခိုက် အဇ္ဈတ္တ အမည်ရသော မဟာ ကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရ တရားသည် ဥဒယဗ္ဗယ ဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈) ပါးသော ဌာနတို့တွင် ဒုက္ခသစ္စာကို သိမြင်၏။ သမုဒယသစ္စာကို သိမြင်၏။ လောကီ မဂ္ဂသစ္စာကို သိမြင်၏။ တဒင်္ဂ

နိရောဓသစ္စာကို သိမြင်၏။ ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းတရား အကျိုးတရားကို သိမြင်၏။ (၄)

ဥဒယဗ္ဗယဉာဏ်ဖြင့် သဘာဝလက္ခဏာ, သင်္ခတလက္ခဏာ, သာမညလက္ခဏာ, အနိစ္စ အနိစ္စလက္ခဏာ, ဒုက္ခ ဒုက္ခလက္ခဏာ, အနတ္တ အနတ္တလက္ခဏာ ဖြစ်သောသဘော ပျက်သော သဘောကို ကောင်းစွာ မှတ်အပ်ပြီးသော ရုပ်နာမ်ခန္ဓာ၏ ပျက်သော သဘောကို ရှုခြင်းငှါ ဘယဉာဏ်၏ ရှေးဦးစွာ ဘင်္ဂဉာဏ်ကို အားထုတ်၍ သညာက္ခန္ဓာ၏အရ ကွေး ကွေး သည်ဟူသော အမှတ်ကို ပျက်၏ဟု ရှုသော ဝိပဿနာစိတ် ဖြစ်၏။ နောက်ဝိပဿနာစိတ်ဖြင့် ပျက်၏ဟုရှုသောရှေ့ဝိပဿနာစိတ်ကိုပျက်၏ဟု တဘန်ရှု၏။ ဤသို့ အစရှိသော ဉာတ, ဉာဏ နှစ်ပါးစုံ၏ အပျက်ကို ရှုသောနည်းဖြင့် နိစ္စသညာ သုခသညာ အတ္တသညာ နန္ဒီရာဂ သမုဒယ အာဒါန ဆန့်ကျင်ဘက် ကိလေသာတို့ကိုလည်း တဒင်္ဂပဟာန် အားဖြင့် ပယ်၍ တဒင်္ဂပဟာန် ဆန့်ကျင်ဘက် ကိလေသာ ချုပ်သဖြင့်လည်း ဘဝတဘန် ခန္ဓာနာမ်ရုပ် တဒင်္ဂချုပ်သော နိဗ္ဗာန်ကို အာရုံပြု၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးပါးသော ကာလ၌ ဖြစ်သော ခန္ဓာ နာမ်ရုပ်၏ ပျက်သော သဘောကို ရေပြွက် တံလျှပ်ကဲ့သို့ မှတ်၍ ဘေးထင်သည် တိုင်အောင် ရှုသဖြင့် ဘင်္ဂဉာဏ်နှင့် သမ္ပယုတ် ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရ တရားသည် ဘင်္ဂဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈) ပါးသော ဌာနတို့တွင် ဒုက္ခသစ္စာကို သိမြင်၏။ သမုဒယသစ္စာ တဒင်္ဂနိရောဓသစ္စာ လောကီမဂ္ဂသစ္စာ အတိတ်ခန္ဓာ အနာဂတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းတရား အကျိုးတရားကို သိမြင်၏။ (၅)

ဘင်္ဂဉာဏ်ဖြင့် ရှုအပ်ပြီးသော အပျက်ရှိသော အတိတ်, အနာဂတ်, ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာတို့၌ အစ၌ ဘေးထင်ခြင်းငှါ၊ အလယ်၌ အပြစ်တင်ခြင်းငှါ၊ အဆုံး၌ ငြီးငွေ့ခြင်းငှါ၊ မုဉ္စိတုကမျတာဉာဏ်၏ ရှေးဦးစွာ အာဒီနဝဉာဏ်ကို အားထုတ်၍ သင်္ခါရက္ခန္ဓာ၏အရ တိုက်တွန်းနှိုးဆော် တစုံတခု ပြုလိုသော စေတနာ၊ အားထုတ်သော သဘောဘေး၊ အားမထုတ်သော သဘော ဘေး၏၊ အားထုတ်သော သဘော ဆင်းရဲ၊ အားမထုတ်သောသဘော ချမ်းသာ၊ အားထုတ်သော သဘော

အစာ၊ အားမထုတ်သောသဘော အစာမဟုတ်၊ ဤသို့ အစရှိသော နည်းဖြင့် ဤကား သူသတ်ယောကျ်ားကဲ့သို့ အားထုတ်သော သဘော ဘေး ဘယဒုက္ခ၊ ဤကား သူသတ်ယောကျ်ား၏ လက်မှ လွတ်သောသူကဲ့သို့ အားမထုတ်သော သဘော ဘေးဧ ခေမာနိဗ္ဗာန်၊ အစ၌ အားထုတ်သော သဘောကို သူသတ်ယောကျ်ားကဲ့သို့ ဘေးထင်သော အခြင်းအရာ ဘေးဟုရှုသော ဘယဉာဏ်၊ အားမထုတ်သော သဘောကို သူသတ်ယောကျ်ား၏ လက်မှ လွတ်သော သူကဲ့သို့ ဘေးဧ ထင်သော အခြင်းအရာ၊ ဘေးဧ နိဗ္ဗာန်ဟု ရှုသော သန္တိပဒဉာဏ်၊ ဤကား အပြစ်ရှိသောသူ အသတ်ခံရသကဲ့သို့ အားထုတ်သောသဘော ဆင်းရဲ ဒုက္ခ၊ ဤကား အပြစ်မရှိသောသူ အသတ်မခံရသကဲ့သို့ အားမထုတ် သောသဘော ချမ်းသာ နိဗ္ဗာန်၊ အလယ်၌ အားထုတ်သောသဘောကို အပြစ်ရှိသောသူ အသတ်ခံရသကဲ့သို့ ဆင်းရဲထင်သော အခြင်းအရာ အပြစ်ဟုရှုသော အာဒီနဝဉာဏ် အားမထုတ်သော သဘောကို အပြစ် မရှိသောသူ အသတ်မခံရသကဲ့သို့၊ ချမ်းသာထင်သော အခြင်းအရာ ချမ်းသာနိဗ္ဗာန်ဟု ရှုသော သန္တိပဒဉာဏ်၊ ဤကား အပြစ်ရှိသောသူ သူသတ်ယောကျ်ား၏ ဓားစာဖြစ်သကဲ့သို့ အားထုတ်သော သဘော လောကဝဋ္ဋ ကိလေသာတို့၏ အစာ သာမိသဒုက္ခ၊ ဤကား အပြစ် မရှိသောသူ သူသတ်ယောကျ်ား၏ ဓားစာမဟုတ်သကဲ့သို့၊ အားမထုတ် သော သဘော၊ လောကဝဋ္ဋ ကိလေသာတို့၏ အစာမဟုတ်၊ နိရာမိသ-နိဗ္ဗာန် အဆုံး၌ အားထုတ်သောသဘောကို အပြစ်ရှိသောသူ၊ သူသတ် ယောကျ်ား၏ ဓားစာဖြစ်သကဲ့သို့၊ လောကဝဋ္ဋ- ကိလေသာတို့၏ အစာတင်သော အခြင်းအရာ ငြီးငွေ့ဘွယ်ဟု ရှုသော နိဗ္ဗိဒါဉာဏ်၊ အားမထုတ်သော သဘောကို အပြစ်မရှိသောသူ၊ သူသတ်ယောကျ်ား၏ ဓားစာမဟုတ် သကဲ့သို့၊ လောကဝဋ္ဋ-ကိလေသာတို့၏ အစာမဟုတ်ဟု ထင်သောအခြင်းအရာ၊ မွေ့လျော်ဘွယ်နိဗ္ဗာန်ဟု ရှုသော သန္တိပဒဉာဏ်၊ ဤသို့ အစ၌ ဘယဉာဏ်, သန္တိပဒဉာဏ်၊ အလယ်၌ အာဒီနဝဉာဏ်, သန္တိပဒဉာဏ်၊ အဆုံး၌ နိဗ္ဗိဒါဉာဏ်, သန္တိပဒဉာဏ်၊ အစုံအစုံ ဉာဏ်သုံးပါး တို့၏ အာရုံဖြစ်သော၊ ဒုက္ခနှင့် နိဗ္ဗာန်ကို ဥပ္ပါဒ အစ ဥပါယာသ အဆုံးရှိသော (၁၅)ပါးသော ဝတ္ထုကို၊ လွတ်လိုသည် တိုင်အောင်

ရှုသဖြင့်၊ အာဒီနဝ ဉာဏ်နှင့် သမ္ပယုတ် ဖြစ်ခိုက် အဇ္ဈတ္တအမည် ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားသည် အာဒီနဝ ဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈)ပါးသော ဌာနတို့တွင် ဒုက္ခသစ္စာကို သိမြင်၏။ ပ။ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းတရား အကျိုးတရားကို သိမြင်၏။
(၆) (၇) (၈)

အာဒီနဝဉာဏ်ဖြင့် ထင်အပ်ပြီးသောဘေး၊ ထင်အပ်ပြီးသော အပြစ်၊ ထင်အပ်ပြီးသော ငြီးငွေ့ဘွယ်ရှိသော ဉပ္ပါဒ အစ၊ ဉပါယာသ အဆုံး ရှိသော(၁၅)ပါးသော ဝတ္ထုကို အစဉ်ခွ လွတ်လိုခြင်းငှါ၊အလယ်၌ လွတ်ခြင်း၏ အကြောင်းကို ဆင်ခြင်ခြင်းငှါ၊အဆုံး၌ လွတ်၍ အညီအမျှ ရှုခြင်းငှါ၊ အနုလောမဉာဏ်၏ ရှေးဦးစွာ၊ သင်္ခါရုပေက္ခာဉာဏ်ကို အားထုတ်၍ ဝိညာဏက္ခန္ဓာ၏အရ စိတ်ဝိညာဏ်(၆)ပါး မြင်သော ကြားသောနံသော စားသော ထိသော သိသော သဘော၊ မမြင် မကြား မနံ မစား မထိ မသိလို၊ မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘော၊ မမြဲ ဆင်းရဲ အစိုးမရ မတင့်တယ်၊ မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘော၊ ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ် ဤသို့အစရှိသောနည်းဖြင့် ဤကား မစောင့်စည်းသော မိန်းမ၊ ယောကျ်ားတပါးနှင့် ပေါင်းဖက်သကဲ့သို့၊ မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘော၊ နိစ္စ သုဘ သုခ အတ္တသညာ၊ ကိလေသာနှင့် ပေါင်းဘက်သော သံကိလေသ၊အစဉ်ခွ မစောင့်စည်းသော မိန်းမကို ကွာရှင်းလိုသော ယောကျ်ားကဲ့သို့၊ မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘောကို လွတ်လိုသော မမြင် မကြား မနံ မစား မထိ မသိလိုသော အခြင်းအရာ မုဉ္စိတုကမျတာ ဉာဏ်၊ ဤကား - မ စောင့် စည်း သော မိန်းမ၊ ယောကျ်ားတပါးနှင့် ပေါင်းဖက်၍ အပြစ်ရှိသကဲ့သို့၊ မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘော၊ နိစ္စ သုဘ သုခ အတ္တသညာ ကိလေသာနှင့် ပေါင်းဖက်၍ အပြစ်ရှိသော သာဒီနဝ၊ အလယ်၌ မစောင့်စည်းသော မိန်းမနှင့် ကွာရှင်းခြင်း၏ အကြောင်းကိုရှာသော ယောကျ်ားကဲ့သို့၊ မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘောနှင့် လွတ်ခြင်းအကြောင်း၊ မမြဲ ဆင်းရဲ အစိုးမရ မတင့်တယ်ဟု ဆင်ခြင်သော

အခြင်းအရာ ပဋိသင်္ခါဉာဏ်၊ ဤကား လင်နှင့် ကွာရှင်းပြီးသော မိန်းမ သူ့မယား ငါ့မယား မဟုတ်၊ လင်မှ ဆိတ်သကဲ့သို့၊မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘော၊ ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ် သုညတ၊ အဆုံး၌ မစောင့်စည်းသော မိန်းမ၌ ကွာရှင်းပြီး၍ အဖြစ်ကိုမလို၊ အကျိုးကိုမပြု၊ ငါ့မယားမဟုတ်ဟု အညီအမျှရှုသော ယောကျာ်းကဲ့သို့၊ မြင်သော ကြားသော နံသော စားသော ထိသော သိသော သဘော၌ ကြောက်ခြင်း နှစ်သက်ခြင်းကို ပယ်၍ မုန်းဖွယ်ကို မလို၊ ချစ်ဖွယ်ကို မပြု၊ ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်ဟု အညီအမျှ ရှုသော အခြင်းအရာ၊ သင်္ခါရုပေက္ခာဉာဏ်။

ဤသို့ အစ၌ မုဉ္စိတုကမျတာဉာဏ်, အလယ်၌ ပဋိသင်္ခါဉာဏ်,အဆုံး၌ သင်္ခါရုပေက္ခာဉာဏ် သုံးပါးတို့၏ အာရုံဖြစ်သော သံကိလေသ,သာဒီနဝ, သုညတကို ဝိက္ခမ္ဘနကိလေသာ ကွာရှင်း မဂ်နှင့်ကင်းသော ဝိပဿနာ ပရိဝါသ်ကို ဆောက်တည်၊ နိဗ္ဗာန်ပြည် ကမ်းတဘက် လှမ်းတက်သော အနုလောမဉာဏ် ဖြစ်သည့်တိုင်အောင် ရှုသဖြင့် သင်္ခါရုပေက္ခာဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားသည် သင်္ခါရုပေက္ခာဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈) ပါးသော ဌာနတို့တွင် ဒုက္ခသစ္စာကို သိမြင်၏၊ သမုဒယသစ္စာကို သိမြင်၏၊ နိရောဓ သစ္စာ,မဂ္ဂသစ္စာကို မသိ မမြင်။အတိတ်ခန္ဓာ အနာဂတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စ သမုပ္ပါဒ်၏ အကြောင်းတရား အကျိုးတရားကို သိမြင်၏။
(၉) (၁၀) (၁၁)

[သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် တူ၏။ မဂ်နိဗ္ဗာန် မြော်ဆဲ မသိ မမြင်]။

သင်္ခါရုပေက္ခာဉာဏ်ဖြင့် ခွါအပ်ပြီးသော ဝိက္ခမ္ဘနကိလေသာ၊ဆောက်တည်အပ်ပြီးသော ဝိပဿနာ ပရိဝါသ်ရှိသော (၂၃)ပါးသော ကောဋ္ဌာသ၊(၁၅)ပါးသော ဝတ္ထုတို့၏အရ(၅)ပါးသော ခန္ဓာတို့တွင် ဝိညာဏက္ခန္ဓာ၏အရ တစိပ်ဖြစ်သော ဒွါရခြောက်ပေါက် တပေါက်ပေါက်မှ အထွက် ဖွတ်နှင့်တူသော စိတ်ဝိညာဏ် အသိသဘောကို မမြဲဟု သင်္ခါ

ရုပေက္ခာဉာဏ်ဖြင့် ရှုပြီးသည့်နောက် အစဉ်သဖြင့် ရောက်အပ်သော မဂ်ဉာဏ်၏ ရှေးဦးစွာ ဂေါတြဘူဉာဏ်၊ ဂေါတြဘူဉာဏ်၏ ရှေးဦးစွာ အနုလောမဉာဏ်ကို အားထုတ်၍ အစ, အလယ်, အဆုံး သုံးပါးလုံး ရကောင်းသော အနုလောမဉာဏ်ဖြင့် သင်္ခါရုပေက္ခာဉာဏ်သည် မမြဲဟု ရှုအပ်ပြီးသော စိတ်ဝိညာဏ် အသိသဘောကိုပင် မမြဲ မမြဲ မမြဲဟု သုံးကြိမ်တိုင်တိုင် ရှုသော အနုလောမဉာဏ်နှင့် တပြိုင်နက် မမြဲဟုရှုအပ်သောအာရုံနှင်နှင် စိတ်ဝိညာဏ် အသိသဘော၌ အနုသယပရိယုဋ္ဌာန် ဘဝတဘန် ခန္ဓာနာမ်ရုပ် တဒင် အနုပ္ပါဒ်ချုပ်သော နိဗ္ဗာန်ကဲ့သို့ အနုသယ ပရိယုဋ္ဌာန် ဘဝတဘန် ခန္ဓာ နာမ်ရုပ် သမုစ္ဆေဒအနုပ္ပါဒချုပ်လျှင် နိဗ္ဗာန်ပင်တည်းဟု အာရုံပြု၍ မျက်မှောက်ဆတ်ဆတ် မချုပ်သေးရကား တတ်အပ်မမြင် မှတ်ရုံပင်မှတ်၍ ပေးအပ်သော ဂေါတြဘူဉာဏ်နှင့် မခြား မပြတ် စပ်အပ် ရောက်အပ်သောအစဉ်ရှိသော မဂ်ဉာဏ်နှင့်တပြိုင်နက် အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သော လောကီခန္ဓာတို့၌ အနုသယပရိယုဋ္ဌာန် ဘဝတဘန် ခန္ဓာနာမ်ရုပ် သမုစ္ဆေဒ အနုပ္ပါဒ ချုပ်သော နိဗ္ဗာန်ကို အာရုံပြု၍ မျက်မှောက်ဆတ်ဆတ် တတ်အပ်ထင်ထင် မဂ်ဉာဏ်မြင်သဖြင့် အနုလောမ ဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားသည် အနုလောမဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈)ပါးသော ဌာနတို့တွင် ဒုက္ခသစ္စာကိုလည်း သိမြင်နိုင်၏၊ သမုဒယသစ္စာ ကိုလည်း သိမြင်နိုင်၏၊ နိရောဓသစ္စာ, မဂ္ဂသစ္စာကို မသိ မမြင်နိုင်။ အတိတ်ခန္ဓာ အနာဂတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာကိုလည်း သိမြင်နိုင်၏။ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းတရား အကျိုးတရားကို သိမြင်နိုင်၏။ ဂေါတြဘူ ဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားသည် ဂေါတြဘူဉာဏ်ဖြင့် ဗဟိဒ္ဓအရ (၈)ပါးသော ဌာနတို့တွင် နိရောဓသစ္စာ တပါးကိုသာ သိမြင်နိုင်၏။ မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဂ်ဇောစိတ္တုပ္ပါဒ်တရားသည် မဂ်ဉာဏ်ဖြင့် ဖြစ်ခိုက် အဇ္ဈတ္တအရ မဂ္ဂသစ္စာကိုလည်း သိမြင်နိုင်၏။ ဗဟိဒ္ဓအရ ဒုက္ခသစ္စာ, သမုဒယ သစ္စာ, နိရောဓသစ္စာ, အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသပ္ပါဒ်၏ အကြောင်းတရား အကျိုးတရားကိုလည်း သိမြင်နိုင်၏။ (၁၂)(၁၃)(၁၄)မဂ်ဉာဏ်။

ထို့ကြောင့်–

မဂ္ဂသမင်္ဂီဿ ဉာဏံ၊ ဒုက္ခေ ပေတံ ဉာဏံ၊ ဒုက္ခသမုဒယေ ပေတံ ဉာဏံ၊ ဒုက္ခနိရောဓေ ပေတံ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ပေတံ ဉာဏံ။

(ပဋိသမ္ဘိဒါမဂ်)

မဂ္ဂသင်္ဂီဿ၊ မဂ်နှင့်ပြည့်စုံသော သူ၏။ ယံ ဉာဏံ၊ အကြင် မဂ်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခေပိ ဉာဏံ၊ ဒုက္ခသစ္စာကိုလည်း သိ၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခသမုဒယေပိ ဉာဏံ၊ ဒုက္ခ၏အကြောင်း သမုဒယသစ္စာကိုလည်း သိ၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခနိရောဓေပိ ဉာဏံ၊ ဒုက္ခ၏ ချုပ်ရာ နိရောဓသစ္စာကိုလည်း သိ၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယပိ ဉာဏံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် မဂ္ဂသစ္စာကိုလည်း သိ၏။ ။ဤကားအနက်။

ဤ သာဓက ပါဠိတော်ကို ထောက်၍ အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံကို မသိမမြင်နိုင်သော တရား။ အဇ္ဈတ္တကို မသိမမြင်နိုင်၊ ဗဟိဒ္ဓကိုသာ သိမြင်နိုင်သော တရား။ အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံကို သိမြင်နိုင်သော တရား သုံးပါးတို့တွင်၊ အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံကို မသိမမြင်နိုင်သော တရားသည် ဒါန,သီလ, သုတ,စိန္တာ,ဥပစာရသမာဓိ, အပ္ပနာသမာဓိကို အားထုတ်သင့်ရာ ဝိပဿနာ၏ ရှေးဦးစွာ အားထုတ်သဖြင့်လည်း အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံကို တစုံတခုမျှ သိမြင်နိုင်သော ဘုရားဟော မရှိ။ ဝိပဿနာဉာဏ် မဂ်ဉာဏ်၏ မူလဘူတအခြေမျှသာဖြစ်၍ အဇ္ဈတ္တကို မသိမမြင်နိုင်၊ ဗဟိဒ္ဓကိုသာ သိမြင်နိုင်သော (၁၃) ပါးသော ဝိပဿနာဉာဏ် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တ အမည်ရသော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သင်္ခါရတရားသည် (၁၃)ပါးသော ဝိပဿနာဉာဏ်ကို အသီးအသီး အစဉ်အတိုင်း ရှေးဦးစွာ အားထုတ်၍ (၁၃) ပါးသော ဝိပဿနာဉာဏ်ရောင် အလင်းဖြင့် အဝိဇ္ဇာမှောင်တုံး ဖုံးအုပ်၍မကျ (၈) ပါးသောဌာန ဗဟိဒ္ဓကို သိသင့်သော ဌာန အားလျော်စွာ သိမြင်နိုင်ပါသဖြင့် အစဉ်သင့်ရောက်အပ်သော မဂ်ဉာဏ်နှင့် သမ္ပယုတ်

ဖြစ်ခိုက်၊ အဇ္ဈတ္တ အမည်ရသော မဂ်ဇောစိတ္တုပ္ပါဒ် တရားသည် မဂ်ဉာဏ်ရောင်အလင်းဖြင့် အဝိဇ္ဇာမှောင်တိုး ဖုံးအုပ်၍လည်း မကျ။ အဝိဇ္ဇာ အိမ်ပိုးကို ဖုံးအုပ်ရစ်ပတ်တတ်သော အဝိဇ္ဇာကြောင့် သခ်ါရ အကြောင်း အကျိုး၊ ပိုးအိမ်မျှလည်း မဖြစ်၊ စင်စစ် စက်ရဟတ် ဖြတ်ကြီးဖြတ်သဖြင့် အဇ္ဈတ္တ,ဗဟိဒ္ဓနှစ်ပါးစုံကို အကုန်မကြွင်း လင်းလင်း ထင်ထင် သိမြင်နိုင်ပေသတည်း။

ဒုတိယပုစ္ဆာ အမေးအဖြေ ပြီး၏။

တတိယပုစ္ဆာ အမေးအဖြေ

၃။ ဤသိမြင်သော တရားသည် အဘယ် သောဘဏစေတသိက် ပြဋ္ဌာန်းသည်၏ အဖြစ်ကို သိသော ဉာဏ်၏ အကြောင်း သောဘဏစေတသိက် ပြဋ္ဌာန်းပါသနည်း၊ အကျိုး သောဘဏ စေတသိက် ပြဋ္ဌာန်းပါသနည်း ဟူသော တတိယ အမေး။

(၃) **အဖြေ။** ။ဤသိမြင်သော တရားသည် အဘယ်သောဘဏစေတသိက်ကို ပြဋ္ဌာန်းပါသနည်း (၁)။ ပြဋ္ဌာန်းသည်၏ အဖြစ်ကို အဘယ်ဉာဏ် သိပါသနည်း(၂)။ သိသောဉာဏ်၏ အကြောင်း အဘယ် သောဘဏစေတသိက် ပြဋ္ဌာန်းပါသနည်း(၃)။ သိသော ဉာဏ်၏အကျိုး အဘယ် သောဘဏစေတသိက် ပြဋ္ဌာန်းပါသနည်း (၄)။ ဟူသော အမေးသင့်သော အခြင်းအရာအားဖြင့် ပုစ္ဆာ (၄)ပါး ဖြစ်၏။ ထို (၄) ပါးတို့တွင် ဤသိမြင်သော တရားသည် အဘယ် သောဘဏစေတသိက် ပြဋ္ဌာန်းပါသနည်းဟူသော ပဌမအမေး၌ ဝိပဿနာဉာဏ် မဂ်ဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော မဟာကုသိုလ်ဇော, မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ် တရားသည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သောတရား မည်၏။ ဤသို့ သိမြင်သောအခါ ဝိပဿနာဉာဏ်, မဂ်ဉာဏ်သည် ပညိန္ဒြေ-သောဘဏစေတသိက် မည်၏။ ဝိပဿနာဉာဏ် မဂ်ဉာဏ်၏ အရဖြစ်သော ပညိန္ဒြေ သောဘဏစေတသိက်သည် သိမြင်သောအရာ၌အမောဟဝီမံသဖြစ်၍ ဟေတုပစ္စည်း, အဓိပတိပစ္စည်းမည်၏။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် သိမြင်သောအရာ၌ ဟေတုပစ္စည်း, အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော သမ္ပယုတ္တခန္ဓာ မည်၏။

ထို့ကြောင့်-

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယော။ ကုသလာ ဝီမံသာ သမ္ပယုတ္တကာနံ ခန္ဓာနံ။

(ပဋ္ဌာန်ပါဠိတော်)

ကုသလော ဓမ္မော၊ ကုသိုလ်တရားသည်။ ကုသလဿ ဓမ္မဿ၊ ကုသိုလ်တရားအား။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ အဓိပတိပစ္စယေန၊ အဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ ကုသလာ ဝီမံသာ၊ ကုသိုလ်ဝီမံသသည်။သမ္ပယုတ္တကာနံ ခန္ဓာနံ၊ ဇောစိတ္တုပ္ပါဒ် သမ္ပယုတ္တ ခန္ဓာတို့အား။ ဟေတုပစ္စယေန၊ ဟေတုပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ အဓိပတိပစ္စယေန၊ အဓိပတိပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ ။ဤကားအနက်။

ဝီမံသာဓိပတိပစ္စည်းတပ်သော၊ ပညိန္ဒြေ သောဘဏစေတသိက် အရ၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်သည် သိမြင်သောအရာ ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားတို့၏ အကြီးအမှူးဖြစ်၍ ပြဋ္ဌာန်း၏။

ထို့ကြောင့်-

ဇေဋ္ဌကဋ္ဌေန ဥပကာရကော ဓမ္မော အဓိပတိပစ္စယော။

(ပဋ္ဌာန်ပါဠိတော်)

ဇေဋ္ဌကဋ္ဌေန၊ ပြဋ္ဌာန်းသော အကြီးအမှူး အနက်သဘောကြောင့်။ ဥပကာရကော ဓမ္မော၊ ကျေးဇူးပြုသောတရားသည်။ အဓိပတိပစ္စယော၊ အဓိပတိပစ္စည်း မည်၏။ ။ဤကားအနက်။

ပြဋ္ဌာန်းသော အနက်သဘောသည်လည်း ဇောစိတ္တုပ္ပါဒ် သမ္ပယုတ် တရားတို့၏ သိမြင်သောအရာ၌ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်အရ ပညိန္ဒြေ သောဘဏစေတသိက် ဝီမံသာဓိပတိပစ္စည်း၏ အဖြစ်ပင်တည်း။

ထို့ကြောင့်-

ပုဗ္ဗင်္ဂမဋ္ဌော အဓိပတိပစ္စယဘာဝေါ။

(မဟာဋီကာ)

ပုဗ္ဗင်္ဂမဋ္ဌော၊ ပြဋ္ဌာန်းသော အနက်သဘောသည်။ အဓိပတိပစ္စယ-ဘာဝေါ၊ အဓိပတိပစ္စည်း၏ အဖြစ်ပင်တည်း။ ။ဤကားအနက်။

ဤသို့သော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ် တရားသည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သည် မည်၏။ ဤသိမြင်သော တရားသည် ပညိန္ဒြေသောဘဏစေတသိက် ပြဋ္ဌာန်း၏ ဟူပေသည်။

ပြဋ္ဌာန်းသည်၏ အဖြစ်ကို အဘယ်ဉာဏ် သိပါသနည်း ဟူသော ဒုတိယ အမေး၌ ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသောဉာဏ်ကိုသာ လိုအပ်၏။ **အဖြေ**။ သောဘဏစေတသိက် ပြဋ္ဌာန်းသည်၏ အဖြစ်ကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်သည် သုတမယဉာဏ်, စိန္တာမယဉာဏ်, ဒေသနာဉာဏ်, ပဋိသမ္ဘိဒါဉာဏ် အားဖြင့် (၄)ပါး အပြားရှိ၏။ ထို (၄)ပါးတို့တွင်–

> ဝီမံသာ သမာဓိ ပဓာနသင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ၊ ဝီမံသဉ္စေ ဘိက္ခု အဓိပတိံ ကရိတွာ လဘတိ သမာဓိံ လဘတိ စိတ္တဿေကဂ္ဂတံ၊ အယံ ဝုစ္စတိ ဝီမံသာ သမာဓိ။

ဟူသော ဝိဘင်းဒေသနာကို ကြားနာရသဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် သိမြင်သောအရာ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်အရ၊ ဝီမံသာဓိပတိပစ္စည်း တပ်သော ပညိန္ဒြေ သောဘဏစေတသိက် ပြဋ္ဌာန်း၏ဟု ဝိပဿနာကို မဂ်ကို မရမီကပင် ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသောဉာဏ်သည် သုတမယဉာဏ် မည်၏။ သုတမယဉာဏ်ကို အမှီပြု၍ ကြားနာဘူးသော ဒေသနာနှင့် အညီ သဘာဝဓမ္မကို အနုမာန ကြံဆသဖြင့် မိမိ သဘော အလျောက် ဟုတ်တိုင်း မှန်စွာ ဝိပဿနာကို မဂ်ကို မရမီကပင် ဒေသနာနည်း၏ အစွမ်းအားဖြင့် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သိသောဉာဏ်သည်

စိန္တာမယဉာဏ် မည်၏၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကို ရပြီးသည်မှ နောက်–

ဝိမံသာ သမာဓိ ပဓာနသင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ၊ ဝိမံသဉ္စေ ဘိက္ခု အဓိပတိံ ကရိတွာ လဘတိ သမာဓိံ လဘတိ စိတ္တဿေကဂ္ဂတံ၊ အယံ ဝုစ္စတိ ဝိမံသာ-ဓိပတိ။

ဟူသော ဝိဘင်း ဒေသနာအတိုင်း ဝိပဿနာဉာဏ် မဂ်ဉာဏ်ကို အမှီပြု၍ ပြောဟောသောအခါ ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် သိမြင်သောအရာ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်အရ ဝိမံသာဓိပတိပစ္စည်းတပ်သော ပညိန္ဒြေ သောဘဏစေတသိက် ပြဋ္ဌာန်း၏ဟု ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသောဉာဏ်သည် ဒေသနာဉာဏ် မည်၏။ မဂ်ကို ရသည်နှင့် တပြိုင်နက် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကို အမှီပြု၍ ဝိဘင်း ဒေသနာနည်းအတိုင်း အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာန အားဖြင့် ပြားသော (၄)ပါးသော အသိဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ် မည်၏။ ထို(၄)ပါးတို့တွင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် သိမြင်သောအရာ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်အရ ဝိမံသာဓိပတိပစ္စည်း တပ်သော ပညိန္ဒြေ သောဘဏစေတသိက် ပြဋ္ဌာန်း၏ဟု ဒေသနာနည်း၏ အစွမ်းအားဖြင့် အနက်ကို သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏။

ထို့ကြောင့်–

ဝိမံသာ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ ဝိမံသဉ္စေ ဘိက္ခု အဓိပတိံ ကရိတွာ လဘတိ သမာဓိံ လဘတိ စိတ္တဿေကဂ္ဂတံ၊ အယံ ဝုစ္စတိ ဝိမံသာဓိပတိ။

ဟူသော ဣဒ္ဓိပါဒ ဒေသနာနည်း၏ အစွမ်းအားဖြင့် ပါဠိကို သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏။

ဘိက္ခု၊ ယောဂီရဟန်းသည်။ဝိမံသာ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ၊ ဝိမံသအဓိပတိပစ္စည်းကို ရသော သမာဓိ၊ သမ္မပ္ပဓာန်ကိစ္စ(၄)ပါးကို ပြီးစေတတ်သော ဝီရိယအင်္ဂါ (၂)ပါးနှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ မဂ်စိတ္တုပ္ပါဒ် သမ္ပယုတ် ခန္ဓာဟူသော တန်ခိုး၏ တကူ အကြောင်းဖြစ်သော ဝိမံသိဒ္ဓိပါဒ်ကို။ ဝါ-မဂ်၏ ရှေ့အကြောင်း ဖြစ်သော ဣဒ္ဓိပါဒ်ကို။ ဘာဝေတိ-ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဘိက္ခု၊ ယောဂီရဟန်းသည်။ ဝိမံသံ၊ ဝိမံသကို။ အဓိပတိံ ကရိတွာ၊ အကြီးအမှူး အဓိပတိ ပစ္စည်းပြု၍။ သမာဓိံ၊ လောကီ ဝိပဿနာဉာဏ် စသည်နှင့် ယှဉ်သော သမာဓိကို။ စေ လဘတိ၊ အကယ်၍ ရသည်ဖြစ်အံ့။ စိတ္တေကဂ္ဂတံ၊ စိတ်၏ တည်ကြည်ခြင်းကို။ စေ လဘတိ၊ အကယ်၍ ရသည်ဖြစ်အံ့။ အယံ၊ ဤ သမာဓိကို။ ဝိမံသာသမာဓိ၊ ဝိမံသာ သမာဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအနက်။

ဣဒ္ဓိ၊ နှင့် ဣဒ္ဓိ။ တယော သမ္ပယုတ္တာဝ ပုဗ္ဗင်္ဂမဋ္ဌေန
ဖလဘူတာဝ ပုဗ္ဗဘာဂကာရဏဋ္ဌေန စ ဣဒ္ဓိပါဒေါ။

ဟူသော ဝိသုဒ္ဓိမဂ် နိဒ္ဒေသနည်းနှင့် အညီ မဂ်စိတ္တုပ္ပါဒ်၏ အရ ဣဒ္ဓိ၊ မဂ်ဉာဏ်၏အရ ဣဒ္ဓိပါဒ်၊ မဂ်၏ရှေ့အဘို့ဖြစ်သော ဝိပဿနာ ဉာဏ်၏အရ ဣဒ္ဓိ၊ ဝိပဿနာ စိတ္တုပ္ပါဒ်၏အရ ဣဒ္ဓိပါဒ်။ ဤသို့ အစရှိသော နည်းဖြင့် အဓိပတိပစ္စည်း, အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော ဣဒ္ဓိ,ဣဒ္ဓိပါဒ်တို့၏ လျှို့ဝှက် နက်နဲ ခက်ခဲ မြုပ်ငုပ်သော အနက်သဘောကို ပေါ်အောင် လွယ်အောင် ပြုတတ်သော ဗျူပ္ပတ် ဝစနတ် ဝိဂြိုဟ် သဒ္ဒါအထူးကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသောဉာဏ်သည် နိဒ္ဒေသပဋိသမ္ဘိဒါ ဉာဏ်မည်၏။

ဣဇ္ဈနဋ္ဌေန၊ ရသဖြင့် ပြည့်စုံသော အနက်သဘောကြောင့်။ ဣဒ္ဓိ၊ ဣဒ္ဓိမည်၏။ သမ္ပယုတ္တာဝ၊ ယှဉ်သော။ တယော ဣဒ္ဓိယာ၊ ထိုတန်ခိုး၏။ ပုဗ္ဗင်္ဂမဋ္ဌေနစ၊ ပြဋ္ဌာန်းသော အနက်သဘောကြောင့်လည်း။ ပါဒေါ၊ အကြောင်းတည်း။ ဖလဘူတာဝ၊ အကျိုးဖြစ်၍ ဖြစ်သော။ တယော ဣဒ္ဓိယာ၊ ထိုတန်ခိုး၏။ ပုဗ္ဗဘာဂ ကာရဏဋ္ဌေနစ၊ ရှေ့အဘို့ အကြောင်းဟူသော အနက်သဘောကြောင့်လည်း။ ပါဒေါ၊ အကြောင်းတည်း။ ဣတိ၊ ထို့ကြောင့်။ ဣဒ္ဓိပါဒေါ၊ ဣဒ္ဓိပါဒ်မည်၏။ ဤကားအနက်။

ဒေသနာနည်း၏ အစွမ်းအားဖြင့် အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်၊ ပါဠိကို သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ သဒ္ဒါအထူးကို သိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်(၃)ပါးတို့၏ အပေါင်းကို မတွေး မခေါ် မမျှော် မဆ ဝစီဘေဒ ပြောဟောသော နှုတ်ဝ၌ ဒေသနာ နည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်မည်၏။ ဤဝိဘင်း ပါဠိတော်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ကို ထောက်၍ ဝိမံသာ ဓိပတိ ပစ္စည်းတပ်သော ပညိန္ဒြေ သောဘဏ စေတသိက်ကို ပြဋ္ဌာန်း သည်၏ အဖြစ်ကို သုတမယဉာဏ်, စိန္တာမယဉာဏ်, ဒေသနာဉာဏ်, ပဋိသမ္ဘိဒါဉာဏ် သိ၏ဟူပေသည်။

သိသော ဉာဏ်၏ အကြောင်း၊ အဘယ် သောဘဏ စေတသိက် ပြဋ္ဌာန်းပါသနည်း ဟူသော တတိယ အမေး၌၊ **အဖြေကား** - ဒေသနာဉာဏ်, ပဋိသမ္ဘိဒါဉာဏ်၏ အကြောင်း။ ဝီမံသာဓိပတိ ပစ္စည်းဟု မှတ်အပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်အရ ပညိန္ဒြေ သောဘဏ စေတသိက် ပြဋ္ဌာန်း၏ ဟူပေသည်။

သိသော ဉာဏ်၏အကျိုး၊ အဘယ် သောဘဏစေတသိက် ပြဋ္ဌာန်း ပါသနည်း၊ ဟူသော စတုတ္ထအမေး၌၊ **အဖြေကား**- သုတမယဉာဏ်, စိန္တာမယဉာဏ်၏ အကျိုး၊ ဝီမံသာ ဓိပတိ ပစ္စည်းဟု မှတ်အပ်သော ဝိပဿနာဉာဏ်,မဂ်ဉာဏ်အရ ပညိန္ဒြေ သောဘဏ စေတသိက် ပြဋ္ဌာန်း၏ ဟူပေသည်။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကား ဥပနိဿယပစ္စည်း။ ဒေသနာဉာဏ်, ပဋိသမ္ဘိဒါဉာဏ်ကား ဥပနိဿယ ပစ္စယုပ္ပန်။ သုတ မယဉာဏ်, စိန္တာမယဉာဏ်ကား ဥပနိဿယပစ္စည်း၊ ဝိပဿနာဉာဏ်, မဂ် ဉာဏ်ကား ဥပနိဿယ ပစ္စယုပ္ပန်၊ ဤသို့ အကြောင်းအကျိုး၏ အဖြစ်ကို သိအပ်၏။

သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ။ သဒ္ဓါယ သီလဿ
သုတဿ စာဂဿ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။
(ပဋ္ဌာန်း)

သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ၊ ရှေးရှေးဖြစ်သော သဒ္ဓါ သီလ သုတ စာဂ ပညာသည်။ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ၊

F

နောက်နောက်ဖြစ်သော သဒ္ဓါ သီလ သုတ စာဂ ပညာအား။ ဥပနိဿယ ပစ္စယေန၊ ဥပနိဿယ ပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။

[မဂ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်၏ ဥပနိဿယ ပစ္စည်း-ပစ္စယုပ္ပန်ကို တပိုင်နက် ဖြစ်၏ဟု အထူး သတိပြုအပ်သေး။]

ဤသို့ အမေးသင့်သော အချင်းအရာအားဖြင့် ပုစ္ဆာ (၄) ပါးကို အသီးအသီး ဖြေဆိုပြီး၍ ဤသိမြင်သောတရားသည် အဘယ် သောဘဏ စေတသိက် ပြဋ္ဌာန်းသည်၏ အဖြစ်ကို သိသော ဉာဏ်၏ အကြောင်း သောဘဏ စေတသိက် ပြဋ္ဌာန်းပါသနည်း၊အကျိုး သောဘဏစေတသိက် ပြဋ္ဌာန်းပါသနည်း ဟူသော အမေးကို တပေါင်းတည်း ဖြေဆိုရမည်မှာ-ဝီမံသာဓိပတိ ပစ္စယုပ္ပန်ဟု မှတ်အပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် ဝီမံသာဓိပတိပစ္စည်းဟု မှတ်အပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သည်မည်၏။ ဝီမံသာဓိပတိ ပစ္စုပ္ပန်ဟု မှတ်အပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုတ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ်သမ္ပယုတ္တခန္ဓာအရ ဤသိမြင်သောတရားသည် ဝီမံသာဓိပတိပစ္စည်းဟု မှတ်အပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ် အရ ပညိန္ဒြေ သောဘဏ စေတသိက် ပြဋ္ဌာန်းသည်၏. အဖြစ်ကို သိသော ဒေသနာဉာဏ်, ပစ္စဝေက္ခဏာဉာဏ်၏ အကြောင်း၊ သုတမယဉာဏ်,စိန္တာမယဉာဏ်၏ အကျိုး၊ဝီမံသာဓိပတိ ပစ္စည်းဟု မှတ်အပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်အရ ပညိန္ဒြေ သောဘဏစေတသိက် ပြဋ္ဌာန်းပေသတည်း။

တတိယပုစ္ဆာ အမေးအဖြေ ပြီး၏။

—

စတုတ္ထပုစ္ဆာ အမေးအဖြေ

(၄) ဤသိမြင်သောတရားသည် အဘယ် သူတော်ကောင်း၏ ဥစ္စာကို ရသည်၏ အဖြေကို သိသောဉာဏ်၏ အကြောင်း သူတော်ကောင်း၏ ဥစ္စာကို ရပါသနည်း၊ အကျိုး သူတော်ကောင်း၏ ဥစ္စာကို ရပါသနည်း ဟူသော စတုတ္ထ အမေး။

(၄) **အဖြေ**။ ။အရိယ သာ ကသည် သူတော်ကောင်း မည်၏။ သူတော်ကောင်း၏ ဥစ္စာသည် သဒ္ဓါဥစ္စာ, သီလဥစ္စာ, ဟိရိဥစ္စာ, ဩတ္တပ္ပဥစ္စာ, သုတဥစ္စာ, စာဂဥစ္စာ, ပညာဥစ္စာအားဖြင့် (၇)ပါး အပြားရှိ၏။ ထို(၇)ပါးတို့တွင် အရိယသာဝက၏ ဘုရားဂုဏ်ကို ယုံကြည်ခြင်းသည် သဒ္ဓါဥစ္စာ မည်၏။ အရိယ သာဝက၏ သမုစ္ဆေဒ ဝိရတီ (၅) ပါး သီလသည် သီလဥစ္စာမည်၏။ အရိယ သာဝက၏ ကာယဒုစ္စရိုက်, ဝစီဒုစ္စရိုက်, မနောဒုစ္စရိုက် မကောင်းမှု အကုသိုလ်မှ ရှက်ခြင်းသည် ဟိရိဥစ္စာ မည်၏။ အရိယသာဝက၏ ကာယဒုစ္စရိုက်, ဝစီဒုစ္စရိုက်, မနောဒုစ္စရိုက် မကောင်းမှုအကုသိုလ်မှ ကြောက်ခြင်းသည် ဩတ္တပ္ပဥစ္စာမည်၏။ ဗဟုသုတ အရိယသာဝက၏ မဂ်သုတသည် သုတဥစ္စာ မည်၏။ (အပ္ပသုတ အရိယသာဝကနှင့် မဆက်ဆံ) မဟာဒ္ဓန အရိယသာဝက၏ လောဘမလ, ဒေါသမလ, မောဟမလ မစ္ဆေရကင်းသော ဒါနသည် စာဂဥစ္စာ မည်၏။ (အပ္ပဒ္ဓန အရိယသာဝကနှင့် မဆက်ဆံ) ဥဒယ (၅)ပါး တို့၏ ချုပ်ခြင်းသို့ ရောက်သော အရိယသာဝက၏ မဂ်ပညာ၊ ကိလေသာကို ဖောက်ထွင်းခြင်းသို့ ရောက်သော အရိယသာဝက၏ မဂ်ပညာ၊ ဘဝတဘန် ခန္ဓာနာမ်ရုပ် ဒုက္ခ၏ ချုပ်ခြင်းသို့ ရောက်သော အရိယသာဝက၏ မဂ်ပညာသည် ပညာဥစ္စာမည်၏။

ဝိပဿနာဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် ဝိပဿနာဉာဏ်ဖြင့် သိမြင်သည်မည်၏။ ဤ သိမြင်

သောတရားသည် ဝိပဿနာဉာဏ်ဖြင့် ပုထုဇဉ်တို့၏ အသိအမြင်ဖြစ်သောကြောင့် သူတော်ကောင်း၏ဥစ္စာ (၇)ပါးကို မျက်မှောက်လည်း မပြု၊ ရလည်း မရ။ မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဂ်ကုသိုလ်ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် မဂ်ဉာဏ်ဖြင့် သိမြင်သည်မည်၏။ ဤသိမြင်သော တရားသည် မဂ်ဉာဏ်ဖြင့် အရိယာတို့၏ အသိအမြင်ဖြစ်သောကြောင့် မျက်မှောက်ပြုသည်၏ အဖြစ် ရသည်၏ အဖြစ်ဖြင့် သူတော်ကောင်း၏ ဥစ္စာ (၇) ပါးကို ရသည်၏ အဖြစ်ကို သိသော ဒေသနာဉာဏ်, ပဋိသမ္ဘိဒါဉာဏ်၏ အကြောင်း၊ သုတမယဉာဏ်, စိန္တာမယညာဏ်၏ အကျိုး၊ သူတော်ကောင်း၏ ဥစ္စာကို ရပေသတည်း။

ထို့ကြောင့်–

> န ကေဝလဉ္စ သမဂ္ဂေါ လောဘက္ခန္ဓာဒီနံ နိဗ္ဗိဇ္ဈနမေဝ ကရောတိ၊ အပိ စ ခေါ အနမတဂ္ဂ သံသာရဝဋ္ဋ ဒုက္ခ သမုဒ္ဒံ သောသေတိ၊ သဗ္ဗအပါယဒွါရာနိ ပိဒဟတိ၊ သတ္တန္နံ အရိယမနောနံ သမုခိဘာဝံ ကရောတိ။
>
> (ဝိသုဒ္ဓိမဂ်)

ကေဝလဉ္စ၊ သက်သက်လည်း။ သော–သော မဂ္ဂေါ၊ ဤမဂ်သည်။ လောဘက္ခန္ဓာဒီနံ၊ လောဘတုံး စသည်တို့ကို။ နိဗ္ဗိဇ္ဈနမေဝ၊ ဖောက်ထွင်းခြင်းကိုသာလျှင်။ န ကရောတိ၊ ပြုသည်မဟုတ်သေး။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အနမတဂ္ဂ သံသာရဝဋ္ဋ ဒုက္ခ သမုဒ္ဒံ၊ မသိအပ်သော အစရှိသော သံသရာဝဋ်ဆင်းရဲ သမုဒ္ဒြာကို။ သောသေတိ၊ ခြောက်ခန်းစေ၏။ သဗ္ဗအပါယဒွါရာနိ၊ အလုံးစုံသော အပါယ်တံခါးတို့ကို။ ပိဒဟတိ၊ ပိတ်၏။ သတ္တန္နံ အရိယမနောနံ၊ အရိယဥစ္စာ (၇) ပါး တို့၏။ သမုခိဘာဝံ၊ မျက်မှောက်ပြုသည်၏ အဖြစ်ကို။ ကရောတိ၊ ပြု၏။

စတုတ္ထပုစ္ဆာ အမေးအဖြေ ပြီး၏။

ပဌမပုစ္ဆာ အမေးအဖြေ

၅။ ဤသိမြင်သော တရားသည် အဘယ် ဗောဓိပက္ခိယ တရားဖြင့် သိသည်၏ အဖြစ်ကို သိသောဉာဏ်၏ အကြောင်းဗောဓိပက္ခိယ တရားဖြင့် သိမြင်ပါသနည်း။ အကျိုး ဗောဓိပက္ခိယ တရားဖြင့် သိမြင်ပါသနည်းဟူသော ပဌမ အမေး။

၅။ **အဖြေ**။ ။မဂ်ဉာဏ်သည် သိမြင်တတ်သော အနက်သဘော ကြောင့် ဗောဓိမည်၏။ မဂ်ဉာဏ်အား ကျေးဇူးများသော တရားသည် ဗောဓိပက္ခိယတရား မည်၏။ ဤဗောဓိပက္ခိယ တရားသည် တရားကိုယ် အားဖြင့် (၁၄)ပါး၊ ကောဋ္ဌာသ အားဖြင့် (၇)ပါး၊ ကိစ္စအားဖြင့် (၃၇)ပါး အပြားရှိ၏။ တရားကိုယ်, ကောဋ္ဌာသ, ကိစ္စ (၃)ပါး တို့တွင် တရားကိုယ်အားဖြင့် (၁၄)ပါး ဟူသော်ကား ဆန္ဒ, စိတ္တ, ပီတိ, ပဿဒ္ဓိ, ဥပေက္ခာ, သင်္ကပ္ပ, ဝါစာ, ကမ္မန္တ, အာဇီဝ, သဒ္ဓါ, သမာဓိ, ပညာ, သတိ, ဝီရိယ၊ ဤသို့ ဗောဓိပက္ခိယတရား တရားကိုယ်အားဖြင့် (၁၄)ပါး ဖြစ်သတည်း။ ကောဋ္ဌာသအားဖြင့် (၇)ပါး ဟူသော်ကား သတိပဋ္ဌာန် (၄)ပါး၊ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ် (၄) ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး၊ ဗောဇ္ဈင် (၇)ပါး၊ မဂ္ဂင် (၈)ပါး၊ ဤသို့ ဗောဓိပက္ခိယတရား ကောဋ္ဌာအားဖြင့် (၇)ပါး ဖြစ်သတည်း။ ကိစ္စအားဖြင့် (၃၇)ပါး ဟူသော်ကား ဆန္ဒိဒ္ဓိပါဒ်ကိစ္စ ဆန္ဒတပါး၊ စိတ္တိဒ္ဓိပါဒ်ကိစ္စ စိတ်တပါး၊ ပီတိသမ္ဗောဇ္ဈင်ကိစ္စ ပီတိတပါး၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိစ္စ ပဿဒ္ဓိတပါး၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကိစ္စ ဥပေက္ခာ တပါး၊ သမ္မာသင်္ကပ္ပမဂ္ဂင်ကိစ္စ သင်္ကပ္ပတပါး၊ သမ္မဝါစာမဂ္ဂင်ကိစ္စ ဝါစာတပါး၊ သမ္မာကမ္မန္တမဂ္ဂင်ကိစ္စ ကမ္မန္တတပါး၊ သမ္မာအာဇီဝ မဂ္ဂင်ကိစ္စ အာဇီဝတပါး၊ သဒ္ဓိန္ဒြေကိစ္စ သဒ္ဓါဗိုလ်ကိစ္စ သဒ္ဓါ(၂)ပါး၊ သမာဓိန္ဒြေကိစ္စ, သမာဓိဗိုလ်ကိစ္စ, သမာဓိသမ္ဗောဇ္ဈင်ကိစ္စ, သမ္မာ

သီလဝိသုဒ္ဓိမည်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ သမာဓိသည် မပျံ့လွင့်သဖြင့် စင်ကြယ်သော သမထ,သမာဓိက္ခန္ဓ, အဓိစိတ္တသိက္ခာကို ကျင့်သည်ဖြစ်၍ စိတ္တဝိသုဒ္ဓိမည်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပသည် သိမြင်သဖြင့် စင်ကြယ်သော ဝိပဿနာ, ပညာက္ခန္ဓ, အဓိပညာ သိက္ခာကို ကျင့်သည်ဖြစ်၍ ဒိဋ္ဌိ ဝိသုဒ္ဓိမည်။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် သိမြင်သည် မည်၏။

ဤ သိမြင်သော တရားသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိဖြင့် စင်ကြယ်ပေသည်၊ (၁)၊ ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည်။ ပ။ ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဖြင့် သိမြင်သည် မည်၏။

ဤသိမြင်သော တရားသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြင့် စင်ကြယ်ပေသည်။ (၂)၊ သမ္မသနဉာဏ်, တရုဏဝိပဿနာ ဥဒယဗ္ဗယဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ် ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် ။ပ။ သမ္မသနဉာဏ်, တရုဏ ဝိပဿနာ ဥဒယဗ္ဗယ ဉာဏ်ဖြင့် သိမြင်သည် မည်၏။

ဤသိမြင်သောတရားသည်သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြင့်စင်ကြယ်ပေသည်။(၃)၊ ဥဒယဗ္ဗယဉာဏ်,ဘင်္ဂဉာဏ်,ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါ ရုပေက္ခာဉာဏ်,အနုလောမဉာဏ်, ဂေါတြဘူဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည်။ပ။ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်,ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်,သင်္ခါရုပေက္ခာဉာဏ်,အနုလောမဉာ,ဂေါတြဘူတဉာဏ်ဖြင့် သိမြင်သည် မည်၏။

ဤ သိမြင်သောတရားသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိဖြင့် စင်ကြယ်ပေသည်။ (၄)၊ မဂ်ဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော မဂ်ကုသိုလ် ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် ။ပ။ မဂ် ဉာဏ်ဖြင့် သိမြင်သည်မည်၏။

ဤ သိမြင်သောတရားသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဉာဏဒဿန ဝိသုဒ္ဓိဖြင့် စင်ကြယ်ပေသည်။ (၅)၊ မရေတွက်အပ်သေးသည်ကိုသာ ရေတွက်သောနည်းဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, သုဒ္ဓိအစဉ်အတိုင်း တ ပေါင်း တည်း ဖြေဆိုရမည်မှာ- ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ် တရားသည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သောအခါ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ,သမ္မာ ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော မဂ္ဂင်(၈)ပါးနှင့် တကွ ဖြစ်၏။ မဂ္ဂင်(၈)ပါးတို့တွင် သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာ အာဇီဝသည် စောင့်ရှောက်သဖြင့် စင်ကြယ်သော သီလ, သီလက္ခန္ဓ, အဓိသီလသိက္ခာကို ကျင့်သည်ဖြစ်၍ သီလဝိသုဒ္ဓိမည်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိသည် မပျံ့လွင့်သဖြင့် စင်ကြယ်သော သမထ, သမာဓိက္ခန္ဓ,အဓိစိတ္တသိက္ခာကိုကျင့်သည်ဖြစ်၍စိတ္တဝိသုဒ္ဓိမည်၏။သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပသည် သိမြင် သဖြင့် စင်ကြယ်သော ဝိပဿနာ, ပညာက္ခန္ဓ, အဓိပညာသိက္ခာကို ကျင့်သည်ဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ, ပဋိပါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ မည်၏။ ဝိပဿနာဉာဏ်,မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သောမဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် ဝိပဿနာဉာဏ် မဂ် ဉာဏ်ဖြင့် သိမြင်သည် မည်၏။

ဤ သိမြင်သော တရားသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ,ဉာဏဒဿနဝိသုဒ္ဓိ, ဤသို့ အစဉ်အတိုင်း (၇)ပါးသော သုဒ္ဓိဖြင့် စင်ကြယ်ပေသည်။ (၁)

ထို့ကြောင့်-

ပဟာနံ သီလံ၊ ဝေရမဏီ သီလံ၊ စေတနာ သီလံ၊ သံဝရော သီလံ၊အဝီတိက္ကမော သီလံ၊ဝေရူပါနိ သီလာနိ။ ပ။ ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ဝေရူပါနံ သီလာနံ သံဝရပါရိသုဒ္ဓိ အဓိသီလံ၊ သံဝရပါရိသုဒ္ဓိယာ ဌိတံ စိတ္တံ အဝိက္ခေပံ ဂစ္ဆတိ အဝိက္ခေပပါရိသုဒ္ဓိ အဓိစိတ္တံ၊ သံဝရပါရိသုဒ္ဓိံ သမ္မာ ပဿတိ၊ အဝိက္ခေပပါရိသုဒ္ဓိံ သမ္မာ ပဿတိ။ ဒဿန ပါရိသုဒ္ဓိ အဓိပညာ။ ယော တတ္ထ သံဝရဋ္ဌော။ အယံ အဓိသီလသိက္ခာ။ ယော တတ္ထ အဝိက္ခေပဋ္ဌော အယံ အဓိစိတ္တသိက္ခာ။ ယော တတ္ထ ဒဿနဋ္ဌော။ အယံ အဓိပညာသိက္ခာ။ ဣမာ တိဿော သိက္ခာယော ။ပ။ အဘိညေယျံ အဘိဇာနန္တော သိက္ခတိ၊ ပရိညေယျံ ပရိဇာနန္တော သိက္ခတိ။ ပဟာတဗ္ဗံ ပဇဟန္တော သိက္ခတိ၊ သစ္ဆိကာတဗ္ဗံ သစ္ဆိကရောန္တော သိက္ခတိ၊ ဘာဝေတဗ္ဗံ ဘာဝေန္တော သိက္ခတိ။

(ပဋိသမ္ဘိဒါမဂ်)

ပဟာနံ၊ ပယ်ခြင်းသည်။ သီလံ၊ သီလမည်၏။ ဝေရမဏီ၊ ကြဉ်ခြင်းသည်။ သီလံ၊ သီလမည်၏။ စေတနာ၊ ပယ်ခြင်း ကြဉ်ခြင်းငှါ အားထုတ်ခြင်းသည်။ သီလံ၊ သီလမည်၏။ သံဝရော၊ စောင့်ရှောက်ခြင်းသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ ဝေရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ သီလာနိ၊ သီလတို့သည် ။ပ။ ကေဝလံ နိဗ္ဗိဒါယ၊ စင်စစ် ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ကိလေသာ ကင်းခြင်းငှါ။ နိရောဓာယ၊ တဘန် ဘဝချုပ်ခြင်းငှါ။ ဥပသမာယ၊ ငြိမ်းခြင်းငှါ။ အဘိညာယ၊ သစ္စာ(၄)ပါးကို သိခြင်းငှါ။ သမ္ဗောဓာယ၊ မဂ်အကျိုးငှါ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဝေရူပါနံ၊ ဤသို့ သဘောရှိကုန်သော။ သီလာနံ၊ သီလတို့ကို။ သံဝရပါရိသုဒ္ဓိ၊ စောင့်ရှောက်သဖြင့် စင်ကြယ်ခြင်းသည်။ အဓိသီလံ၊ အဓိသီလမည်၏။ သံဝရပါရိသုဒ္ဓိယာ၊ စောင့်ရှောက်သဖြင့် စင်ကြယ်ခြင်းကြောင့်။ ဌိတံ၊တည်သော။ စိတ္တံ၊ စိတ်သည်။ အဝိက္ခေပံ၊မပျံ့လွင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ အဝိက္ခေပပါရိဒ္ဓိသု၊ မပျံ့လွင့်သဖြင့် စင်ကြယ်ခြင်းသည်။ အဓိစိတ္တံ၊ အဓိစိတ္တမည်၏။ သံဝရပါရိသုဒ္ဓိယာ၊ စောင့်ရှောက်သဖြင့် စင်ကြယ်ခြင်းကြောင့်။ ဌိတံ၊ တည်သော။ စိတ္တံ၊

စိတ်သည်။ သံဝရပါရိသုဒ္ဓိ၊ စောင့်ရှောက်သဖြင့် စင်ကြယ်ခြင်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿတိ၊ မြင်၏။ (အမှန်မြင်၏ ဟူလို)။ အဝိက္ခေပပါရိသုဒ္ဓိ၊ မပျံ့လွင့်သဖြင့် စင်ကြယ်ခြင်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿတိ၊ မြင်၏။ ဒဿနပါရိသုဒ္ဓိ၊ မြင်သဖြင့် စင်ကြယ်ခြင်းသည်။ အဓိပညာ၊ အဓိပညာမည်၏။ တတ္ထ၊ ထို သီလတို့၌။ ယော သံဝရဋ္ဌော၊ အကြင် စောင့်သော အနက်သဘောရှိ၏။ အယံ၊ ဤ စောင့်သော အနက်သဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလ သိက္ခာမည်၏။ တတ္ထ၊ ထိုသီလတို့၏။ ယော အဝိက္ခေပဋ္ဌော၊ အကြင် မပျံ့လွင့်သော အနက်သဘော ရှိ၏။ အယံ၊ ဤမပျံ့လွင့်သော အနက်သဘောသည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တ သိက္ခာ မည်၏။ တတ္ထ၊ ထိုသီလတို့၌။ ယော ဒဿနဋ္ဌော၊ အကြင် မြင်သော အနက်သဘောရှိ၏။ အယံ၊ ဤမြင်သော အနက်သဘောသည်။ အဓိပညာ သိက္ခာ၊ အဓိပညာ သိက္ခာမည်၏။ပ။ အဘိညေယျံ၊သိအပ်သော နာမ်ရုပ်ကို။အဘိဇာနန္တော၊ သိသည်ရှိသော်။ ဣမာ တိဿော သိက္ခာယော၊ ဤ(၃)ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏၊ ပရိညေယျံ၊ ပိုင်းခြားအပ်သော အနိစ္စ,ဒုက္ခ, အနတ္တကို။ ပရိဇာနန္တော၊ ပိုင်းခြားသည်ရှိသော်။ ဣမာ တိဿော သိက္ခာယော၊ ဤ (၃)ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ ပဟာတဗ္ဗံ၊ ပယ်အပ်သော ကိလေသာကို။ ပဇဟန္တော၊ ပယ်သည်ရှိသော်။ ဣမာ တိဿော သိက္ခာယော၊ ဤ (၃)ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကို။ သစ္ဆိကရောန္တော၊ မျက်မှောက်ပြုသည် ရှိသော်။ ဣမာ တိဿော သိက္ခာယော၊ ဤ (၃) ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ ဘာဝေတဗ္ဗံ၊ ပွားအပ်သောမဂ်ကို။ ဘာဝေန္တော၊ ပွားသည်ရှိသော်။ ဣမာ တိဿော သိက္ခာယော၊ ဤ(၃)ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။

(ပါဠိ, အနက်နှင့် အဓိပ္ပါယ်ကို နှိုးနှော၍ ကြည့်ရှု)။

စင်ကြယ်သည်၏ အဖြစ်ကို အဘယ်ဉာဏ် သိပါသနည်း ဟူသော ဒုတိယအမေး၌။ (ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်

ကိုသာ လိုအပ်၏)။ ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်သည် သုတမယဉာဏ်, စိန္တာမယဉာဏ်, ဒေသနာဉာဏ်, ပဋိသမ္ဘိဒါ ဉာဏ်အားဖြင့် (၄)ပါး အပြားရှိ၏။ ထို(၄)ပါးတို့တွင် ဝိပဿနာကို မင်္ဂကို အားမထုတ်မီ–

စေရူပါနံ သီလာနံ သံဝရပါရိသုဒ္ဓိ အဓိသီလံ၊ သံဝရ-ပါရိသုဒ္ဓိယာ ဌိတံ စိတ္တံ အဝိက္ခေပံ ဂစ္ဆတိ၊ အဝိက္ခေပပါရိသုဒ္ဓိ အဓိစိတ္တံ၊ သံဝရပါရိသုဒ္ဓိံ သမ္မာ ပဿတိ၊ အဝိက္ခေပပါရိသုဒ္ဓိံ သမ္မာ ပဿတိ၊ ဒဿနပါရိသုဒ္ဓိ အဓိပညာ။

ဟူသော ဒေသနာကို ကြားနာရသဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ (၇) ပါးသော သုဒ္ဓိဖြင့် စင်ကြယ်သည်၏ အဖြစ်ကို ဒေသနာနည်း၏အစွမ်းအားဖြင့် သိသောဉာဏ်သည် သုတမယ ဉာဏ်မည်၏။ သုတမယဉာဏ်ကိုအမှီပြု၍ ဝိပဿနာကို မဂ်ကို အားမထုတ်မီ သဘာဝဓမ္မကို အနုမာန ကြံဆသော အားဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ (၇) ပါးသော သုဒ္ဓိဖြင့် စင်ကြယ်သည်၏ အဖြစ်ကို မိမိ သဘောအလျောက် ဒေသနာနည်း အစွမ်းအားဖြင့် သိသောဉာဏ်သည် စိန္တာမယဉာဏ် မည်၏။ ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်ကို ရပြီးသည်မှနောက် ဝိပဿနာဉာဏ်ကို အမှီပြု၍–

စေရူပါနံ သီလာနံ ။ပ။ ဒဿနပါရိသုဒ္ဓိ အဓိပညာ။

ဟူသော ဒေသနာကို ပြောဟောသောအခါ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ (၇) ပါးသော သုဒ္ဓိဖြင့် စင်ကြယ်သည်၏အဖြစ်ကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်သည် ဒေသနာဉာဏ် မည်၏။ ပဋိသမ္ဘိဒါဉာဏ်သည် အတ္ထ ပဋိသမ္ဘိဒါဉာဏ်, ဓမ္မပဋိသမ္ဘိဒါဉာဏ်, နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်အားဖြင့် (၄)ပါး အပြားရှိ၏၊ အတ္ထပဋိသမ္ဘိဒါဉာဏ် သိအပ်သော အာရုံသည် အကျိုးပစ္စယုပ္ပန်၊ အနက်, ဝိပါက်, ကြိယာ အားဖြင့်(၅)ပါးအပြားရှိ၏။ ထို(၅)ပါးတို့တွင် အနက်ကိုသာ လိုအပ် ၏။ ဓမ္မပဋိသမ္ဘိဒါဉာဏ် သိအပ်သော အာရုံသည် အကြောင်း ပစ္စည်း, ပါဠိ, ကုသိုလ်, အကုသိုလ်အားဖြင့် (၅)ပါး အပြားရှိ၏။ ထို(၅)ပါး

တို့တွင် ပါဠိလိုသာ လိုအပ်၏။ ထို ပစ္စဝေက္ခဏာဉာဏ် (၄) ပါးတို့တွင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ကို ရပြီးသည်မှ နောက် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ကို အမှီပြု၍ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ အနက်ကို ဆင်ခြင်သောအခါ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ (၇)ပါးသော သုဒ္ဓိဖြင့် စင်ကြယ်သည်၏ အဖြစ်ကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်သည် အတ္ထပစ္စဝေက္ခဏာဉာဏ် မည်၏။ ထို့အတူ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရားသည် ပါဠိကို ဆင်ခြင်သောအခါ—

ဝေရူပါနံ သီလာနံ ။ပ။ ဒဿနပါရိသုဒ္ဓိ အဓိပညာ။

ဟူသော ပါဠိကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်သည် ဓမ္မပစ္စဝေက္ခဏာဉာဏ် မည်၏။ ထို့အတူ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ အနက်ကိုရင်း၊ ပါဠိကိုရင်း ပြောဟော၍ သဘာဝနိရုတ္တိ မည်သော မာဂဓဘာသာ ဒေသနာ အသံကို ဆင်ခြင်သောအခါ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ အနက်ကိုရင်း၊ ပါဠိကိုရင်း (၇) ပါးသော သုဒ္ဓိဖြင့် စင်ကြယ်သည်၏ အဖြစ်ကိုရင်း ထုတ်ဆောင် ပြောဆိုအပ်သော ဗျပ္ပတ် ဝစနတ် ဝိဂြိုဟ် သဘာဝနိရုတ္တိ မည်သော မာဂဓဘာသာ ဒေသနာ သဒ္ဒါအထူးကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဉာဏ်သည် နိရုတ္တိပစ္စဝေက္ခဏာဉာဏ် မည်၏။ အသိဉာဏ်ကို ဆင်ခြင်သောအခါ အတ္ထပစ္စဝေက္ခဏာဉာဏ်၊ ဓမ္မပစ္စဝေက္ခဏာဉာဏ်၊ နိရုတ္တိပစ္စဝေက္ခဏာဉာဏ်(၃)ပါး တို့၏ အပေါင်းကို မတွေးမခေါ် မမြော်မဆ ဝစီဘေဒ ပြောဟော သော နှုတ်ဝ၌ ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသောဉာဏ်သည် ပဋိဘာန ပစ္စဝေက္ခဏာဉာဏ် မည်၏။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် သိမြင်သော ဤတရား၏ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ (၇) ပါးဖြင့် စင်ကြယ်သည်၏ အဖြစ်ကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဒေသနာဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် သိမြင်ပေသည်။

သိသောဉာဏ်၏ အကြောင်း၊ အဘယ်သုဒ္ဓိဖြင့် စင်ကြယ်ပါသနည်း ဟူသော တတိယအမေး၌၊ ဒေသနာနည်း၏ အစွမ်းဖြင့် သိသော ဒေသနာဉာဏ်, ပဋိသမ္ဘိဒါဉာဏ်၏ အကြောင်း (၇)ပါးသော သုဒ္ဓိဖြင့် စင်ကြယ်ပေသည်။

သိသောဉာဏ်၏ အကျိုး၊ အဘယ် သုဒ္ဓိဖြင့် စင်ကြယ်ပါသနည်း ဟူသော စတုတ္ထအမေး၌၊ ဒေသနာနည်း၏ အစွမ်းအားဖြင့် သုတမယဉာဏ်, စိန္တာမယဉာဏ်၏ အကျိုး (၇) ပါးသော သုဒ္ဓိဖြင့် စင်ကြယ်ပေသည်။ ဤသို့အမေးသင့်သော အချင်းအရာအားဖြင့် (၄) ပါးသော ပုစ္ဆာကို အသီးအသီး ဖြေဆိုပြီး၍ တပေါင်းတည်း ဖြေဆိုရမည်မှာ– ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ် တရားသည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်သည် မည်၏။

ဤသိမြင်သော တရားသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဤ (၇)ပါးသော သုဒ္ဓိဖြင့် စင်ကြယ်သည်၏ အဖြစ်ကို ဒေသနာနည်း၏ အစွမ်းအားဖြင့် သိသော ဒေသနာဉာဏ်, ပဋိသမ္ဘိဒါဉာဏ်၏အကြောင်း၊ သုတမယဉာဏ်, စိန္တာမယဉာဏ်၏ အကျိုး (၇)ပါးသော သုဒ္ဓိဖြင့် စင်ကြယ်ပေသတည်း။

ဆဋ္ဌပုစ္ဆာ အမေးအဖြေ ပြီး၏။

သတ္တမပုစ္ဆာ အမေးအဖြေ

၇။ ဤသုဒ္ဓိသည် အဇ္ဈတ္တမှ ထ၍ အဇ္ဈတ္တသုဒ္ဓိ မည်ပါသနည်း၊ ဗဟိဒ္ဓမှ ထ၍ ဗဟိဒ္ဓသုဒ္ဓိ မည်ပါသနည်း ဟူသော သတ္တမ အမေး။

၇။ အဖြေ။ ။သုဒ္ဓိသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ,မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ,ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ အားဖြင့် (၇)ပါး အပြားရှိ၏။ ထို(၇) ပါးတို့တွင် စိတ္တဝိသုဒ္ဓိအရ ဝိမောက္ခကထာ၌ လာသော စတုက္ကနည်း၊ ရူပဈာန် (၄)ပါးသည် အဇ္ဈတ္တမှ ထ၍ အဇ္ဈတ္တဝုဋ္ဌာနလည်း မည်၏။ အဇ္ဈတ္တ သုဒ္ဓိလည်း မည်၏။ အရူပဈာန်(၃) ပါးသည် ဗဟိဒ္ဓမှ ထ၍ ဗဟိဒ္ဓ ဝုဋ္ဌာနလည်း မည်၏။ ဗဟိဒ္ဓသုဒ္ဓိလည်း မည်၏။ မဂ် (၄) ပါးသည် အဇ္ဈတ္တ, ဗဟိဒ္ဓ (၂) ပါးစုံမှ ထ၍ ဥဘတောဝုဋ္ဌာနလည်း မည်၏၊ အဇ္ဈတ္တ,ဗဟိဒ္ဓသုဒ္ဓိလည်း, မည်၏။ ရူပဈာန်, အရူပဈာန်,မဂ် (၃)ပါး တို့တွင် ရူပဈာန်, အရူပဈာန် အရ ဖြစ်သော စိတ္တဝိသုဒ္ဓိသည် အဇ္ဈတ္တသုဒ္ဓိ, ဗဟိဒ္ဓသုဒ္ဓိမည်သော်လည်း ဝိပဿနာ၌ ရအပ်သော စိတ္တဝိသုဒ္ဓိနှင့် အမည်မျှသာ တူ၏။ အနက်သဘော မတူ။ လျစ်လျူသာ ရှုအပ်၏။ (ဖြေဆိုလတံ့သော နည်းနှင့် မနီးနှော ဟူလိုသည်)။

ဝိပဿနာဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် အာရုံပြုတတ်သော ဝိပဿနာ ဖြစ်၍ အဇ္ဈတ္တ မည်၏။ သမုဒယဖြင့် ရေတွက်အပ်သော အနုသယပရိယုဋ္ဌာန် ကိလေသာ အကုသိုလ်ခန္ဓာ ဒုက္ခဖြင့် ရေတွက်အပ်သော ဘဝတဘန် ခန္ဓာရုပ်နာမ်သည် အဇ္ဈတ္တ၌ဖြစ်၍ အဇ္ဈတ္တပဝတ္တ မည်၏။

ထိုကြောင့်—

> အဇ္ဈတ္တ ပဝတ္တတောတိ သသန္တာနေ မိစ္ဆာဒိဋ္ဌိပဝတ္တန
> အာဒိတော တဒနုဝတ္တကကိလေသက္ခန္ဓေဟိ စ။ တဥ္စ သသန္တတိယံ
> ကိလေသပဝတ္တဘာဝတော တံ နိမိတ္တံ အသတိ မဂ္ဂဘာဝနာယ
> ဥပ္ပဇ္ဇနကဥပါဒိန္နက္ခန္ဓ ပဝတ္တဘာဝတော စ တထာ ဝုတ္တံ။
> (မဟာဋီကာ)

သသန္တာနေ၊ မိမိသန္တာန်၌။ မိစ္ဆာဒိဋ္ဌိ ပဝတ္တန အာဒိတော စ၊ မိစ္ဆာဒိဋ္ဌိ စသည်တို့၏ ဖြစ်ခြင်းကြောင့်၎င်း။ တဒနုဝတ္တက ကိလေ-သက္ခန္ဓေဟိ စ၊ ထိုမိစ္ဆာဒိဋ္ဌိ စသည်တို့သို့ အစဉ်တစိုက် လိုက်ကုန်သော ကိလေသာ ခန္ဓာ ဖြစ်ခြင်းတို့ကြောင့်၎င်း။ အဇ္ဈတ္တပဝတ္တတောတိ၊ အဇ္ဈတ္တပဝတ္တတော ဟူ၍။ ဝုတ္တံ၊ မိန့်အပ်၏။ တံ ဝစနံ၊ ထိုစကားသည်။ ဟိ-သစ္စံ၊ မှန်၏။ သသန္တတိယံ၊ မိမိသန္တာန် ဇောညာဏ် အစဉ်၌။ ကိလေသပဝတ္တဘာဝတော စ၊ ကိလေသာ ဖြစ်သည်၏ အဖြစ်ကြောင့် ၎င်း။ တံ နိမိတ္တံ၊ ထို ကိလေသာ အကြောင်းကြောင့်။ မဂ္ဂဘာဝနာယ၊ မဂ် ဘာဝနာသည်။ အသတိ၊ မရှိသော်။ ဥပ္ပဇ္ဇနကဥပါဒိန္နက္ခန္ဓပဝတ္တ-ဘာဝတော စ၊ ကံ ကိလေသာ၏ အကျိုး ဘဝတဘာန် ခန္ဓာဖြစ်လတ္တံ့သည်၏ အဖြစ်ကြောင့်၎င်း။ တထာ၊ ထို့အတူ အဇ္ဈတ္တပဝတ္တတော ဟူ၍။ ဝုတ္တံ၊ မိန့်အပ်ပြီ။ ။ဤကားအနက်။

မဂ်ညာဏ်နှင့် သမ္ပယုတ် ဖြစ်သော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည် အာရုံပြုတတ်သော မဂ်ဝိပဿနာ ဖြစ်၍ အဇ္ဈတ္တ မည်၏။ သမုဒယဖြင့် ရေတွက်အပ်သော အနုသယ ပရိယုဋ္ဌာန် ကိလေသာ အကုသိုလ် ခန္ဓာ ဒုက္ခဖြင့် ရေတွက်အပ်သော ဘဝတဘာန် ခန္ဓာနာမ်ရုပ်၏ မဂ်ဖြင့် ချုပ်ခြင်းသည် အဇ္ဈတ္တ, ဗဟိဒ္ဓ (၂) ပါးစုံမှ အပဖြစ်၍ နိဗ္ဗာန်မည်၏။ ရုပ်နာမ်ခန္ဓာ သင်္ခါရနိမိတ်ကို အာရုံမပြု စွန့်လွှတ်၍ နိဗ္ဗာန်ကိုသာ အာရုံပြုခြင်းသည် ဗဟိဒ္ဓမှ ထသည်မည်၏။ သမုဒယဖြင့် ရေတွက်အပ်သော အနုသယ ပရိယုဋ္ဌာန် ကိလေသာ အကုသိုလ်ခန္ဓာ ဘဝတဘာန် ခန္ဓာနာမ်ရုပ်၏ အဇ္ဈတ္တ၌ မဖြစ်ခြင်းသည် အဇ္ဈတ္တမှ ထသည်၏ မည်၏။

ထို့ကြောင့်—

တတ္ထ နိမိတ္တတော ဝုဋ္ဌာနံ သင်္ခါရနိမိတ္တံ နိဿဇ္ဇိတွာ နိဗ္ဗာနာရမ္မဏ ကရဏံ၊ ပဝတ္တတော ဝုဋ္ဌာနံ ဟေတုနိရောဓေန အာယတိံ ဝိပါကပဝတ္တဿ အနုပ္ပတ္တိဓမ္မတာပါဒနံ။

(မဟာဋီကာ)

တတ္ထ၊ ထိုဗဟိဒ္ဓဝုဋ္ဌာန, အဇ္ဈတ္တဝုဋ္ဌာန (၂) ပါးတို့တွင်။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်ကို။ နိဿဇ္ဇိတွာ၊ စွန့်လွှတ်၍။ နိဗ္ဗာနာရမ္မဏကရဏံ၊ နိဗ္ဗာန်ကို အာရုံပြုခြင်းသည်။ နိမိတ္တတော ဝုဋ္ဌာနံ၊ နိမိတ်ဗဟိဒ္ဓမှ ထသည်မည်၏။ ဟေတုနိရောဓေန၊ အကြောင်း၏ ချုပ်ခြင်းကြောင့်။ အာယတိံ ဝိပါကပဝတ္တဿ၊ နောင်တဘန် အကျိုးဖြစ်ခြင်း၏။ အနုပ္ပတ္တိဓမ္မတာပါဒနံ၊ မဖြစ်သော သဘောသို့ ရောက်ခြင်းသည်။ ပဝတ္တတော ဝုဋ္ဌာနံ၊ အဇ္ဈတ္တပဝတ္တမှ ထသည်မည်၏။

သုဒ္ဓိသည် ဗဟိဒ္ဓသုဒ္ဓိ, အဇ္ဈတ္တသုဒ္ဓိ, နေဝအဇ္ဈတ္တ နဗဟိဒ္ဓသုဒ္ဓိ အားဖြင့် (၃)ပါး အပြားရှိ၏။ **တနည်း**— ဣေတောသုဒ္ဓိ, ဒုဘတောသုဒ္ဓိ, နေဝဣေတော နဥဘတောသုဒ္ဓိ အားဖြင့် (၃)ပါး အပြားရှိ၏။ ထို (၃) ပါးတို့တွင် နာမရူပပရိစ္ဆေဒဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက် အဇ္ဈတ္တသမ္ပယုတ်၌ ရအပ်သော သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ,ပစ္စယပရိဂ္ဂဟဉာဏ်နှင့်သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ် ဖြစ်ခိုက် အဇ္ဈတ္တ သမ္ပယုတ်၌ ရအပ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, သမ္မသနဉာဏ်, တရုဏ-ဝိပဿနာ ဥဒယဗ္ဗယဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ် ဖြစ်ခိုက် အဇ္ဈတ္တ သမ္ပယုတ်၌ ရအပ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂ ဉာဏ ဒဿနဝိသုဒ္ဓိ, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ် ဖြစ်ခိုက် အဇ္ဈတ္တသမ္ပယုတ်၌ ရအပ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဤသို့ မရေတွက် အပ်သေးသည်ကိုသာ ရေတွက်သော နည်းဖြင့် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏ-

ဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော လောကီသီလ, လောကီသမာဓိ, လောကီဝိပဿနာ ဉာဏ်သည် အနုသယပရိယုဋ္ဌာန် သမုဒယ ဘဝတဘန် ဒုက္ခအဇ္ဈတ္တပဝတ္တမှုလည်း မထ။ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံမှုလည်း မထသောကြောင့် နေဝအဇ္ဈတ္တ နဗဟိဒ္ဓသုဒ္ဓိလည်း မည်၏။ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံ တပါးမှုလည်း မထ၊ အနုသယ ပရိယုဋ္ဌာန် သမုဒယ ဘဝတဘန် ဒုက္ခအဇ္ဈတ္တ ပဝတ္တသင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံ (၂) ပါး စုံမှုလည်း မထသောကြောင့် နေဝကေတော နဉဘတောသုဒ္ဓိလည်း မည်၏။

ထို့ကြောင့်-

> လောကိယဝိပဿနာ ဟိ နိမိတ္တာရမ္မဏတ္တာ စေဝ ပဝတ္တကာရဏဿ စ သမုဒယဿ အသမုစ္ဆိန္ဒနတော နေဝ နိမိတ္တာ န ပဝတ္တာ ဝုဋ္ဌာတိ။

(ဝိသုဒ္ဓိမဂ်)

ဟိသစ္စံ၊ မှန်၏။ လောကိယဝိပဿနာ၊ လောကီ ဝိပဿနာသည်။ နိမိတ္တာရမ္မဏတ္တာ စေဝ၊ သင်္ခါရနိမိတ် ဗဟိဒ္ဓလျှင် အာရုံ ရှိသည်၏ အဖြစ်ကြောင့်လည်း။ နိမိတ္တာ၊ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံမှ။ နေဝ ဝုဋ္ဌာတိ၊ မထ။ ပဝတ္တကာရဏဿ၊ ဘဝတဘန် ဒုက္ခ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ သမုဒယဿ၊ အနုသယ ပရိယုဋ္ဌာန် သမုဒယ၏။ အသမုစ္ဆိန္ဒနတော စ၊ မပြတ်ခြင်းကြောင့်လည်း။ ပဝတ္တာ၊ သမုဒယနှင့် တဘန်ဘဝ အဇ္ဈတ္တပဝတ္တမှ။ န ဝုဋ္ဌာတိ၊ မထ။ ။ဤကား အနက်။

ဂေါတြဘူဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ် ဖြစ်ခိုက် အဇ္ဈတ္တသမ္ပယုတ်၌ ရအပ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော လောကီသီလ, လောကီသမာဓိ, လောကီဝိပဿနာဉာဏ်သည် အနုသယ ပရိယုဋ္ဌာန် သမုဒယ ဘဝတဘန် ဒုက္ခအဇ္ဈတ္တပဝတ္တမှ မထ။ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံမှသာ ထသောကြောင့် ဗဟိဒ္ဓသုဒ္ဓိလည်းမည်၏။ အနုသယ ပရိယုဋ္ဌာန် သမုဒယ ဘဝတဘန် ဒုက္ခအဇ္ဈတ္တ ပဝတ္တ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံ (၂) ပါးစုံမှ မထ။ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံတပါးမှသာ ထသောကြောင့် ကေတော သုဒ္ဓိလည်း မည်၏။

ထိုကြောင့်–

ဂေါတြဘူဉာဏံ သမုဒယဿ အသမုစ္ဆိန္နတ္တာ ပဝတ္တာ န ဝုဋ္ဌာတိ၊ နိဗ္ဗာနာရမ္မဏတော ပန နိမိတ္တာ ဝုဋ္ဌာတီတိ ဧကတောဝုဋ္ဌာနံ ဟောတိ။

(ဝိသုဒ္ဓိမဂ်)

ဂေါတြဘူဉာဏံ၊ ဂေါတြဘူဉာဏ်သည်။ သမုဒယဿ၊ အနုသယ ပရိယုဋ္ဌာန် သမုဒယ၏။ အသမုစ္ဆိန္နတ္တာ၊ မပြတ်ခြင်းကြောင့်။ ပဝတ္တာ၊ သမုဒယနှင့် ဘဝတဘာန် ဒုက္ခအဇ္ဈတ္တ ပဝတ္တမှ။ န ဝုဋ္ဌာတိ၊ မထ။ နိဗ္ဗာနာရမ္မဏတော ပန၊ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်။ နိမိတ္တာ၊ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံမှ။ ဝုဋ္ဌာတိ၊ ထ၏။ ဣတိ၊ ထို့ကြောင့်။ ဧကတောဝုဋ္ဌာနံ၊ ဧကတောဝုဋ္ဌာနသည်။ ဟောတိ၊ ဖြစ်၏။

မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော မဂ်ကုသိုလ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက် အဇ္ဈတ္တသမ္ပယုတ်၌ ရအပ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဉာဏဒဿန ဝိသုဒ္ဓိဟု ဆိုအပ်သော လောကုတ္တရာသီလ, လောကုတ္တရာသမာဓိ, လောကုတ္တရာ ဝိပဿနာဉာဏ်သည် အနုသယ ပရိယုဋ္ဌာန် သမုဒယ ဘဝတဘာန် ဒုက္ခအဇ္ဈတ္တပဝတ္တမှလည်း ထ။ သင်္ခါရနိမိတ် ဗဟိဒ္ဓ အာရုံမှလည်း ထသောကြောင့် အဇ္ဈတ္တ ဗဟိဒ္ဓ သုဒ္ဓိလည်း မည်၏။ အနုသယ ပရိယုဋ္ဌာန် သမုဒယ ဘဝတဘာန် ဒုက္ခအဇ္ဈတ္တပဝတ္တ သင်္ခါရနိမိတ် ဗဟိဒ္ဓ အာရုံ(၂)ပါးစုံမှလည်း ထသောကြောင့်။ ဒုဘတောသုဒ္ဓိလည်း မည်၏။

ထို့ကြောင့်–

ဣမာနိ စတ္တာရိပိ ဉာဏာနိ အနိမိတ္တာရမ္မဏတ္တာ နိမိတ္တတော ဝုဋ္ဌဟန္တိ။ သမုဒယဿ သမုစ္ဆိန္နတ္တာ ပဝတ္တာ ဝုဋ္ဌဟန္တီတိ ဒုဘတောဝုဋ္ဌာနာနိ ဟောန္တိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဣမာနိ စတ္တာရိပိ ဉာဏာနိ၊ ဤ(၄)ပါးသော မဂ်ဉာဏ်တို့သည်။ အနိမိတ္တာရမ္မဏတ္တာ၊ သင်္ခါရနိမိတ် ဗဟိဒ္ဓလျှင် အာရုံ မရှိသည်၏ အဖြစ်ကြောင့်။ နိမိတ္တတော၊ သင်္ခါရနိမိတ် ဗဟိဒ္ဓအာရုံမှ။ ဝုဋ္ဌဟန္တိ၊

ထကုန်၏။ သမုဒယဿ၊ အနုသယ ပရိယုဋ္ဌာန် သမုဒယ၏။ သမုစ္ဆိန္ဒ နတော၊ ပြတ်ခြင်းကြောင့်။ ပဝတ္တာ၊ သမုဒယနှင့် ဘဝတဘာန် ဒုက္ခ အဇ္ဈတ္တ ပဝတ္တမှု။ ဝုဋ္ဌဟန္တိ၊ ထကုန်၏။ ဇာတိ၊ ထိုကြောင့်။ ဒုဘတော ဝုဋ္ဌာနာခိ၊ ဒုဘတောဝုဋ္ဌာနမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ ဤကားအနက်။

ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အသီးအသီးဖြေဆိုပြီး၍ တပေါင်း တည်း ဖြေဆိုရမည်မှာ- ဤဝိသုဒ္ဓိသည် နာမရူပ ပရိစ္ဆေဒဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော (၁၂) ပါးသော လောကီ ဝိပဿနာ ဉာဏ်နှင့် သမ္ပယုတ်ဖြစ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်အံ့။ အဇ္ဈတ္တ ပဝတ္တမှုလည်း မထ။ ဗဟိဒ္ဓမှုလည်း မထ၍ နေဝ အဇ္ဈတ္တ နဗဟိဒ္ဓသုဒ္ဓိ မည်ပေသတည်း။ ဂေါတြဘူဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်အံ့၊ ဗဟိဒ္ဓမှု ထ၍ ဗဟိဒ္ဓသုဒ္ဓိ မည်ပေသတည်း။ မဂ်ဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်အံ့။ အဇ္ဈတ္တ ပဝတ္တမှုလည်း ထ။ ဗဟိဒ္ဓမှုလည်း ထ၍ အဇ္ဈတ္တ ဗဟိဒ္ဓသုဒ္ဓိ မည်ပေ သတည်း။

သတ္တမပုစ္ဆာ အမေးအဖြေ ပြီး၏။

အင်္ဂုတ္တရ အမေးအဖြေ

၈။ ဤသုဒ္ဓိသည် ကာမသုဒ္ဓိ မည်ပါသနည်း၊ ဈာနသုဒ္ဓိ မည်ပါသနည်း ဟူသော အင်္ဂုတ္တရ အမေး။

(၈) **အဖြေ။** ။''ဒိဋ္ဌသုတေနာပိ ဝဒန္တိ သုဒ္ဓိန္တိ ဒိဋ္ဌေနပိ သုဒ္ဓိံ ဝိသုဒ္ဓိံ ပရိသုဒ္ဓိံ မုတ္တိံ ဝိမုတ္တိံ ပိ ပရိမုတ္တိံ ဝဒန္တိ ကထေန္တိ ဘဏန္တိ ဒီပယန္တိ ဝေါဟရန္တိ'' ဟူသော ပါရာယနဝဂ် စူဠနိဒ္ဒေသနှင့် အညီ မောက္ခ ဝိမောက္ခ မုတ္တိ ဝိမုတ္တိ ပရိမုတ္တိ၏ အနက်သဘောနှင့် သုဒ္ဓိ ဝိသုဒ္ဓိ ပရိသုဒ္ဓိ၏ အနက်သဘောကို အတူတူမှတ်။

အလောဘ နေက္ခမ္မသည် ရှုတတ်သောကြောင့် ဈာနမည်၏၊ လောဘ ကာမစ္ဆန္ဒကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာနမည်၏၊ ရှုသဖြင့် လွတ်တတ်သောကြောင့် ဈာနဝိမောက္ခမည်၏၊ လောင်ကျွမ်းစေသဖြင့် လွတ်တတ်သောကြောင့် ဈာနဝိမောက္ခမည်၏၊နေက္ခမ္မ သမ္ပယုတ်တရားသည် ရှုတတ်သောကြောင် ဈာန မည်၏။ ကိလေသာကို လောင်ကျွမ်း စေတတ်သောကြောင့် ဈာန မည်၏။ ရှုသော်၎င်း၊ လောင်ကျွမ်းသော်၎င်း နေက္ခမ္မ သမ္ပယုတ္တ ပညာဖြင့် သိတတ်သော ကြောင့် ဈာနဝိမောက္ခ မည်၏။ (၁)

အဒေါသ အဗျာပါဒသည် ရှုတတ်,ဒေါသဗျာပါဒကို လောင်ကျွမ်း စေတတ်သောကြောင့် ဈာန မည်၏ ။ပ။ (၂)

အာလောကသညာသည် ရှုတတ်, ထိနမိဒ္ဓကို လောင်ကျွမ်းစေတတ် သောကြောင့် ဈာနမည်၏။ (၃)

သမာဓိ အဝိက္ခေပသည် ရှုတတ်, ဥဒ္ဓစ္စကို လောင်ကျွမ်းစေတတ် သောကြောင့် ဈာနမည်၏။ (၄)

ဓမ္မဝဝတ္ထာန် နာမရူပပရိစ္ဆေဒဉာဏ်သည် ရှုတတ်, ဝိစိကိစ္ဆာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၅)

ဉာဏ်သည် ရှုတတ်, အဝိဇ္ဇာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၆)

ပီတိ ပါမုဇ္ဇသည် ရှုတတ်, မမွေ့လျော်သောအရတိကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၇)

ပဌမဈာန်သည် ရှုတတ်, နီဝရဏကို လောင်ကြွမ်း စေတတ်သောကြောင် ဈာနမည်၏။ (၈)

ဒုတိယဈာန်သည် ရှုတတ်, ဝိတက်, ဝိစာရကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာနမည်၏။ (၉)

တတိယဈာန်သည် ရှုတတ်, ပီတိကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာနမည်၏။ (၁၀)

စတုတ္ထဈာန်သည် ရှုတတ်, သုခ, ဒုက္ခကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၁၁)

အာကာသာနဉ္စာယတန သမာပတ်သည် ရှုတတ်, ရူပသညာ, ပဋိဃသညာ, နာနတ္တသညာကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာန်မည်၏။ (၁၂)

ဝိညာဏဉ္စာယတန သမာပတ်သည် ရှုတတ်, အာကာသာနဉ္စာယတနသညာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၁၃)

အာကိဉ္စညာယတန သမာပတ်သည် ရှုတတ်, ဝိညာဏဉ္စာယတနသညာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာန မည်၏။ (၁၄)

နေဝသညာနာသညာယတန သမာပတ်သည် ရှုတတ်,အာကိဉ္စညာယတနသညာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၁၅)

အနိစ္စာနုပဿနာသည် ရှုတတ်, နိစ္စသညာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၁၆)

ဒုက္ခာနုပဿနာသည် ရှုတတ်, သုခသညာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၁၇)

အနတ္တာနုပဿနာသည် ရှုတတ်, အတ္တသညာကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာန မည်၏။ (၁၈)

နိဗ္ဗိဒါနုပဿနာသည် ရှုတတ်, နန္ဒီကို လောင်ကြွမ်း စေတတ်သော ကြောင့် ဈာနမည်၏။ (၁၉)

ဝိရာဂါနုပဿနာသည် ရှုတတ်, ရာဂကို လောင်ကြွမ်း စေတတ်သော ကြောင့် ဈာန မည်၏။ (၂၀)

နိရောဓာနုပဿနာသည် ရှုတတ်, သမုဒယကို လောင်ကြွမ်း စေတတ် သောကြောင့် ဈာန မည်၏။ (၂၁)

ပဋိနိဿဂ္ဂါနုပဿနာသည် ရှုတတ်,အာဒါနကို လောင်ကြွမ်းစေတတ် သောကြောင့် ဈာန မည်၏။ (၂၂)

ခယာနုပဿနာသည် ရှုတတ်, ဃနသညာကို လောင်ကြွမ်း စေတတ် သောကြောင့် ဈာနမည်၏။ (၂၃)

ဝယာနုပဿနာသည် ရှုတတ်, အာယူဟနကို လောင်ကြွမ်းစေတတ် သောကြောင့် ဈာနမည်၏။ (၂၄)

ဝိပရိဏာမာနုပဿနာသည် ရှုတတ်, ဓုဝသညာကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာနမည်၏။ (၂၅)

အနိမိတ္တာနုပဿနာသည် ရှုတတ်, နိစ္စနိမိတ်ကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာန မည်၏။ (၂၆)

အပဏိဟိတာနုပဿနာသည် ရှုတတ်, တဏှာပဏိဓိကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာန မည်၏။ (၂၇)

သုညတာနုပဿနာသည် ရှုတတ်, ဒိဋ္ဌိအဘိနိဝေသကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာနမည်၏။ (၂၈)

အဓိပညာ ဓမ္မဝိပဿနာသည် ရှုတတ်, အနှစ်သာရဟု ယူမှားသော ဒိဋ္ဌိအဘိနိဝေသကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာန မည်၏။ (၂၉)

ယထာဘူတ ဉာဏ်သည် ရှုတတ်, သမ္မောဟ အဘိနိဝေသကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၃၀)

အာဒီနဝါနုပဿနာသည် ရှုတတ်, တဏှာ အာလယ အဘိနိဝေသကို လောင်ကြွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၃၁)

ပဋိသင်္ခါနုပဿနာသည် ရှုတတ်, အပ္ပဋိသင်္ခါမောဟကို လောင်ကြွမ်း စေတတ်သောကြောင့် ဈာနမည်၏။ (၃၂)

ဝိဝဋ္ဋာနုပဿနာသည် ရှုတတ်, သံယောဇဉ် အဘိနိဝေသကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၃၃)

သောတာပတ္တိမဂ်သည် ရှုတတ်, ဒိဋ္ဌိနှင့် အတူတကွတည်သော ကိလေသာကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၃၄)

သကဒါဂါမိမဂ်သည် ရှုတတ်, ဩဠာရိက ကိလေသာကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၃၅)

အနာဂါမိမဂ်သည် ရှုတတ်, သုခုမ ကိလေသာကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာနမည်၏။ (၃၆)

အရဟတ္တမဂ်သည် ရှုတတ်သောကြောင့် ဈာနမည်၏၊ အလုံးစုံသော ကိလေသာကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာနမည်၏။ ရှုသဖြင့် လွတ်တတ်သောကြောင့် ဈာနဝိမောက္ခ မည်၏။ ကိလေသာကို လောင်ကျွမ်းစေသဖြင့် လွတ်တတ်သောကြောင့် ဈာနဝိမောက္ခ မည်၏။ အရဟတ္တမဂ် သမ္မယုတ်တရားသည် ရှုတတ်သောကြောင့် ဈာနမည်၏။ ကိလေသာကို လောင်ကျွမ်း စေတတ်သောကြောင့် ဈာနမည်၏။ ရှုသော်၎င်း၊ လောင်ကျွမ်းသော်၎င်း အရဟတ္တမဂ္ဂ သမ္မယုတ္တ ပညာဖြင့် သိတတ်သောကြောင့် ဈာနဝိမောက္ခ မည်၏။ (၃၇)

ထို့ကြောင့်—

ကတမော ဈာနဝိမောက္ခော။ နေက္ခမ္မံ ဈာယတီတိ ဈာနံ။ ကာမစ္ဆန္ဒံ ဈာပေတီတိ ဈာနံ၊ ဈာယန္တော မုစ္စတီတိ ဈာနဝိမောက္ခော။ ဈာပေန္တော မုစ္စတီတိ ဈာနဝိမောက္ခော၊ ဈာယန္တီတိ ဓမ္မာ။ ဈာပေတီတိ ကိလေသေ။ ဈာတေ စ ဈာပေ စ ပဇာနာတီတိ ဈာနဝိမောက္ခော ။ပ။ အရဟတ္တမဂ္ဂေါ ဈာယတီတိ ဈာနံ ။ပ။ ဈာတေ စ ဈာပေ စ ပဇာနာတီတိ ဈာနဝိမောက္ခော။ အယံ ဈာနဝိမောက္ခော။

(ပဋိသမ္ဘိဒါမဂ်)

ဈာနဝိမောက္ခော၊ ဈာနဝိမောက္ခသည်။ ကတမော၊ အဘယ်နည်း။ နေက္ခမ္မံ၊ နေက္ခမ္မ အလောဘသည်။ ဈာယတိ၊ ရှုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒ လောဘကို။

ဈာပေတိ၊ လောင်ကျွမ်းစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ဈာယန္တော၊ ရှုသည်ရှိသော်။ မုစ္စတိ၊ လွတ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနဝိမောက္ခော၊ ဈာနဝိမောက္ခ မည်၏။ ဈာပေန္တော၊ လောင်ကျွမ်းစေသည်ရှိသော်။ မုစ္စတိ၊ လွတ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနဝိမောက္ခော၊ ဈာနဝိမောက္ခ မည်၏။ ဓမ္မာ၊ နေက္ခမ္မ သမ္ပယုတ် တရားတို့သည်။ ဈာယန္တိ၊ ရှုတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ကိလေသေ၊ ကိလေသာတို့ကို။ ဈာပေတိ၊ လောင်ကျွမ်းစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ဈာတေ စ၊ ရှုသော်ငြင်း။ ဈာပေ စ၊ လောင်ကျွမ်းသော်ငြင်း။ နေက္ခမ္မ သမ္ပယုတ္တပညာယ၊ နေက္ခမ္မ သမ္ပယုတ်ပညာဖြင့်။ ပဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထိုကြောင့်။ ဈာနဝိမောက္ခော၊ ဈာနဝိမောက္ခမည်၏ ။ပ။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ ဈာယတိ၊ ရှုတတ်၏။ ဣတိ၊ ထိုကြောင့်။ ဈာနံ၊ ဈာန်မည်၏ ။ပ။ ဈာတေ စ၊ ရှုသော်ငြင်း။ ဈာပေ စ၊ လောင်ကျွမ်းသော်ငြင်း၊ အရဟတ္တမဂ္ဂသမ္ပယုတ္တပညာယ၊ အရဟတ္တမဂ် သမ္ပယုတ် ပညာဖြင့်။ ပဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနဝိမောက္ခော၊ ဈာနဝိမောက္ခ မည်၏။ အယံ၊ ဤသည်ကား။ ဈာနဝိမောက္ခော၊ ဈာနဝိမောက္ခ တည်း။ ။ဤကားအနက်။

ဤသို့ ရှုသောသူအား ၁၆-ပါးသော ယုံမှားခြင်း ကင်းပျောက်၏။ ဤသို့ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသော သူသည် ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည် ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ် နာမ်ရုပ်ထင်၏။ ထင်ပြီး၍ တဆင့် ဤနာမ်ရုပ်သည် အကြောင်းကြောင့် ဖြစ်၏ဟု ရှု၏။ ရှုပြီး၍ တဆင့် ဤနာမ်ရုပ်သည် ယခုလည်း အကြောင်းကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်ပြီ။ နောင်ခါလည်း အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှု၍သာ နေ၏။ လာသောအကြောင်း၊ သွားသောအကျိုး ကိုလည်း အမှတ်မပြု။ လာသောအကြောင်း၊ သွားသောအကျိုး မထင်သည်လည်းမဟုတ်။ ထင်လည်းထင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်း ခန့်၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ပိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ ပစ္စယပရိဂ္ဂဟဉာဏ် အထူးကိုလည်း ရ၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါး တို့၌ အကြောင်းနှင့် အကျိုးမျှသာ ရှိ၏။ အကြောင်း၌လည်း အကျိုး မရှိ။ အကျိုး၌လည်း အကြောင်းမရှိ။ အကြောင်းကြောင့်သာ အကျိုး ဖြစ်၏။ အကြောင်းကြောင့်သာ အကျိုးဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့ ရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့ မရှိဟု ဆုံးဖြတ်သောဉာဏ် တဘက်ကမ်းရောက်၏။ ယထာဘူတဉာဏ်ဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး, ဣန္ဒြေ ၅-ပါးကို ယူအပ်၏။

(၂) ပစ္စယပရိဂ္ဂဟဉာဏ် ပြီး၏။

သမ္မသနဉာဏ်

ပစ္စယပရိဂ္ဂဟဉာဏ် တဘက်ကမ်း ရောက်သော သူသည် နာမ်ရုပ်တို့၏ ဖြစ်ရာ တည်ရာ ဩကာသအရပ် ၁၁-ပါးတို့ဖြင့် သုံးသပ်လိုသည် ရှိသော် မြင်သောကာလ မျက်စိ၌ အဆင်းထင်သည်။ စက္ခုဝိညာဉ်

မြင်သည်၏ အစွမ်းအားဖြင့် မြင်၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် မျက်စိ, အဆင်း, မြင်ခြင်း နာမ်ရုပ်ထင်၍ ဤနာမ်ရုပ်သည် အကြောင်းကြောင့် ဖြစ်၏။ ဤနာမ်ရုပ်သည် ယခုလည်း အကြောင်းကြောင့် ဖြစ်သကဲ့သို့၊ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်ပြီ။ နောင်ခါလည်း အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှုသည်တိုင်အောင် အာရုံကူးပြောင်းတိုင်း ကူးပြောင်းတိုင်း ဉာဏ်စဉ်အတိုင်းလာ၍ ပစ္စယပရိဂ္ဂဟဉာဏ်၏ တဘက်ကမ်းသို့ရောက်မှ ရှေးက ဖြစ်ပြီးသော နာမ်ရုပ်သည် ယခုသို့ မရောက်။ ယခုဖြစ်သော နာမ်ရုပ်သည် နောက်သို့ မရောက်။ အတွင်းဖြစ်သော နာမ်ရုပ်သည် အပသို့မရောက်။ အပဖြစ်သော နာမ်ရုပ်သည်အတွင်းသို့ မရောက်။ ကြမ်းသော နာမ်ရုပ်သည် အနုသို့ မရောက်။ နုသော နာမ်ရုပ်သည် အကြမ်းသို့ မရောက်။ ယုတ်သော နာမ်ရုပ်သည် အမြတ်သို့ မရောက်။ မြတ်သော နာမ်ရုပ်သည် အယုတ်သို့ မရောက်။ ဝေးသော နာမ်ရုပ်သည် အနီးသို့ မရောက်။ နီးသော နာမ်ရုပ်သည် အဝေးသို့ မရောက်။ ကုန်သော အနက် သဘောကြောင့် မမြဲ၊ မမြဲသော အနက် သဘောသည်ပင် ကြောက်အပ်သော အနက်သဘောကြောင့် ဆင်းရဲ၊ မမြဲ ဆင်းရဲသော အနက်သည်ပင် အနှစ်ကင်းသော အနက်ကြောင့် အစိုးမရဟု သုံးသပ်၏။

ကြားသောကာလ နား၌ အသံထင်သည်။ သောတဝိညာဉ် ကြားသည်၏ အစွမ်းအားဖြင့် ကြား၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် နား, အသံ, ကြားခြင်း နာမ်ရုပ်ထင်၍ ။ပ။

နံသောကာလ နှာခေါင်း၌ အနံ့ ထင်သည်။ ဃာနဝိညာဉ် နံသည်၏ အစွမ်းအားဖြင့် နံ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် နှာခေါင်း, အနံ့, နံခြင်း နာမ်ရုပ်ထင်၍ ။ပ။

စားသောကာလ လျှာ၌ အရသာ ထင်သည်။ ဇိဝှါဝိညာဉ် စားသည်၏ အစွမ်းအားဖြင့် စား၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် လျှာ, အရသာ, စားခြင်း နာမ်ရုပ်ထင်၍ ။ပ။

ထိသောကာလ ကိုယ်၌ အတွေ့ထင်သည်။ ကာယဝိညာဉ် ထိသည်၏ အစွမ်းအားဖြင့် ထိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ကိုယ်, အတွေ့, ထိခြင်း နာမ်ရုပ်ထင်၍ ။ပ။

သိသောကာလ နှလုံး၌ သဘောထင်သည်။ မနောဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသည်၏ အစွမ်းအားဖြင့် နှလုံး, သဘော, သိခြင်း နာမ်ရုပ်ထင်၍ ဤနာမ်ရုပ်သည် အကြောင်းကြောင့် ဖြစ်၏။ ဤနာမ်ရုပ်သည် ယခုလည်း အကြောင်းကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်ပြီ။ နောင်ခါလည်း အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှုပြီးမှ ရှေးက ဖြစ်ပြီးသော နာမ်ရုပ်သည် ယခုသို့ မရောက်။ ယခု ဖြစ်သော ရုပ်နာမ်သည် နောက်သို့ မရောက်။ အတွင်း ဖြစ်သော နာမ်ရုပ်သည် အပသို့ မရောက်။ အပဖြစ်သော နာမ်ရုပ်သည် အတွင်းသို့ မရောက်။ ကြမ်းသော နာမ်ရုပ်သည် အနုသို့ မရောက်။ နုသော နာမ်ရုပ်သည် အကြမ်းသို့မရောက်။ ယုတ်သော နာမ်ရုပ်သည် အမြတ်သို့ မရောက်။ မြတ်သော နာမ်ရုပ်သည် အယုတ်သို့ မရောက်။ ဝေးသော နာမ်ရုပ်သည် အနီးသို့ မရောက်။ နီးသော နာမ်ရုပ်သည် အဝေးသို့ မရောက်။ ကုန်သော အနက်သဘောကြောင့် မမြဲ။ မမြဲသော အနက်သဘောသည်ပင် ကြောက်အပ်သော အနက်သဘောကြောင့် ဆင်းရဲ။ မမြဲ ဆင်းရဲသော အနက်သဘောသည်ပင် အနှစ်ကင်းသော အနက်သဘောကြောင့် အစိုးမရဟု သုံးသပ်၏။ ဤသို့ နာမ်ရုပ်တို့၏ ဖြစ်ရာ တည်ရာ ဩကာသအရပ် ၁၁-ပါးတို့ဖြင့် နာမ်ရုပ်ကို သုံးသပ်သောသူသည် ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည်။ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ် နာမ်ရုပ်ထင်၍ ဤနာမ်ရုပ်သည် အကြောင်းကြောင့် ဖြစ်၏။ ဤနာမ်ရုပ်သည် ယခုအကြောင်းကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်ပြီ။ နောင်အခါလည်း အကြောင်းကြောင့် ဖြစ်လတ္တံ့ဟု ရှုပြီးမှ၊ ရှေးက ဖြစ်ပြီးသော နာမ်ရုပ်သည် ယခုသို့ မရောက်။ ယခုဖြစ်သော နာမ်ရုပ်သည် နောက်သို့ မရောက်။ အတွင်းဖြစ်သော နာမ်ရုပ်သည် အပသို့ မရောက်။ အပဖြစ်သော နာမ်ရုပ်သည် အတွင်းသို့ မရောက်။ ကြမ်းသော နာမ်ရုပ်သည် အနုသို့ မရောက်။ နုသော နာမ်ရုပ်သည် အကြမ်းသို့မရောက်။ ယုတ်သော နာမ်ရုပ်သည် အမြတ်သို့မရောက်။ မြတ်သော နာမ်ရုပ်သည်

အယုတ်သို့ မရောက်။ ဝေးသော နာမ်ရုပ်သည် အနီးသို့ မရောက်။ နီးသော နာမ်ရုပ်သည် အဝေးသို့ မရောက်။ ကုန်သော အနက်သဘောကြောင့် မမြဲ။ မမြဲသော အနက်သဘောသည်ပင် ကြောက်အပ်သော အနက်သဘောကြောင့် ဆင်းရဲ။ မမြဲ ဆင်းရဲသော အနက်သဘောသည်ပင် အနှစ်ကင်းသော အနက်သဘောကြောင့် အစိုးမရဟု သုံးသပ်၍သာ နေ၏။

နာမ်ရုပ်၏ ညွတ်သော ဘောက်ပြန်သောအားဖြင့် လာသော သဘာဝလက္ခဏာ။ နာမ်ရုပ်၏ ဥပါဒ်, ဌီ, ဘင်အားဖြင့် သွားသော သင်္ခတ လက္ခဏာ ကိုလည်း အမှတ် မပြု။ မထင် သည်လည်း မဟုတ်။ ထင်လည်းထင်၏။ စိတ်လည်းမပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်း ခန့်၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန်သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ သမ္မသနဉာဏ် အထူးကိုလည်း ရ၏။ အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာ မြဲမြံခိုင်ခန့်သည်ဖြစ်၍ နိစ္စသညာ, သုခသညာ, အတ္တသညာ ကင်းပျောက်သဖြင့် ဉာဏ်တဘက် ကမ်းရောက်၏။ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာဖြင့် သမ္မသနဉာဏ်၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး, ဣန္ဒြေ ၅-ပါးကို ယူအပ်၏။

(၃) သမ္မသနဉာဏ် ပြီး၏။

ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ် တဘက်ကမ်းရောက်သောသူသည် ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည်။ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ်, နာမ်ရုပ်,ထင်၏။ ပစ္စုပ္ပန်သက်သက် နာမ်ရုပ်၏ အဖြစ်အပျက်ကို ရှုလိုသည်ရှိသော် ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ် နာမ်ရုပ်,ထင်၍ ပစ္စုပ္ပန်သက်သက်

နာမ်ရုပ်၏ အဖြစ်အပျက်ကို မြင်သော သမ္မသနဉာဏ်၏ တဘက်ကမ်းသို့ ရောက်မှ မြင်သောကာလ မျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဉ် မြင်သည်၏ အစွမ်းအားဖြင့် မြင်၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် မျက်စိ, အဆင်း, မြင်ခြင်း, နာမ်ရုပ်ထင်၍ နာမ်ရုပ်၏အစ ဥဒယသည်ကား ဖြစ်သော သဘော။ နာမ်ရုပ်၏အဆုံး ဝယ, သည်ကား ပျက်သော သဘောဟု ရှု၏။

ကြားသောကာလ နား၌ အသံ ထင်သည်။ သောတဝိညာဉ် ကြားသည်၏အစွမ်းအားဖြင့် ကြား၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် နား, အသံ, ကြားခြင်း နာမ်ရုပ်ထင်၍ နာမ်ရုပ်၏အစ ဥဒယသည်ကား ဖြစ်သော သဘော။ နာမ်ရုပ်၏အဆုံး ဝယ, သည်ကား ပျက်သော သဘောဟု ရှု၏။

နံသောကာလ နှာခေါင်း၌ အနံ့ ထင်သည်။ ဃာနဝိညာဉ် နံသည်၏ အစွမ်းအားဖြင့် နံ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် နှာခေါင်း, အနံ့, နံခြင်း နာမ်ရုပ်ထင်၍ နာမ်ရုပ်၏အစ ဥဒယသည်ကား ဖြစ်သော သဘော။ နာမ်ရုပ်၏အဆုံး ဝယ, သည်ကား ပျက်သောသဘောဟု ရှု၏။

စားသောကာလ လျှာ၌ အရသာထင်သည်။ ဇိဝှါဝိညာဉ် စားသည်၏ အစွမ်းအားဖြင့် စား၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် လျှာ, အရသာ, စားခြင်း နာမ်ရုပ်ထင်၍ နာမ်ရုပ်၏အစ ဥဒယသည်ကား ဖြစ်သော သဘော။ နာမ်ရုပ်၏အဆုံး ဝယ, သည်ကား ပျက်သော သဘောဟု ရှု၏။

ထိသောကာလ ကိုယ်၌ အတွေ့ထင်သည်။ ကာယဝိညာဉ် ထိသည်၏ အစွမ်းအားဖြင့် ထိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ကိုယ်, အတွေ့, ထိခြင်း နာမ်ရုပ်ထင်၍ နာမ်ရုပ်၏အစ ဥဒယသည်ကား ဖြစ်သော သဘော။ နာမ်ရုပ်၏အဆုံး ဝယ, သည်ကား ပျက်သော သဘောဟု ရှု၏။

သိသောကာလ နှလုံး၌ သဘောထင်သည်။ မနောဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် နှလုံး, သဘော, သိခြင်း နာမ်ရုပ်ထင်၍ နာမ်ရုပ်၏အစ ဥဒယသည်ကား

ဖြစ်သော သဘော။ နာမ်ရုပ်၏အဆုံး ဝယ,သည်ကား ပျက်သော သဘောဟု ရှု၏။

ဤသို့ ပစ္စုပ္ပန်သက်သက် နာမ်ရုပ်၏ အဖြစ်အပျက်ကို ရှုသော သူသည် ဖြစ်ခိုက် ဖြင်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည်။ ဝိညာဉ် သိသည်၏အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ် ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ်, ပစ္စုပ္ပန်နာမ်ရုပ်, ထင်၍ နာမ်ရုပ်၏အစ ဥဒယသည်ကား ဖြစ်သော သဘော၊ နာမ်ရုပ်၏အဆုံး ဝယ,သည်ကား ပျက်သော သဘောဟု တမြင်တည်း မြင်၍သာ နေ၏။ နာမ်ရုပ်၏ ဖြစ်သောအားဖြင့် လာသော ဥဒယလက္ခဏာ ၂၅-ပါး။ နာမ်ရုပ်၏ ပျက်သောအားဖြင့် သွားသော ဝယ,လက္ခဏာ ၂၅-ပါးကိုလည်း အမှတ်မပြု။ မထင်သည်လည်း မဟုတ်။ ထင်လည်း ထင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်း ခန့်၏။ ဝိပဿနာ၏ အညစ်အကြေး ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ ဥဒယဗ္ဗယဉာဏ် အထူးကိုလည်း ရ၏။ နာမ်ရုပ်၏ ဖြစ်သော သဘောပင် ရှိသော်လည်း ထင်သော သတိ အမှတ်အား လျော်စွာ အဖြစ်ကို လွှတ်၍ အပျက်ကို မြင်သဖြင့် ဉာဏ်တဘက်ကမ်း ရောက်၏။ ဝိပရိ-ဏာမာ နုပဿနာဖြင့် ဥဒယဗ္ဗယဉာဏ်၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး, ဣန္ဒြေ ၅-ပါးကို ယူအပ်၏။

(၄) ဥဒယဗ္ဗယဉာဏ် ပြီး၏။

အင်္ဂဉာဏ်

ဤ ဥဒယဗ္ဗယဉာဏ်၌ နာမ်ရုပ်၏ ဖြစ်သောအားဖြင့် လာသော ဥဒယ လက္ခဏာ ၂၅-ပါး။ နာမ်ရုပ်၏ ပျက်သော အားဖြင့် သွားးသော ဝယလက္ခဏာ ၂၅-ပါးကို အမှတ်လည်းမပြု။ မထင် သည်လည်း မဟုတ်။ ထင်လည်းထင်၏ ဆိုသောစကားသည် ဥဒယ-လက္ခဏာ ၂၅-ပါး။ ဝယလက္ခဏာ ၂၅-ပါး။ တပြိုင်နက် တပေါင်း တည်းသော လက္ခဏာ ၅၀-ကို။ တကြိမ် တကြိမ် ဥဒယဗ္ဗယာနုပဿနာ

စိတ်တခုတည်းဖြင့် ရှုမြင်သောကြောင့် သူတပါးတို့ ပယ်ရှားခဲ့သော် ပကတိသဘောအားဖြင့် တည်နိုင်တော့မည်မဟုတ်။ သာဓကကိုထုတ်၍ တည်စေပေအံ့။

(၁) ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။
(ဓမ္မစကြာပါဠိတော်)

(၂) ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ဧဝံ အဘိနိဝိသိတွာ ဝေမေဝ ဝုဋ္ဌာနကာလေ ပန ကေပ္ပဟာရေန ပဋ္ဌဟိ ခန္ဓေဟိ ဝုဋ္ဌာတိ နာမ။
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

(၃) အဘိနိဝေသောတိ စ ဝိပဿနာယ ပုဗ္ဗဘာဂေ ကတ္တဗ္ဗနာမရူပ ပရိစ္ဆေဒေါ ဝေဒိတဗ္ဗော။ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ကာမံ ဥဒယဗ္ဗယ ပရိဂ္ဂဏှနံ အဘိနိဝေ-သောတိ ဒဿိတံ၊ ယထာဉပဋ္ဌိတေ ပန ရူပါရူပဓမ္မေ တေသဋ္ဌ ပစ္စယေ ပရိဂ္ဂဟေတွာ သင်္ခေပေနေဝ ဝိပဿနာဉာဏံ စာရေန္တော ဉာဏုတ္တရော ယထာ နိသိန္နောဝ ဉာဏပဋ္ဋိပါဋိယာ ခိပ္ပမေဝ သစ္စာနိ ပဋိဝိဇ္ဈန္တော ကေပ္ပဟာရေန ပဋ္ဌဟိ ခန္ဓေဟိ ဝုဋ္ဌာတိ နာမ။ အညထာ ကေနေဝ လောကိယစိတ္တေန ပဋ္ဌန္နံ ခန္ဓာနံ ပရိဂ္ဂဟပရိဇာနနာဒိနံ အသမ္ဘဝတော။
(မဟာဋီကာ)

(၁) အနက်

ယံကိဉ္စိ၊ အလုံးစုံသည်။ သမုဒယဓမ္မံ၊ ဖြစ်သော သဘောရှိ၏။ တံ သဗ္ဗံ၊ ထိုဖြစ်သော သဘောရှိသော အလုံးစုံသည်။ နိရောဓဓမ္မံ၊ ချုပ်သော သဘောရှိ၏။

(၂) အနက်

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ၊ အလုံးစုံသည်ဖြစ်သော သဘောရှိ၏၊ ထိုဖြစ်သော သဘောရှိသော အလုံးစုံသည် ချုပ်ပျက်သော သဘောရှိ၏ဟူ၍။ အယံ၊ ဤသူသည်။ ဧဝံ၊ ဤသို့။ အဘိနိဝိသိတွာ၊

နှလုံးသွင်း၏။ ဝေမေဝ၊ ထို့အတူ သာလျှင်။ ဝုဋ္ဌာနကာလေ ပန၊
မဂ်ထသော ကာလ၌လည်း။ ကေပ္ပဟာရေန၊ တပ္ပိုင်နက်။ ပဉ္စဟိခန္ဓေဟိ၊
ခန္ဓာ ၅-ပါးတို့မှ၊ ဝုဋ္ဌာတိ နာမ၊ ထသည်မည်၏။

(၃) အနက်

ဝိပဿနာယ၊ ဝိပဿနာ၏။ ပုဗ္ဗဘာဂေ၊ ရှေးအဘို့အစ၌။ ကတ္တဗ္ဗ-
နာမရူပ ပရိစ္ဆေဒေါ၊ ပြုအပ်သော နာမ်ရုပ် အပိုင်းအခြားကို။ အဘိ-
နိဝေသောတိ စ၊ နှလုံးသွင်း၏ ဟူ၍လည်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။
ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ဝစနေန၊ အလုံးစုံသည်
ဖြစ်သော သဘောရှိ၏၊ ထိုဖြစ်သော သဘောရှိသော အလုံးစုံသည်
ချုပ်ပျက်သော သဘော ရှိ၏ ဆိုသော ဤစကားဖြင့်။ ဥဒယဗ္ဗယ-
ပရိဂ္ဂဏှနံ၊ အဖြစ်,အပျက်ကို သိမ်းဆည်းခြင်းကို။ အဘိနိဝေသောတိ၊
နှလုံးသွင်း၏ဟူ၍။ ကာမံ ဒဿိတံ၊ တကယ်ပြအပ်၏။ ပန-တထာပိ၊
ထိုသို့ပင် ပြအပ်သော်လည်း။ ယထာဥပဋ္ဌိတေ၊ ထင်တိုင်းကုန်သော။
ရူပါရူပဓမ္မေ စ၊ ရုပ်နာမ်တရားတို့ကိုင်း။ တေသံ၊ ထိုရုပ်နာမ်တရားတို့
၏။ ပစ္စယေ စ၊ အကြောင်းတို့ကိုင်း။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။
သင်္ခေပေနေဝ၊ အကျဉ်းဖြင့်သာလျှင်။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်
ကို။ စာရေန္တော၊ ဖြစ်စေလျက်။ ဉာဏုတ္တရော၊ ဉာဏ်ထက်သောသူသည်။
ယထာနိသိန္နောဝ၊ တထိုင်တည်းပင်လျှင်။ ဉာဏပဋိပါဋိယာ၊ ဉာဏ်စဉ်
ဖြင့်။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သစ္စာနိ၊ သစ္စာတို့ကို။ ပဋိဝိဇ္ဈန္တော၊
ထိုးထွင်းလျက်။ ကေပ္ပဟာရေန၊ တပ္ပိုင်နက်။ ပဉ္စဟိခန္ဓေဟိ၊ ခန္ဓာ ၅-ပါး
တို့မှ။ ဝုဋ္ဌာတိ နာမ၊ ထသည်မည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။
အညထာ၊ ဝိပဿနာလောကီစိတ် တကြိမ်တည်းသော အခြင်းအရာကို
ယူအပ်သည်မှ တပါးသော လောကီစိတ် တကြိမ်တည်းသော အခြင်း
အရာကို ယူအပ်သည်ရှိသော်။ ကေနေဝ လောကိယစိတ္တေန၊ လောကီ
စိတ် တကြိမ်တည်းဖြင့် သာလျှင်။ ပဉ္စန္နံ ခန္ဓာနံ၊ ခန္ဓာ ၅-ပါးတို့ကို။
ပရိဂ္ဂဟပရိဇာနနံ့ာဒီနံ၊ သိမ်းဆည်းခြင်း ပိုင်းခြားခြင်း စသည်တို့၏။
အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်တည်း။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဉာဏကထာ၌ လာသော ဉာဏ်စဉ်ဖြင့် မန္ဒပုဂ္ဂိုလ်၏အကျိုးငှါ အားထုတ်အပ်သော ဝိပဿနာ၏ အစီအရင်ကို အကျယ် ဖြေဆိုခဲ့ပြီး ဖြစ်၍ ယခု တိက္ခပုဂ္ဂိုလ်၏ အကျိုးငှါ အကျဉ်း ဖြေဆိုသော စကားပြင်ကို နည်းအလျောက် အပြစ်မကောက်သင့်ပြီ။

ဥဒယဗ္ဗယဉာဏ် တဘက်ကမ်းရောက်သော သူသည် နာမ်ရုပ်တို့၏ ဖြစ်သော သဘောပင် ရှိသော်လည်း ထင်သော သတိ အမှတ်အား လျော်စွာ အဖြစ်ကို ပယ်၍ အပျက်ကို မြင်သဖြင့် ပျက်သော ရှေ့အာရုံ ဝတ္ထုမှ ပျက်သော နောက်အာရုံဝတ္ထုသို့ ပြောင်းရွှေ့နိုင်သော ဝတ္ထု သင်္ကမနာပညာ၊ အဖြစ်ကို ပယ်၍ အပျက်၌တည်သော ဝိဝဋ္ဋနာပညာ၊ ပျက်သော ရှေ့အာရုံကို ပျက်သောသဘော ကုန်သောသဘောဟု ရှုပြီး၍ ပျက်သော နောက်အာရုံကို ပျက်သောသဘော ကုန်သောသဘောဟု ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သော အာဝဇ္ဇနာဗလပညာ၊ ဤ အင်္ဂါ ၃-ပါး နှင့် ပြည့်စုံသော ပဋိသင်္ခါဝိပဿနာ၊ မျက်မှောက်ထင်ထင် မြင်သော အားဖြင့် ပျက်သော ပစ္စုပ္ပန်အာရုံကို အစဉ်လိုက်နိုင်သော အာရမ္မဏ အန္ဝယပညာ၊ ဤနာမ်ရုပ်သည် ယခု ပျက်သကဲ့သို့ ထို့အတူ ရှေးက လည်း ပျက်ပြီး၊ နောင်ခါလည်း ပျက်လတ္တံ့ဟု ပျက်ပြီးသော နာမ်ရုပ်၊ ပျက်လတ္တံ့သော နာမ်ရုပ်၊ အတိတ်, အနာဂတ် အာရုံ ၂-ပါးစုံကို ယခုပျက်သော ပစ္စုပ္ပန်အာရုံနှင့် အပျက်တူအောင် ထပ်တူဆောင်၍ ပိုင်းခြားနိုင်သော ဧကတ္တဝဝတ္ထာနပညာ၊ ပျက်သောအာရုံ၌ အမြဲ နှလုံးသွင်းနိုင်သော နိရောဓအဓိမုတ္တတာပညာ၊ ဤ အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ဝယလက္ခဏာဝိပဿနာ၊ ပျက်သောအာရုံကို ပျက်သော သဘော ကုန်သောသဘောဟု ရှုနိုင်သော အာရမ္မဏပဋိသင်္ခါပညာ၊ ပျက်သောသဘော ကုန်သောသဘောဟု ရှုသော ပညာ၏ အဆုံးကို မြင်သဖြင့် ပျက်သောသဘော ကုန်သောသဘောဟု ရှုနိုင်သော ဘင်္ဂါ-နုပဿနာပညာ၊ ပျက်သော သဘောကား တစုံတခုမျှ မရှိ သုဉ်း၏ ဆိတ်၏ဟု ထင်သော သုညတောဥပဋ္ဌာနပညာ၊ ဤအင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော အဓိပညာဝိပဿနာ၊ ဤသို့ ဝိပဿနာအားဖြင့် ၉-ပါးနှင့် ပြည့်စုံသော ဘင်္ဂဉာဏ်ကို ရခြင်းငှါ ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည်။ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု

သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ် နာမ်ရုပ်ထင်၍ နာမ်ရုပ်၏ အဆုံးကို မြင်သဖြင့် ပျက်သောသဘော ကုန်သောသဘော ဟု ရှု၏။ ပျက်သောသဘော ကုန်သောသဘောဟု ရှုသော စိတ်အဆုံးကို မြင်သဖြင့် ပျက်သောသဘော ကုန်သောသဘောဟု ရှု၏။ နာမ်ရုပ်ဟူသော ဉာတ၊ ရှုသော ဉာဏ၊ ဤ ဉာတ, ဉာဏ ၂-ပါးစုံ အာရုံကို ရှုပြီးမှ ဤနာမ်ရုပ်သည် ယခု ပျက်သကဲ့သို့ ထို့အတူ ရှေးကလည်း ပျက်ပြီ၊ နောင်ခါလည်း ပျက်လတ္တံ့ဟု ရှု၍သာ နေ၏။ ပျက်သော နာမ်ရုပ်ကို ရှု၍ ထင်သောအားဖြင့် လာသော အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ, နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာ ၇-ပါး၊ ပျက်သောနာမ်ရုပ်ကို ရှု၍ အနုပဿနာ ပယ်ဖျောက်သောအားဖြင့် သွားသော နိစ္စသညာ, သုခသညာ, အတ္တသညာ, နန္ဒီ, ရာဂ, သမုဒယ, အာဒါန ၇-ပါးကို အမှတ်လည်းမပြု၊ မထင်သည်လည်း မဟုတ်၊ ထင်လည်းထင်၏။ ထင်သောကြောင့်ပင်လျှင် မမြဲဟု မရှု။ ဆင်းရဲဟု ရှု၏။ ချမ်းသာဟု မရှု။ အစိုးမရဟု ရှု၏။ အစိုးရဟု မရှု။ ငြီးငွေ့၏ မနှစ်သက်။ တပ်မက်ကင်း၏ မတပ်မက်။ အနုသယပရိယုဋ္ဌာန် ဘဝတဘန်ကို ချုပ်စေ၏ မဖြစ်စေ။ အနုသယ ပရိယုဋ္ဌာန် ဘဝတဘန်ကို စွန့်၏ မယူဟု ပြောဆိုနိုင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်းခန့်၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ ဘင်္ဂဉာဏ် အထူးကိုလည်း ရ၏။ ဘေးထင်သဖြင့် ဉာဏ်တဘက်ကမ်း ရောက်၏။ ခယာနုပဿနာ ဝယာနုပဿနာဘင်္ဂဉာဏ်၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး, ဂုဏ်ဒြေ ၅-ပါးကို ယူအပ်၏။

(၅) ဘင်္ဂဉာဏ် ပြီး၏။

ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်

ဘင်္ဂဉာဏ် တဘက်ကမ်းရောက်သောသူသည် ဘေးထင်သဖြင့် ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, မူလဝတ္ထု ၅-ပါး။ ဂတိ, နိဗ္ဗတ္တိ,

ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ,
ပရိယာယ်ဝတ္ထု ၁၀-ပါး။ ဤသို့အားဖြင့် ၁၅-ပါးသော ဝတ္ထု
တို့တွင် ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, မူလဝတ္ထု ၅-ပါး။
တပါးပါး၌ ဘေးတည်းဟု အပြစ်ထင်သော အာဒီနဝဉာဏ် ၅-ပါး။
ဘေးတေည်းဟု နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ် ၅-ပါး။ ဤသို့အားဖြင့်
၁၀-ပါးသော ဉာဏ်နှင့် ပြည့်စုံသော အာဒီနဝဉာဏ်ကို ရခြင်းငှါ
ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည်။ ဝိညာဉ်
သိသည်၏ အစွမ်းအားဖြင့် သတိထင်အောင် အမှတ်ပြုသဖြင့်
ဒွါရ, အာရုံ, ဝိညာဉ် နာမ်ရုပ်ထင်၍ နာမ်ရုပ်၏ ဖြစ်ခြင်းသည်ကား
ဘေးတည်းဟု အပြစ်ထင်၏။ နာမ်ရုပ်၏ မဖြစ်ခြင်းသည်ကား ဘေးေ
တည်းဟု နိဗ္ဗာန်ထင်၏။ နာမ်ရုပ်၏ အစဉ်မပြတ် ခြင်းသည်ကား
ဘေးတည်းဟု အပြစ်ထင်၏။ နာမ်ရုပ်၏ အစဉ်ပြတ်ခြင်းသည်ကား
ဘေးတေည်းဟု နိဗ္ဗာန်ထင်၏။ နာမ်ရုပ်တို့၏ နိမိတ်ထင်ခြင်းသည်ကား
ဘေးတည်းဟု အပြစ်ထင်၏။ နာမ်ရုပ်၏ နိမိတ်မထင်ခြင်းသည်ကား
ဘေးတေည်းဟု နိဗ္ဗာန်ထင်၏။ နာမ်ရုပ်၏အားထုတ်ခြင်းကား ဘေး
တည်းဟု အပြစ်ထင်၏။ နာမ်ရုပ်၏ အားမထုတ်ခြင်းသည်ကား ဘေးေ
တည်းဟု နိဗ္ဗာန်ထင်၏။ ယခု ယခု နာမ်ရုပ်၏ နောင်တဘန် နောင်
တဘန် နာမ်ရုပ်နှင့် စပ်ခြင်းသည်ကား ဘေးတည်းဟု အပြစ်ထင်၏။
ယခု ယခု နာမ်ရုပ်၏ နောင်တဘန် နောင်တဘန် နာမ်ရုပ်နှင့် မစပ်ခြင်း
သည်ကား ဘေးတေည်းဟု နိဗ္ဗာန်ထင်၏။ ဤသို့ အပြစ်ထင်သော
အာဒီနဝဉာဏ်, နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ် အစုံအစုံဖြင့် ဒွါရ,
အာရုံ, ဝိညာဉ် နာမ်ရုပ် ထင်တိုင်း ထင်တိုင်း ရှု၍သာ နေ၏။
ရှေးရှေးက လာသော မူလဝတ္ထု ၅-ပါး။ နောက်နောက်သို့ သွားသော
ပရိယာယ်ဝတ္ထု ၁၀-ပါး။ ဤသို့အားဖြင့် ၁၅-ပါးသော ဝတ္ထုကို
အမှတ်လည်း မပြု။ မထင်သည်လည်း မဟုတ်။ ထင်လည်း ထင်၏။
စိတ်လည်းမပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်းခန့်၏။ ဝိပဿနာ၏
အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။
ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။

အာဒီနဝဉာဏ် အထူးကိုလည်း ရ၏။ လွတ်လိုသဖြင့် ဉာဏ်တဘက်ကမ်း ရောက်၏။

ယာ စ ဘယတုပဋ္ဌာနေပညာ၊ ယဉ္စ အာဒီနဝေဉာဏံ၊ ယာ စ
နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။
(ပဋိသမ္ဘိဒါမဂ် ဝိမောက္ခကထာ)

အနက်

ယာ စ ဘယတုပဋ္ဌာနေပညာ၊ အကြင် ဘေးထင်သော ပညာသည် ၎င်း။ ယဉ္စ အာဒီနဝေ ဉာဏံ၊ အကြင် အပြစ်ထင်သောဉာဏ်သည်၎င်း။ ယာ စ နိဗ္ဗိဒါ၊ အကြင် ငြီးငွေ့ခြင်းသည်၎င်း။ ဣမေ ဓမ္မာ၊ ဤတရား ၃-ပါးတို့သည်။ ဧကတ္ထာ၊ တူသော အနက်ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ၊ ထူး၊ မတူ။

အာဒီနဝါနုပဿနာ တပါးတည်းဖြင့် ဘယဉာဏ်, အာဒီနဝဉာဏ် ၂-ပါး၏ နိဗ္ဗိဒါနုပဿနာဖြင့် နိဗ္ဗိဒါဉာဏ်၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး, ဣန္ဒြေ ၅-ပါးကို ယူအပ်၏။

(၆) ဘယဉာဏ်, (၇) အာဒီနဝဉာဏ်, (၈) နိဗ္ဗိဒါဉာဏ် ပြီး၏။

မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်

အာဒီနဝဉာဏ် တဘက်ကမ်း ရောက်သောသူသည် လွတ်လိုသဖြင့် ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, မူလဝတ္ထု ၅-ပါး။ ဂတိ, နိဗ္ဗတ္တိ, ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ, ပရိယာယ်ဝတ္ထု ၁၀ ပါး။ ဤသို့အားဖြင့် ဝတ္ထု ၁၅-ပါး တို့တွင် ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, မူလဝတ္ထု ၅-ပါး။ တပါးပါးကို အစဥ် လွတ်လိုသော မုဉ္စိတုကမျတာဉာဏ်။ အလယ်၌ လွတ်အောင် ဆင်ခြင်သော ပဋိသင်္ခါဉာဏ်။ အဆုံး၌လွတ်၍ ညီညွတ်အောင် ရှုသော သင်္ခါရုပေက္ခာဉာဏ် တပါးတပါး။ ဤသို့အားဖြင့် ၁၅-ပါးသော ဉာဏ်နှင့် ပြည့်စုံသော သင်္ခါရုပေက္ခာဉာဏ်ကို ရခြင်းငှါ

ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ်
သိသည်၏အစွမ်းအားဖြင့် သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ,အာရုံ,
ဝိညာဉ် နာမ်ရုပ်ထင်၍ နာမ်ရုပ်၏ဖြစ်ခြင်းသည်ကား ဆင်းရဲတည်းဟု
အစ၌ လွှတ်လို၏။ နာမ်ရုပ်၏ ဖြစ်ခြင်းသည်ကား ဆင်းရဲတည်းဟု
အလယ်၌လွှတ်အောင် ဆင်ခြင်၏။ နာမ်ရုပ်၏ဖြစ်ခြင်းသည်ကား ဆင်းရဲ
တည်းဟု အဆုံး၌လွှတ်၍ ညီညွတ်အောင် ရှု၏။ နာမ်ရုပ်၏ အစဉ်မပြတ်
ခြင်းသည်ကား ဆင်းရဲတည်းဟု အစ၌ လွှတ်လို၏။ နာမ်ရုပ်၏ အစဉ်
မပြတ်ခြင်းသည်ကား ဆင်းရဲတည်းဟု အလယ်၌ လွှတ်အောင်
ဆင်ခြင်၏။ နာမ်ရုပ်၏ အစဉ်မပြတ်ခြင်းသည်ကား ဆင်းရဲတည်းဟု
အဆုံး၌ လွှတ်၍ ညီညွတ်အောင် ရှု၏။ နာမ်ရုပ်၏ နိမိတ်ထင်ခြင်း
သည်ကား ဆင်းရဲတည်းဟု အစ၌ လွှတ်လို၏။ နာမ်ရုပ်၏ နိမိတ်
ထင်ခြင်းသည်ကား ဆင်းရဲတည်းဟု အလယ်၌ လွှတ်အောင်ဆင်ခြင်၏။
နာမ်ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌ လွှတ်၍
ညီညွတ်အောင် ရှု၏။ နာမ်ရုပ်၏ အားထုက်ခြင်းသည်ကား ဆင်းရဲ
တည်းဟု အစ၌ လွှတ်လို၏။ နာမ်ရုပ်၏ အားထုတ်ခြင်းသည်ကား
ဆင်းရဲတည်းဟု အလယ်၌လွှတ်အောင် ဆင်ခြင်၏။ နာမ်ရုပ်၏အားထုတ်
ခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌လွှတ်၍ ညီညွတ်အောင် ရှု၏။
ယခု ယခု နာမ်ရုပ်၏ နောက်နောက်တဘန် နာမ်ရုပ်နှင့် စပ်ခြင်းသည်
ကား ဆင်းရဲတည်းဟု အစ၌ လွှတ်လို၏။ ယခု ယခု နာမ်ရုပ်၏
နောက်နောက်တဘန် နာမ်ရုပ်နှင့် စပ်ခြင်းသည်ကား ဆင်းရဲတည်းဟု
အလယ်၌ လွှတ်အောင် ဆင်ခြင်၏။ ယခု ယခု နာမ်ရုပ်၏ နောက်နောက်
တဘန် နာမ်ရုပ်နှင့် စပ်ခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌လွှတ်၍
ညီညွတ်အောင် ရှု၏။ ဤသို့ အစ အစ လွှတ်လိုသော မုဉ္စိတုကမျတာ
ဉာဏ်။ အလယ် အလယ် လွှတ်အောင် ဆင်ခြင်သော ပဋိသင်္ခါဉာဏ်။
အဆုံး အဆုံး လွှတ်၍ ညီညွတ်အောင် ရှုသော သင်္ခါရုပေက္ခာဉာဏ်
၃-ပါးဖြင့် ဒွါရ, အာရုံ, ဝိညာဉ် နာမ်ရုပ် ထင်တိုင်း ထင်တိုင်း ရှု၍သာ
နေ၏။ ရှေးရှေးက လာသော မူလဝတ္ထု ၅-ပါး။ နောက်နောက်သို့
သွားသော ပရိယာယ်ဝတ္ထု ၁၀-ပါးကို အမှတ်လည်းမပြု။ မထင်သည်
လည်း မဟုတ်။ ထင်လည်းထင်၏။ စိတ်လည်းမပျံ့လွင့်။ အားထုတ်သော

ကိုယ်စိတ်လည်း ခန့်၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ သင်္ခါရုပေက္ခာဉာဏ် အထူးကိုလည်း ရ၏။ နိဗ္ဗာန်ကို မြင်သဖြင့် ဉာဏ်တဘက်ကမ်းရောက်၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

ဣဒဉ္စ ပန အနုလောမဉာဏံ သင်္ခါရာရမ္မဏာယ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ ဟောတိ။ သဗ္ဗေနသဗ္ဗံ ပန ဂေါတြဘုဉာဏံ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ။

အနက်

ဣဒဉ္စ ပန အနုလောမဉာဏံ၊ ဤ အနုလောမဉာဏ်သည်လည်း။ သင်္ခါရာရမ္မဏာယ၊ သင်္ခါရလျှင် အာရုံရှိသော။ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏။ ပရိယောသာနံ၊ အဆုံးသည်။ ဟောတိ၊ ဖြစ်၏။ ဂေါတြဘုဉာဏံ ပန၊ ဂေါတြဘုဉာဏ်သည်ကား။ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏။ သဗ္ဗေန သဗ္ဗံ၊ အလုံးစုံ။ ပရိယောသာနံ၊ အဆုံးသည်။ ဟောတိ၊ ဖြစ်၏။

ပဋိသင်္ခါနုပဿနာဖြင့် မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ၃-ပါး၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး, ဣန္ဒြေ ၅-ပါးကို ယူအပ်၏။

ယာ စ မုဉ္စိတုကမျတာ၊ ယာ စ ပဋိသင်္ခါနုပဿနာ၊ ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။
(ပဋိသမ္ဘိဒါမဂ်)

အနက်

ယာ စ မုဉ္စိတုကမျတာ၊ အကြင် မုဉ္စိတုကမျတာဉာဏ်သည်ရင်း။ ယာ စ ပဋိသင်္ခါနုပဿနာ၊ အကြင် ပဋိသင်္ခါနုပဿနာသည်ရင်း။ ယာ စ သင်္ခါရုပေက္ခာ၊ အကြင် သင်္ခါရုပေက္ခာဉာဏ်သည်ရင်း။ ဣမေ

ဓမ္မာ၊ ဤတရား ၃-ပါးတို့သည်။ ကေတ္တာ၊ တူသော အနက်ရှိကုန်၏။ ဗျဥ္ဇနမေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ။ ထူးမတူ။

(၉) ဖုဋ္ဌောဝိတုကမျတာဉာဏ်, (၁၀) ပဋိသင်္ခါဉာဏ်, (၁၁) သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

အနုလောမဉာဏ် စသည်

သင်္ခါရုပေက္ခာဉာဏ် တဘက်ကမ်းရောက်သောသူသည် နိဗ္ဗာန်ကို မြင်သဖြင့် အနိစ္စတော အစ သံကိလေသိကဓမ္မတော အဆုံးရှိသော ဝိပဿနာ ၄၀-တို့တွင် အနိစ္စတော၏အရ မဂ်သို့ရောက်သော ဝိပဿနာဖြစ်သော ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာမည်သော သင်္ခါရုပေက္ခာဉာဏ်, အနိစ္စာနုပဿနာဉာဏ်ဖြင့် ယခုပင် အနိမိတ္တမဂ်သို့ ဝင်ခြင်းငှါ တပါးပါးသော ဒွါရ၌ အာရုံထင်သည် စိညာဉ်သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, စိညာဉ် ဖြစ်ခိုက်ထင်သောနာမ်ရုပ်ကို မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်၍ ဘဝင်သို့ သက်၏။ ဘဝင်မှထ၍ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်ရုပ်ကိုပင် အာဝဇ္ဇန်းဖြင့် ဆင်ခြင်၏။ အာဝဇ္ဇန်း၏ အဆုံး တိက္ခပုဂ္ဂိုလ်အား ၂-ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ၃-ကြိမ် ပရိကံ, ဥပစာ, အနုလုံမည်သော အနုလောမဉာဏ်ဖြင့် မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်ရုပ်ကိုပင် မမြဲ, မမြဲ,မမြဲဟု ၃-ကြိမ် အာရုံပြု၏။ အနုလောမဉာဏ်၏ အဆုံး ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်သောအားဖြင့် လွန်၍ အရိယာတို့၏ အနွယ်သို့ ဝင်သောအားဖြင့် သက်၍ ပုထုဇဉ် တဘန် တခါက် နောက်ပြန်မရောက်သော ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။ ဂေါတြဘူဉာဏ်၏အဆုံး ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊မဂ္ဂသစ္စာကိုပွားခြင်းကိစ္စ၊ ဤမဂ်ကိစ္စ ၄-ချက်ကို တပြိုင်နက် ပြီးစေလျက် သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။ သောတာပတ္တိမဂ်၏ အဆုံး တိက္ခပုဂ္ဂိုလ်အား ၃-ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ၂-ကြိမ်၊ သောတာပတ္တိဖိုလ်ဖြင့် အဇ္ဈတ္တဗဟိဒ္ဓမှ ထသော မဂ်ပယောဂ သမ္မပ္ပဓာန်ငြိမ်းသော

ပဋိပဿဒ္ဓိပဟာန် ဖိုလ်အကျိုးကို စံခြင်းငှါ နိဗ္ဗာန်ကို ၂-ကြိမ်၊ ၃-ကြိမ် အာရုံပြု၍ ဘဝင်သို့ သက်၏။ ဘဝင်မှ ထ၍ အာဝဇ္ဇန်း၏ အဆုံးအဆုံး ငါသည် သောတာပတ္တိမဂ်ကို ရပြီ။ ငါသည် သောတာပတ္တိဖိုလ်ကို ရပြီ။ ငါသည် နိဗ္ဗာန်ကို ရပြီဟု ဗဟုဿုတအလို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။ ငါသည် မဂ်ကို ရပြီ။ ဖိုလ်ကို ရပြီ။ နိဗ္ဗာန်ကို ရပြီဟု အပ္ပဿုတအလို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။

သင်္ဂြိုဟ်

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ နဝါ။

ပဏ္ဍိတော၊ အရိယာပညာရှိသည်။ မဂ္ဂဉ္စ၊ မဂ်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ ဖလဉ္စ၊ ဖိုလ်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ ဟီနေ ကိလေသေ စ၊ ပယ်ပြီးသော ကိလေသာတို့ကိုရင်း။ သေသေ စ ကိလေသေ၊ ကြွင်းသော ကိလေသာတို့ကိုရင်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်မိသူလည်း ရှိ၏။ နဝါ ပစ္စဝေက္ခတိ၊ မဆင်ခြင်မိသူလည်း ရှိ၏။

ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှ ထ၍ အာဝဇ္ဇန်း၏ အခြားမဲ့ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။ တဘန် ဥဒယဗ္ဗယ ဉာဏ်မှ စ၍ ဝိပဿနာကို အားထုတ်သဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာ ဉာဏ်၏အဆုံး ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အစဉ်အတိုင်း ဖြစ်၏။

ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှ ထ၍ အာဝဇ္ဇန်း၏အခြားမဲ့ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။ တဘန် ဥဒယဗ္ဗယ ဉာဏ်မှ စ၍ ဝိပဿနာကို အားထုတ်သဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည် ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ်၏အဆုံး ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, အနာဂါမိမဂ်, အနာဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အစဉ် အတိုင်း ဖြစ်၏။

ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှ ထ၍ အာဝဇ္ဇန်း၏အခြားမဲ့ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။ တဖန် ဥဒယဗ္ဗယ ဉာဏ်မှ စ၍ ဝိပဿနာကို အားထုတ်သဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, အရဟတ္တမဂ်, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အစဉ် အတိုင်း ဖြစ်၏။

ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှ ထ၍ အာဝဇ္ဇန်း၏ အခြားမဲ့ ဥဒယဗ္ဗယဉာဏဖြင့် တည်၏။ဤသို့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်လုံးပင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်ပြီး၍ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်မြဲ ဖြစ်၏။ ထို့ကြောင့်ပင်လျှင် "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ"ဟု ဟောတော်မူ၏။

အနက်

ယံကိဉ္စိ၊ အလုံးစုံသည်။ သမုဒယဓမ္မံ၊ ဖြစ်သောသဘောရှိ၏။ တံ သဗ္ဗံ၊ ထိုဖြစ်သော သဘောရှိသော အလုံးစုံသည်။ နိရောဓဓမ္မံ၊ ချုပ်ပျက်သော သဘောရှိ၏။ ဣတိ၊ ဤသို့။ အရိယော၊ အရိယာသည်။ အနုပဿတိ၊ ရှု၏။

ဝိဝဋ္ဋာနုပဿနာဖြင့် အနုလောမဉာဏ်, ဂေါတြဘူဉာဏ် ၂ ပါး၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး, ဣန္ဒြေ ၅-ပါးကို ယူအပ်၏။ မဂ်ကိုသရုပ်အားဖြင့် ဟောပြီး ဆိုပြီးဖြစ်၏။

(၁၂) အနုလောမဉာဏ်, (၁၃) ဂေါတြဘူဉာဏ်, (၁၄) မဂ်ဉာဏ်, (၁၅) ဖိုလ်ဉာဏ်, (၁၆) ပစ္စဝေက္ခဏာဉာဏ် ပြီး၏။

ပဋိသမ္ဘိဒါမဂ် ဝိပဿနာကထာ

အပေါင်းအမေးအဖြေ

ကတီဟာကာရေဟိ အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ကတီဟာကာရေဟိ သမ္မတ္တနိယာမံ ဩက္ကမတိ။ စတ္တာရီသာယ အာကာရေဟိ အနုလောမိကံ ခန္တိံ ပဋိလဘတိ။ စတ္တာရီသာယ အာကာရေဟိ သမ္မတ္တနိယာမံ ဩက္ကမတိ။

အနက်

ကတီဟာကာရေဟိ၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရသနည်း။ ကတီဟာကာရေဟိ၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့်။သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်သနည်း။ စတ္တာရီသာယ အာကာရေဟိ၊ ၄၀-သော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ စတ္တာရီသာယ အာကာရေဟိ၊ ၄၀-သော အခြင်းအရာတို့ဖြင့်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

သရုပ် အမေး အဖြေ

ကတမေဟိ စတ္တာရီသာယ အာကာရေဟိ အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ကတမေဟိ စတ္တာရီသာယ အာကာရေဟိ သမ္မတ္တနိယာမံ ဩက္ကမတိ။ ပဉ္စက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော ဤတိတော ဥပဒ္ဒဝတော

ဘယတော ဥပသဂ္ဂတော စလတော ပဘင်္ဂုတော အဒ္ဓုဝတော အတာဏတော အလေဏတော အသရဏတော ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော အာဒီနဝတော ဝိပရိဏာမဓမ္မတော အသာရကတော အဃမူလတော ဝဓကတော သာသဝတော သင်္ခတတော မာရာမိသတော ဇာတိဓမ္မတော ဇရာဓမ္မတော ဗျာဓိဓမ္မတော မရဏဓမ္မတော သောကဓမ္မတော ပရိဒေဝဓမ္မတော ဥပါယာသဓမ္မတော သံကိလေသိကဓမ္မတော။

အနက်

ကတမေဟိ စတ္တာရီသာယ အာကာရေဟိ၊ အဘယ် ၄၀-သော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရသနည်း။ ကတမေဟိ စတ္တာရီသာယ အာကာရေဟိ၊ အဘယ် ၄၀-သော အခြင်းအရာတို့ဖြင့်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်သနည်း။ ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု ။ပ။ သံကိလေသိကဓမ္မတော၊ ညစ်ညူးသော သဘောဟု။ ဣတိ ဣမေဟိ စတ္တာရီသာယ အာကာရေဟိ၊ ဤ ၄၀-သော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ဣတိ ဣမေဟိ စတ္တာရီသာယ အာကာရေဟိ၊ ဤ ၄၀-သော အခြင်းအရာတို့ဖြင့်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

ဥဒ္ဒေသမာတိကာ

(၁) ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊

ချုပ်ခြင်းသည်။ နိစ္စံ၊ မြဲသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂) ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဒုက္ခတော၊ ဆင်းရဲဟူ၍။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ သုခံ၊ ချမ်းသာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃) ပဉ္စက္ခန္ဓေ ရောဂတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အာရောဂျံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ရောဂတော၊ ရောဂါဟူ၍။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အာရောဂျံ၊ အနာရောဂါ ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၄) ပဉ္စက္ခန္ဓေ ဂဏ္ဍတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဂဏ္ဍံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၄) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဂဏ္ဍတော၊ အိုင်းအမာဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ၅-ပါးသောခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အဂဏ္ဍံ၊ အိုင်းအမာကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၅) ပဥ္စက္ခန္ဓေ သလ္လတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဥ္စန္နံ ခန္ဓာနံ နိရောဓော ဝိသလ္လံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၅) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ သလ္လတော၊ ငြောင့်ဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝိသလ္လံ၊ ငြောင့်ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၆) ပဥ္စက္ခန္ဓေ အဃတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အနဃော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၆) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသောခန္ဓာတို့ကို။ အဃတော၊ မကောင်းဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနဃော၊ ကောင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၇) ပဥ္စက္ခန္ဓေ အာဗာဓတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနာဗာဓော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၇) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အာဗာဓတော၊ အနာဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနာဗာဓော၊ အနာကင်းသော။ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၈) ပဥ္စက္ခန္ဓေ ပရတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပရပစ္စယံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၈) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ပရတော၊ တပါးဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။နိရောဓော၊ ချုပ်ခြင်းသည်။ အပရပစ္စယံ၊ တပါးသော အကြောင်းကင်းသော။နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၉) ပဥ္စက္ခန္ဓေ ပလောကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပလောကဓမ္မော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၉) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ပလောကတော၊ ပျက်သော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅ ပါးသောခန္ဓာတို့၏။

နိရောဓေ၊ ချုပ်ခြင်းသည်။ အပလောကဓမ္မေ၊ ပျက်သော သဘော ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၀) ပဉ္စက္ခန္ဓေ ဤတိတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနီတိကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၀) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဤတိတော၊ ပျက်စီးခြင်းကို ရှက်ဆောင်သော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါး သော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနီတိကံ၊ ပျက်စီး ခြင်းကို ရှက်ဆောင်သော သဘောကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၁) ပဉ္စက္ခန္ဓေ ဥပဒ္ဒဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနုပဒ္ဒဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၁) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဥပဒ္ဒဝတော၊ နှိပ်စက်သော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနု လောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာ တို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနုပဒ္ဒဝံ၊ နှိပ်စက်သော သဘော ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင် သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၂) ပဉ္စက္ခန္ဓေ ဘယတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ခေမံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၂) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဘယတော၊ ဘေးဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ခေမံ၊ ဘေးဧသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၃) ပဉ္စက္ခန္ဓေ ဥပသဂ္ဂတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနုပသဂ္ဂံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၃) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဥပသဂ္ဂတော၊ အပြစ်မပြတ် ငြိကပ်သော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနုပသဂ္ဂံ၊ အပြစ်ကင်းပြတ် မငြိကပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၄) ပဉ္စက္ခန္ဓေ စလတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အစလံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၄) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ စလတော၊ တုန်လှုပ်သော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသောခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အစလံ၊ တုန်လှုပ်ခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၅) ပဉ္စက္ခန္ဓေ ပဘင်္ဂုတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပဘင်္ဂု နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၅) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ပဘင်္ဂုတော၊ ပျက်သော အလေ့သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးလောခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အပဘင်္ဂု၊ မပျက်သော အလေ့သဘောရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၆) ပဉ္စက္ခန္ဓေ အဓုဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဓုဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၆) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသောခန္ဓာတို့ကို။ အဓုဝတော၊ မမြဲဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဓုဝံ၊ မြဲသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၇) ပဉ္စက္ခန္ဓေ အတာဏတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော တာဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၇) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အတာဏတော၊ အစောင့်အရှောက် မရှိဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော

ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ တာဏံ၊ စောင့်ရှောက်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၈) ပဉ္စက္ခန္ဓေ အလေဏတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော လေဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၈) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အလေဏတော၊ ပုန်းအောင်းရာ မရှိဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ လေဏံ၊ ပုန်းအောင်းရာရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၉) ပဉ္စက္ခန္ဓေ အသရဏတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သရဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၁၉) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အသရဏတော၊ ကိုးကွယ်ရာ မဟုတ်ဟု။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ သရဏံ၊ ကိုးကွယ်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၀) ပဉ္စက္ခန္ဓေ ရိတ္တတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အရိတ္တံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၀) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ရိတ္တတော၊ ပြတ်သော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အရိတ္တံ၊ မပြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၁) ပဉ္စက္ခန္ဓေ တုစ္ဆတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အတုစ္ဆံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၁) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ တုစ္ဆတော၊ အချည်းနှီးဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အတုစ္ဆံ၊ အချည်းနှီး မဟုတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၂) ပဉ္စက္ခန္ဓေ သုညတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမသုညံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၂) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ သုညတော၊ ဆိတ်သော သဘောဟု။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ပရမသုညံ၊ မြတ်သောအားဖြင့် ဆိတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၃) ပဉ္စက္ခန္ဓေ အနတ္တတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၃) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အနတ္တတော၊ အစိုးမရဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ပရမတ္ထံ၊ မြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၄) ပဉ္စက္ခန္ဓေ အာဒီနဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနာဒီနဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၄) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အာဒီနဝတော၊ အပြစ်ဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနာဒီနဝံ၊ အပြစ်ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၅) ပဉ္စက္ခန္ဓေ ဝိပရိဏာမဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဝိပရိဏာမဓမ္မံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၅) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဝိပရိဏာမ ဓမ္မတော၊ ဖောက်ပြန်သော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊

၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အဝိပရိဏာမဓမ္မော၊ ဖောက်ပြန်သော သဘောကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၆) ပဉ္စက္ခန္ဓေ အသာရကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၆) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အသာရကတော၊ အနှစ်မရှိဟူ။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ သာရံ၊ အနှစ်ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၇) ပဉ္စက္ခန္ဓေ အဃမူလတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနဃမူလံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၇) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ အဃမူလတော၊ မကောင်းမှု၏ အကြောင်းဟူ။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနဃမူလံ၊ မကောင်းမှု အကြောင်း မဟုတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၈) ပဉ္စက္ခန္ဓေ ဝဓကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဝဓကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၇) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဝဓကတော၊ သူသတ်ဟု။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အဝဓကံ၊ သူသတ် မဟုတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တ-နိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၂၈) ပဉ္စက္ခန္ဓေ ဝိဘဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဝိဘဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၂၈) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝိဘဝံ၊ ဖြစ်ခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန် တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၀) ပဉ္စက္ခန္ဓေ သာသဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနာသဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၀) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ သာသဝတော၊ အာသဝေါနှင့် တကွဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနာသဝံ၊ အာသဝေါ ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၁) ပဉ္စက္ခန္ဓေ သင်္ခတတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အသင်္ခတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၀) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ သင်္ခတော၊ ပြုပြင်စီရင်အပ်သော သဘောဟု။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အသင်္ခတံ၊ ပြုပြင်စီရင်ခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၂) ပဉ္စက္ခန္ဓေ မာရာမိသတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိရာမိသံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၂) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ မာရာမိသတော၊ မာရ်၏ အစာဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ နိရာမိသံ၊ အစာ ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တ-နိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

(၃၃) ပဉ္စက္ခန္ဓေ ဇာတိဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဇာတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၃) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဇာတိဓမ္မတော၊ ပဋိသန္ဓေ-နေသော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော

ခန္ဓာတို့၏။ နိရောဓေ၊ ချုပ်ခြင်းသည်။ အဇာတံ၊ ပဋိသန္ဓေနေခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၄) ပဉ္စက္ခန္ဓေ ဇရာဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဇရံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၄) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဇရာဓမ္မတော၊ အိုသော သဘောဟု။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အဇရံ၊ အိုခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၅) ပဉ္စက္ခန္ဓေ ဗျာဓိဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဗျာဓိံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၅) အနက်

ပဉ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ဗျာဓိဓမ္မတော၊ နာသော သဘောဟု။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အဗျာဓိံ၊ နာခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၆) ပဉ္စက္ခန္ဓေ မရဏဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အမတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၆) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ မရဏမမ္မတော၊ သေသော သဘောဟူ။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အမတံ၊ သေခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

ပဥ္စက္ခန္ဓေ သောကမမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အသောကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၇) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ သောကမမ္မတော၊ စိုးရိမ်ခြင်း၏ အကြောင်းဟူ။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အသောကံ၊ စိုးရိမ်ခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၈) ပဥ္စက္ခန္ဓေ ပရိဒေဝမမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အပရိဒေဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၈) အနက်

ပဥ္စက္ခန္ဓေ၊ ၅-ပါးသော ခန္ဓာတို့ကို။ ပရိဒေဝ မမ္မတော၊ ငိုကြွေးရခြင်း၏ အကြောင်းဟူ။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အပရိဒေဝံ၊ ငိုကြွေးခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၉) ပဉ္စက္ခန္ဓေ ဥပါယာသဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနုပါယာသံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၃၉) အနက်

ပဉ္စက္ခန္ဓေ၊ ၅·ပါးသော ခန္ဓာတို့ကို။ ဥပါယာသဓမ္မတော၊ ပင်ပန်းရခြင်း၏ အကြောင်းဟူ၍။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ ခန္တိံ၊ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅-ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနုပါယာသံ၊ ပင်ပန်းခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၄၀) ပဉ္စက္ခန္ဓေ သံကိလေသိကဓမ္မတော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အသံကိလိဋ္ဌံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

(၄၀) အနက်

ပဉ္စက္ခန္ဓေ၊ ၅·ပါးသော ခန္ဓာတို့ကို။ သံကိလေသိကဓမ္မတော၊ ညစ်ညူးခြင်း၏ အကြောင်းဟူ၍။ ပဿန္တော၊ မြင်သောသူသည်။ အနုလောမိကံ ခန္တိံ။ အနုလောမဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ၅·ပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အသံကိလိဋ္ဌံ၊ ညစ်ညူးခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

ဝိပဿနာ ၄၀-အနက် တပါး တပါးသော ဝိပဿနာ၏ ဆန့်ကျင်ဘက် နိဗ္ဗာန်ထင်၍ မဂ်ဝင်ပုံ-၄၀၊ နိဗ္ဗာန်ထင်ပုံ ၄၀။

ပဋိသမ္ဘိဒါမဂ် ဝိပဿနာကထာ ပြီး၏။

ပဋ္ဌိသမ္ဘိဒါမဂ် ယုဂနန္ဓကထာ

ဥဒ္ဒေသ အမေးအဖြေပါဠိ

ကထံ သမထဝိပဿနံ ယုဂနန္ဓံ ဘာဝေတိ။ သောဠသဟိ အာကာရေဟိ သမထဝိပဿနံ ယုဂနန္ဓံ ဘာဝေတိ။ အာရမ္မဏဋ္ဌေန ဂေါစရဋ္ဌေန ပဟာနဋ္ဌေန ပရိစ္စာဂဋ္ဌေန ဝုဋ္ဌာနဋ္ဌေန ဝိဝဋ္ဋနဋ္ဌေန သန္တဋ္ဌေန ပဏီတဋ္ဌေန ဝိမုတ္တဋ္ဌေန အနာသဝဋ္ဌေန တရဏဋ္ဌေန အနိမိတ္တဋ္ဌေန အပ္ပဏိဟိတဋ္ဌေန သုညတဋ္ဌေန ဧကရသဋ္ဌေန အနတိဝတ္တနဋ္ဌေန ယုဂနန္ဓဋ္ဌေန။

အနက်

ကထံ၊ အဘယ့်ကြောင့်။ သမထဝိပဿနံ၊ သမထဝိပဿနာကို။ ယုဂနန္ဓံ၊ အစုံ။ ဘာဝေတိ၊ ပွားသနည်း။ သောဠသဟိ အာကာရေဟိ၊ ၁၆-ပါးသော အခြင်းအရာ တို့ကြောင့်။ သမထဝိပဿနံ၊ သမထဝိပဿနာကို။ ယုဂနန္ဓံ၊ အစုံ။ ဘာဝေတိ၊ ပွား၏။ အာရမ္မဏဋ္ဌေန၊ အာရုံပြုသော အနက်ကြောင့်။ ဂေါစရဋ္ဌေန၊ အာရုံပြုသော အနက်ကြောင့်။ ပဟာနဋ္ဌေန၊ ပယ်သော အနက်ကြောင့်။ ပရိစ္စာဂဋ္ဌေန၊ စွန့်သောအနက်ကြောင့်။ ဝုဋ္ဌာနဋ္ဌေန၊ ထသောအနက်ကြောင့်။ ဝိဝဋ္ဋနဋ္ဌေန၊ ကင်းသောအနက်ကြောင့်။ သန္တဋ္ဌေန၊ ငြိမ်းသောအနက်ကြောင့်။ ပဏီတဋ္ဌေန၊ မြတ်သော အနက်ကြောင့်။ ဝိမုတ္တဋ္ဌေန၊ လွတ်သော အနက်ကြောင့်။ အနာသဝဋ္ဌေန၊ အာသဝေါကင်းသော အနက်ကြောင့်။ တရဏဋ္ဌေန၊ ကူးတက်သော အနက်ကြောင့်။ အနိမိတ္တဋ္ဌေန၊ နိမိတ်ကင်းသော အနက်ကြောင့်။ အပ္ပဏိဟိတဋ္ဌေန၊ တောင့်တခြင်း ကင်း

သော အနက်ကြောင့်။ သုညတဋ္ဌေန၊ ဆိတ်သော အနက်ကြောင့်။ ဧကရသဋ္ဌေန၊ ကိစ္စတူသော အနက်ကြောင့်။ အနတိဝတ္တနဋ္ဌေန၊ မလွန်သော အနက်ကြောင့်။ ယုဂနဒ္ဓဋ္ဌေန၊ အစုံတွဲသော အနက်ကြောင့်။

(၁) ပါဠိ

ကထံ အာရမ္မဏဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ။ ဥဒ္ဓစ္စံ ပဇဟတော စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓာရမ္မဏော။ အဝိဇ္ဇံ ပဇဟတော အနုပဿနဋ္ဌေန ဝိပဿနာ နိရောဓာရမ္မဏာ။ ဣတိ အာရမ္မဏဋ္ဌေန သမထ။ ဝိပဿနာ ဧကရသာ ဟောန္တိ။ ယုဂနဒ္ဓါ ဟောန္တိ။ အညမညံ နာတိဝတ္တန္တိ။ တေန ဝုစ္စတိ အာရမ္မဏဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီတိ။ပ။တဿ မဂ္ဂေါ သဉ္ဇာယတီတိ။

(၁) အနက်

ကထံ၊ အဘယ်သို့လျှင်။ အာရမ္မဏဋ္ဌေန၊ အာရုံပြုသော အနက်ကြောင့်။ သမထ ဝိပဿနံ၊ သမထ ဝိပဿနာကို။ ယုဂနဒ္ဓံ၊ အစုံ။ ဘာဝေတိ၊ ပွားသနည်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကို။ ပဇဟတော၊ စွန့်သောသူ၏။ စိတ္တဿ ဧကဂ္ဂတာ၊ စိတ်တည်သည်၏ အဖြစ်ကြောင့်။ အဝိက္ခေပေါ၊ မပျံ့လွင့်သော။ သမာဓိ၊ သမာဓိသည်။ နိရောဓာရမ္မဏော၊ ချုပ်သော အာရုံရှိ၏။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ ပဇဟတော၊ စွန့်သောသူ၏။ အနုပဿနဋ္ဌေန၊ ရှုသောအနက်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာသည်။ နိရောဓာရမ္မဏာ၊ ချုပ်သော အာရုံ ရှိ၏။ ဣတိ၊ ဤသို့။ အာရမ္မဏဋ္ဌေန၊ အာရုံ ပြုသော အနက်ကြောင့်။ သမထဝိပဿနာ၊ သမထ ဝိပဿနာ တို့သည်။ ဧကရသာ၊ တူသောကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယုဂနဒ္ဓါ၊ အစုံတွဲကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမညံ၊ အချင်းချင်း။ နာတိဝတ္တန္တိ၊ မလွန်ကုန်။ တေန၊ ထိုကြောင့်။ အာရမ္မဏဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီတိ၊ ဘာဝေတိ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ ။ပ။ တဿ၊ ထိုသူအား။ မဂ္ဂေါ၊ မဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်၏။

(၂) ပါဠိ

ကထံ ဂေါစရဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ။ ဥဒ္ဓစ္စံ ပဇဟတော စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓဂေါစရော။ အဝိဇ္ဇံ ပဇဟတော အနုပဿနဋ္ဌေန ဝိပဿနာ နိရောဓဂေါစရာ။ ဣတိ ဂေါစရဋ္ဌေန သမထဝိပဿနာ ဧကရသာ ဟောန္တိ။ ယုဂနဒ္ဓါ ဟောန္တိ။ အညမညံ နာတိဝတ္တန္တီတိ။ တေန ဝုစ္စတိ ဂေါစရဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီတိ ။ပ။ တဿ မဂ္ဂေါ သဉ္ဇာယတီတိ။

(၂) အနက်

ကထံ၊ အဘယ်သို့လျှင်။ ဂေါစရဋ္ဌေန၊ အာရုံပြုသော အနက်ကြောင့်။ သမထဝိပဿနံ၊ သမထဝိပဿနာကို။ ယုဂနဒ္ဓံ၊ အစုံ။ ဘာဝေတိ၊ ပွားသနည်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကို။ ပဇဟတော၊ စွန့်သောသူ၏။ စိတ္တဿ ဧကဂ္ဂတာ၊ စိတ်တည်သည်၏ အဖြစ်ကြောင့်။ အဝိက္ခေပေါ၊ မပျံ့လွင့်သော။ သမာဓိ၊ သမာဓိသည်။ နိရောဓဂေါစရော၊ ချုပ်သောအာရုံရှိ၏။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို၊ ပဇဟတော၊ စွန့်သောသူ၏။ အနုပဿနဋ္ဌေန၊ ရှုသော အနက်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာသည်။ နိရောဓဂေါစရာ၊ ချုပ်သောအာရုံရှိ၏။ ဣတိ၊ ဤသို့။ ဂေါစရဋ္ဌေန၊ အာရုံပြုသော အနက်ကြောင့်။ သမထဝိပဿနာ၊ သမထဝိပဿနာတို့သည်။ ဧကရသာ၊ တူသောကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယုဂနဒ္ဓါ၊ အစုံဘွဲ့တွဲ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမညံ၊ အချင်းချင်း။ နာတိဝတ္တန္တိ၊ မလွန်ကုန်။ တေန၊ ထို့ကြောင့်။ ဂေါစရဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီတိ၊ ဘာဝေတိ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ပ။တဿ၊ ထိုသူအား။ မဂ္ဂေါ၊ မဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်၏။

(၃) ပါဠိ

ကထံ ပဟာနဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ။ ဥဒ္ဓစ္စ [illegible] ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓဂေါစရော။ အဝိဇ္ဇာ-

သဟဂတ ကိလေသေဟိ စ ခန္ဓေဟိ စ ပဇဟတော အနုပဿနဋ္ဌေန ဝိပဿနာ နိရောဓဂေါစရာ။ ဣတိ ပဟာနဋ္ဌေန် သမထဝိပဿနာ ဧကရသာ ဟောန္တိ။ ယုဂနဒ္ဓာ ဟောန္တိ။ အညမညံ နာတိဝတ္တန္တိ။ တေန ဝုစ္စတိ ပဟာနဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီတိ ။ပ။ တဿ မဂ္ဂေါ သဉ္ဇာယတီတိ။

(၃) အနက်

